ကြေးမုံ
The Mirror
Established in 1957

၁၃၇၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၁ ရက်၊ အင်္ဂါနေ့ (25-2-2014) (၇၇၆၇)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကူဝိတ်အမျိုးသားနေ့သဝဏ်လွှာများပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၂၅

၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်တွင် ကျရောက်သော ကူဝိတ်နိုင်ငံ၏ အမျိုးသားနေ့အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ကူဝိတ်နိုင်ငံ ဘုရင် ရှိတ်ခ် ဆာဘား အယ်လ် အာမက် အယ်လ် ဂျာဘား အယ်လ် ဆာဘား ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အလားတူ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်တွင် ကျရောက်သော ကူဝိတ်နိုင်ငံ၏ အမျိုးသားနေ့အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ကူဝိတ်နိုင်ငံ ဝန်ကြီးချုပ် ရှိတ်ခ် ဂျာဘား မူဘာရက် အယ်လ် ဟာမက် အယ်လ် ဆာဘား ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအား နှစ်ဦးနှစ်ဖက်မျှတအောင် ရင်းနှီးမြှုပ်နှံနိုင်ရေး ဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၂၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံတကာရေးရာဌာန ဒုတိယဝန်ကြီး Mr. Ai Ping ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၉ နာရီခွဲတွင် နိုင်ငံတော်သမ္မတ အိမ်တော်ရှိ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ယင်းသို့တွေ့ဆုံစဉ် မြန်မာ-တရုတ်နှစ်နိုင်ငံအစိုးရချင်းသာမက ပြည်သူများပါ လက်တွေ့ကျသော ပူးပေါင်းဆောင်ရွက်မှုကဏ္ဍ တိုးမြှင့်အကောင်အထည်ဖော်နေမှု၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေးတည်ဆောက်နေမှု၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် ဖော်ဆောင်နေမှု၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအား နှစ်ဦးနှစ်ဖက်မျှတအောင် ရင်းနှီးမြှုပ်နှံနိုင်ရေးကြိုးပမ်းဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဦးအောင်ကြည်၊ ဦးစိုးသိန်း၊ ဒုတိယဝန်ကြီး ဦးသန့်ကျော်နှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး ဧည့်သည်တော် တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ နိုင်ငံတကာရေးရာဌာန ဒုတိယဝန်ကြီး ဦးဆောင်သောအဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီးနှင့် စစ်သံမှူးတို့လည်း တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ယနေ့ **မာတိကာ**

လူမှုဖူလုံရေးစီမံကိန်း — စာမျက်နှာ - ၂

ကိုးဆယ်ဆ သာလိမ့်မယ် — စာမျက်နှာ - ၆

လှျို့ဝှက်ထားသည့် ကေတီဟုမ်း၏ ချစ်ရေးချစ်ရာ — စာမျက်နှာ - ၁၂

ထိုင်း-မြန်မာချစ်ကြည်ရေး စက်ဘီးစီးပွဲတော်ဖွင့်ပွဲ ကျင်းပ — စာမျက်နှာ - ၁၃

သမိုင်းဝင် လှော်ကားရေလှောင်ကန် သက်တမ်း နှစ် (၁၁၀) ပြည့်ခဲ့ပြီ

သတင်းနှင့်ဓာတ်ပုံ - စောသိန်းဝင်း

ရန်ကုန်မြို့ သမိုင်းဝင်လှော်ကားရေလှောင်ကန်ကြီးသည် ကန်တော်ကြီးနှင့် အင်လျားရေလှောင်ကန်တို့မှ ရေအရည်အသွေးကျဆင်းလာပြီး ရေများညစ်ညမ်းလာသည့်နောက်ပိုင်း ရန်ကုန်မြို့ လူထုသို့ သောက်သုံးရေဖြန့်ဝေရန် မသင့်တော့သည့်အချိန်မှစပြီး ၁၉၀၄ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်မှ စတင်ကာ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် သမိုင်းဝင်လှော်ကား ရေလှောင်ကန်ကြီးမှ သောက်သုံးရေများကို ဆက်လက်ဖြန့်ဝေပေးခဲ့ရာ မျက်မှောက်ခေတ် ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်နေ့ ရောက်ရှိချိန်တွင် လှော်ကားရေလှောင်ကန်သည် သက်တမ်းနှစ်(၁၁၀)ပြည့်မြောက်ခဲ့ပြီဖြစ်သည့်အတွက် ရန်ကုန်မြို့တော်အတွင်း မှီတင်းနေထိုင်သော ပြည်သူများ အမှတ်တရဖြစ်စေသည့်နေ့ရက်ပင် မဟုတ်ပါလော။

မြန်မာဆိုရိုးစကားတွင် ရှေးပညာရှင်များက "ရေအသက်တစ်မနက်" ဟု ဆိုရိုးစကားများ ထားခဲ့ကြသည်။ ရေသည် သက်ရှိကမ္ဘာလောကကြီးအတွက် အသက်ရှင်သန်ဖွံ့ဖြိုးတိုးတက်စေရေး ပစ္စည်းအဖြစ် အရေးကြီးသော

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻

ကြေးမုံစာတည်းရှုထောင့် ၂၅-၂-၂၀၁၄၊ အင်္ဂါနေ့

လူမှုဖူလုံရေးစီမံကိန်း

ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြဋ္ဌာန်းပေးခဲ့သော လူမှုဖူလုံရေး ဥပဒေသစ်ကို ၂၀၁၄ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် စတင်အသက်ဝင် အကောင်အထည်ဖော် ဆောင်ရွက်တော့မည်ဖြစ်သည်။

လူမှုဖူလုံရေးနှင့်ပတ်သက်သည့် လုပ်ထုံးလုပ်နည်းများမှာ မူလကရှိပြီး ဖြစ်သော်လည်း ခေတ်စနစ်နှင့် လိုက်လျောညီထွေရှိစေရန်အတွက် ပြင်ဆင် ဖြည့်စွက်အသစ်ရေးဆွဲကာ ဆောင်ရွက်လိုက်ခြင်းဖြစ်သည်ကို တွေ့ရှိရပါသည်။ ဥပဒေသစ်အရ လူမှုဖူလုံရေး အာမခံထည့်ဝင်ကြေးနှုန်းထားများ တိုးမြှင့်သတ်မှတ်ထားသည်နှင့်အတူ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ငွေကြေးအကျိုးခံစားခွင့်များကိုလည်း တိုးမြှင့်ခံစားကြရမည်ဖြစ်သည်။

သို့အတွက် လူမှုဖူလုံရေးအဖွဲ့၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများသည် ခေတ်နှင့်ဆီလျော် လိုက်ဖက်စွာ တိုးမြှင့်ဆောင်ရွက်ပေးရပေလိမ့်မည်။ သို့မှသာ ဥပဒေနှင့်အညီ လူမှုဖူလုံရေးစီမံကိန်းအပေါ် အများပြည်သူတို့၏ ယုံကြည်ကိုးစားမှု အပြည့်အဝရရှိပေလိမ့်မည်။

တစ်ချိန်သောကာလက အလုပ်သမားဆေးရုံကြီးနှင့် မြို့နယ်အလိုက် လူမှုဖူလုံရေးအဖွဲ့ဆေးပေးခန်းများ ဖွင့်လှစ်ပေးကာ အလုပ်သမားများအတွက် လူမှုဖူလုံရေးအကျိုးခံစားခွင့်များနှင့် ကျန်းမာရေးစောင့်ရှောက်မှုများပေးခဲ့သည်မှာ အမှတ်ရစရာဖြစ်သည်။ သို့သော် အချိန်ကာလရွေ့လျားပြောင်းလဲလာမှုနှင့်အတူ ခေတ်စနစ်နှင့် မကိုက်ညီတော့သည့် လူမှုဖူလုံရေးစနစ်ဖြစ်လာသောကြောင့် ယခုကဲ့သို့ လူမှုဖူလုံရေးဥပဒေသစ်ကို ပြန်လည် အတည်ပြု ပြဋ္ဌာန်းကာ အလုပ်သမားများအကျိုးအတွက် ဆောက်ရွက်ပေးတော့မည်ဖြစ်၍ များစွာဝမ်းမြောက်ဝမ်းသာ ဖြစ်မိပါသည်။

လူမှုဖူလုံရေးဥပဒေသစ်တွင် အကျုံးဝင်အာမခံအလုပ်ဌာနများ တိုးချဲ့သတ်မှတ်ခြင်း၊ အကျိုးခံစားခွင့်များ တိုးမြှင့်ဆောင်ရွက်ပေးခြင်းတို့အပြင် အလုပ်သမားများ၏ ဆန္ဒအလျောက် လူမှုဖူလုံရေး အာမခံထားရှိနိုင်ခြင်းတို့ကြောင့် လက်ရှိတွင် အာမခံအလုပ်သမားဦးရေ ခြောက်သိန်းရှစ်သောင်းကျော်ရှိနေရာမှ များမကြာမီကာလအတွင်း အာမခံထားရှိသော အလုပ်သမား ၁၀ သိန်းခန့်အထိ ရောက်ရှိသွားမည်ဖြစ်၍ လူမှုဖူလုံရေးအကျိုးခံစားခွင့်များကို အလုပ်သမားများ ပိုမိုယုံကြည်ကိုးစားလာကြသည်ဟု ဆိုရမည်ဖြစ်သည်။

အရေးကြီးသောအချက်မှာ အာမခံထားရှိသော အလုပ်သမားများအား ကျန်းမာရေးစောင့်ရှောက်မှု ပေးကြရာ၌ လူမှုဖူလုံရေးဆေးရုံ၊ လူမှုဖူလုံရေးဆေးခန်းများရှိ ကျန်းမာရေးဝန်ထမ်းများ၏ အရည်အသွေး ပြည့်စုံရန်မှာ အထူးလိုအပ်ပေသည်။ ယင်းအတွက် ယနေ့ကာလတွင် လူမှုဖူလုံရေးအတွက် ဆေးဘက်ဆိုင်ရာဝန်ထမ်းများ စွမ်းရည်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲများကို ပြုလုပ်လျက်ရှိသဖြင့် လူမှုဖူလုံရေးအနာဂတ်အတွက် အားတက်မိပါသည်။

လူမှုဖူလုံရေးဆေးရုံ၊ ဆေးခန်းများမှ ဆရာဝန်၊ သူနာပြုများနှင့် ဆေးဘက်ဆိုင်ရာကျွမ်းကျင်ဝန်ထမ်းများ ကျန်းမာရေးစောင့်ရှောက်မှုအရည်အသွေး ပိုမိုတိုးတက်ရေးအတွက် ဂျပန်ပညာရှင်များက ဆေးဘက်ဆိုင်ရာ နည်းပညာများပို့ချခြင်း၊ ဆေးပစ္စည်းကိရိယာများ အသုံးပြုပုံစနစ် သင်ကြားပေးခြင်းတို့ကို ဆောင်ရွက်ပေးမည်ဟုသိရသည်။ ထို့အပြင် ဆေးရုံ ၊ဆေးခန်းများ အဆင့်မြှင့်တင်ခြင်း၊ ဆေးကုသခြင်းဆိုင်ရာ ကိရိယာများ၊ စမ်းသပ်စစ်ဆေးသည့် ကိရိယာများ တိုးချဲ့တပ်ဆင်ခြင်းလုပ်ငန်းများကို အဖွဲ့ပိုင်ငွေကြေးနှင့် ဝယ်ယူရန်စီစဉ်နေသည့်အပြင် ပြည်တွင်းပြည်ပအကူအညီများ ရယူဆောင်ရွက်သွားမည်ဟု သိရှိရပါသည်။

လက်ရှိတွင် အလုပ်သမားဆေးရုံကြီး သုံးရုံရှိပြီး ရှိပြီးသား ထန်းတပင် တီဘီရောဂါကု ဆေးရုံကြီးကို အထွေထွေရောဂါကု ဆေးရုံသစ်ကြီးအဖြစ် ပြောင်းလဲမြှင့်တင်ဆောင်ရွက်ပေးနေသည်ကိုလည်း ကြားသိရပါသည်။ ဆက်လက်၍လည်း အဖွဲ့ပိုင်ကျန်ရှိသည့်ဆေးရုံ၊ ဆေးခန်းများအားလုံးကိုလည်း ခေတ်စနစ်နှင့်၊ ဥပဒေနှင့်အညီ ပြန်လည်မြှင့်တင်ဖြည့်စွမ်းပေးမည်ဆိုပါက မြန်မာနိုင်ငံရှိအလုပ်သမားများအတွက် ဝမ်းသာပီတိဖြစ်စရာ အမှန်ပင်ဖြစ်သည်။

သို့ဖြစ်ရာ ပြဋ္ဌာန်းထားသော ဥပဒေသစ်နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်မည့်အစီအမံများအတိုင်း၊ ရရှိလာမည့် ထောက်ပံ့ဖြည့်ဆည်းပေးမှုများအတိုင်း ဆေးကုသမှုလုပ်ငန်းခွင်တွင် ပြန်လည်အသုံးချခြင်းဖြင့် အာမခံအလုပ်သမားများ၏ ကျန်းမာရေးစောင့်ရှောက်မှုများကို တိုးမြှင့်ဆောင်ရွက်နိုင်ကာ လူမှုဖူလုံရေးစီမံကိန်းသစ်ကြီးကို အများပြည်သူပိုမိုယုံကြည်ကိုးစားလာမည်ဖြစ်ပါသည်။ ။

ပုသိမ်မြို့ဒေသထုတ်ကုန်ပြပွဲနှင့် ဈေးကွက်ရရှိရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၄

ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်၊ တိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးလှခိုင်တို့သည် ယနေ့နံနက် ၉ နာရီတွင် ပုသိမ်မြို့ ပုသိမ်ဟိုတယ် မြက်ခင်းပြင်၌ ကျင်းပသော ဒေသထုတ်ကုန်ပြပွဲနှင့် ဈေးကွက်ရရှိရေး အလုပ်ရုံ ဆွေးနွေးပွဲသို့ တက်ရောက်ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဟိုတယ်မြက်ခင်းပြင်တွင် ခင်းကျင်းပြသထားသော ဒေသထုတ်ကုန်ပစ္စည်းပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။

အစီအစဉ်အရ ပုသိမ်ဟိုတယ် မင်္ဂလာခန်းမ၌ ဒေသထွက်ကုန်ပြပွဲနှင့် စားသုံးသူအကာအကွယ် ပေးရေးနှင့် ပတ်သက်၍ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က ကုန်သွယ်မှုကိုသိသာထင်ရှားစွာ ဖြေလျှော့ပေးသည့်အတွက် ယခင်တင်သွင်းခွင့် ကန့်သတ်ထားသည့် စားသုံးဆီ၊ စက်သုံးဆီ၊ မော်တော်ယာဉ်စသော ပစ္စည်းများအား မည်သူမဆို လွတ်လပ်စွာ တင်သွင်းခွင့်ရလာသည့်အတွက် ဈေးနှုန်းချိုသာစွာ ဝယ်ယူနိုင်သလို လူနေမှုအဆင့်လည်း မြင့်မားလာသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေးအတွက် သွင်းကုန်၊ ထုတ်ကုန်လိုင်စင်များ၏ လိုအပ်ချက်များအား လျှော့ချပေးပြီး တချို့ပစ္စည်းများအား လိုင်စင်မလိုဘဲ တင်သွင်းနိုင်၍ နေပြည်တော်၌သာမက ရန်ကုန်မြို့တွင်လည်း လိုင်စင်လျှောက်ထားနိုင်အောင် ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ကြောင်း၊ ထောက်ခံချက်များဖြင့် နယ်စပ်ကုန်သွယ်ရေးတွင် ကုမ္ပဏီမရှိဘဲ ကုန်သွယ်မှုပြုနိုင်ရန် ITC ကတ် ထုတ်ပေး၍ လွယ်ကူလျင်မြန်စွာ ကုန်သွယ်နိုင်ရန် ဆောင်ရွက်ပေးခဲ့ပြီးဖြစ်သလို ကုန်သွယ်မှု ပညာပေးရေးအတွက် ကုန်သွယ်မှုသင်တန်းကျောင်းTrading Institute ကိုလည်း တည်ထောင်ဖွင့်လှစ်ပေးပြီးဖြစ်ကြောင်း၊ ကုန်သွယ်မှုမြှင့်တင်ရေးသည် မိမိဝန်ကြီးဌာနပင်မလုပ်ငန်းဖြစ်သည်နှင့်အညီ ကုန်သွယ်မှုဆိုင်ရာအခြေခံနှင့် အဆင့်မြင့်သင်တန်းများ၊ ပြည်တွင်းပြည်ပ ပညာရှင်များ ဟောပြောဆွေးနွေးပွဲများကို အပတ်စဉ် ကျင်းပပေးခဲ့ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်နှင့်အဖွဲ့သည် ပုသိမ်မြို့ စက်မှုဇုန်ရှိ D-I-G အထည်ချုပ်စက်ရုံနှင့် HAKER အထည်ချုပ်စက်ရုံများသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာခင်စန်းရီသည် ယနေ့နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့စိန်ရတုခန်းမ၌ ယူနက်စကို-ဗန်ကောက်၏ညွှန်ကြားရေးမှူးဖြစ်သူ Mr.Gwang-Jo KIM နှင့် ယူနက်စကို-မြန်မာ၏ ဌာနမှူးဖြစ်သူ Mr.Sardar Umar Alam အားလည်းကောင်း၊ Open Society Foundation မှ Mr.Oleksandr Shtokvych အားလည်းကောင်း သီးခြားစီတွေ့ဆုံကာ ပညာရေးဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို အသေးစိတ်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ရန်ကုန် ရွှေဈေး	၆၈၅၉၀၀	- ၆၈၆၉၀၀
မန္တလေး ရွှေဈေး	၆၈၅၄၀၀	- ၆၈၆၄၀၀

စက်သုံးဆီဈေးနှုန်း

(က)	ဒီဇယ်	တစ်လီတာ	၉၅၀	ကျပ်
(ခ)	အောက်တိန်း95	တစ်လီတာ	၁၁၀၀	ကျပ်
(ဂ)	အောက်တိန်း92	တစ်လီတာ	၉၃၀	ကျပ်
(ဃ)	ခါတ်ဆီ	တစ်လီတာ	၈၁၄	ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	= ၉၈၆. ၀၀
(ခ)	ဥရောပ	တစ်ယူရို	= ၁၃၅၄. ၉
(ဂ)	စင်ကာပူ	တစ်ဒေါ်လာ	= ၇၇၇. ၂၇
(ဃ)	တရုတ်	တစ်ယွမ်	= ၁၆၁. ၈၇
(င)	ထိုင်း	တစ်ဘတ်	= ၃၀. ၂၁၈
(စ)	မလေးရှား	တစ်ရင်းဂစ်	= ၂၉၈. ၈၃
(ဆ)	အိန္ဒိယ	တစ်ရူပီး	= ၁၅. ၈၆၇
(ဇ)	ဂျပန်	တစ်ရာယန်း	= ၉၆၀. ၉၂
(ဈ)	တောင်ကိုရီးယား	တစ်ရာဝမ်	= ၉၁. ၅၂၁
(ည)	ဩစတြေးလျ	တစ်ဒေါ်လာ	= ၈၈၄. ၅၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း

နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များဆွေးနွေး

နေပြည်တော်　ဖေဖော်ဝါရီ　၂၄

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံတကာဆက်ဆံရေးဌာန ဒုတိယဝန်ကြီး H.E.Mr. Ai Ping ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော်နာယကနှင့်အတူ ပြည်သူ့လွှတ်တော်ကော်မတီ ဥက္ကဋ္ဌများ ဖြစ်ကြသော ဦးဌေးဦး၊ ဦးမောင်မောင်သိမ်း၊ ဦးသိန်းဇော်၊ ဦးသိန်းဆွေ၊ သူရဦးအောင်ကို၊ ဦးလှမြင့်ဦး၊ ဦးဌေးမြင့်၊ ကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ထွန်းနှင့် လွှတ်တော်ရုံးမှတာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီးလည်း တက်ရောက်သည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များအား တွေ့ဆုံဆွေးနွေးကြသည်။ **(သတင်းစဉ်)**

✻ သမိုင်းဝင်မှ

သဘာဝသယံဇာတ ဖြစ်ပါသည်။ ရန်ကုန်မြို့၌ မှီတင်းနေထိုင်လျက်ရှိကြသော ပြည်သူငါးသန်းကျော် လူမှုစီးပွားဘဝလုပ‌ရေးတွင် ရေသယံဇာတသည် အသက်သွေးကြောဖြစ်သည်။ မြတ်ဗုဒ္ဓ၏သမိုင်းတွင် ရောဟိနီမြစ်မှ ရေသယံဇာတကိုအကြောင်းပြုပြီး စစ်ဖြစ်မည့်အန္တရာယ်မှကယ်တင်ရန် ဗုဒ္ဓကိုယ်တော်တိုင် "ငြိမ်းချမ်းရေးတရား"ဟောကြားခဲ့သည့်အကြောင်းများ ရှိခဲ့ပါသည်။

ရန်ကုန်မြို့လူထုသို့ ကန်တော်ကြီးနှင့် အင်းလျားရေလှောင်ကန် နှစ်ကန်မှရေဖြန့်ဝေမှုပျက်သုဉ်းရပ်ဆိုင်းခဲ့ရသည့် အတိတ်သမိုင်းကိုပြန်ကောက်ရလျှင် မြို့လူထုအနေဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုနိယာမသဘောတရားများကို ပြည့်စုံစွာမသိသေးသောအချိန်၊ မြို့ပြမိလ္လာအညစ်အကြေးစွန့်ပစ်မှုခေတ်မမီသေးသောကာလ၊ ကန်ပတ်ဝန်းကျင်၌ လူနေထိုင်မှုတိုးပွားလာမှုတို့ကို ထိန်းချုပ်နိုင်စွမ်းအားနည်းမှုတို့အပေါ် စဉ်ဆက်မပြတ်တင်းကျပ်သောဥပဒေများ မဆောင်ရွက်နိုင်ခြင်းကြောင့် ကန်တော်ကြီးနှင့် အင်းလျားရေလှောင်ကန်ကြီးနှစ်ကန်သည် ၁၈၈၇ ခုနှစ် လူအများ မထိမဲ့မြင်ပြုမှုမှုဒဏ်များအောက်၌ ရေအရည်အသွေးများကျဆင်းပြီး ရေသယံဇာတများညစ်ညမ်း၍ စွန့်လွှတ်ခဲ့ရသည့် အတိတ်သင်ခန်းစာများကို ပြည်သူများသတိပြုသင့်သည်။ မျက်မှောက်ခေတ်အထိ ကျန်းမာကြံ့ခိုင်ပြီး ဆက်လက်တည်တံ့နေသော ရန်ကုန်မြို့သမိုင်းဝင်လှော်ကားရေလှောင်ကန်ပတ်ဝန်းကျင်တွင် ရေဝေရေလဲသစ်တောများစိမ်းလန်းစိုပြည်ရေးနှင့် ရေညစ်ညမ်းမှုမရှိအောင်မည်ကဲ့သို့ ထိန်းသိမ်းကာကွယ်ကြမလဲဆိုသည့်အချက်သည် ရန်ကုန်မြို့တွင်း မှီတင်းနေထိုင်သူအားလုံး ရေရှည်အတွက် စဉ်းစားသင့်သည်။

သမိုင်းဝင် လှော်ကားရေလှောင်ကန်သည် ဂျိုးဖြူရေလှောင်ကန်မှလွဲ၍ ၁၉၈၈ ခုနှစ်နောက်ပိုင်း တည်ဆောက်ဖွင့်လှစ်ခဲ့သော ဖူးကြီးရေလှောင်ကန်၊ ငမိုးရိပ်ရေသန့်စင်စက်ရုံနှင့် မင်္ဂလာဒုံတံခွန်တိုင်ရေလှောင်ကန်တို့မှပေးပို့သောရေများကိုစုစည်းပြီး လှော်ကားရေလှောင်ကန်အတွင်း ရောက်ရှိသောရေများအား ရန်ကုန်အရှေ့ပိုင်း၊ အနောက်ပိုင်း၊တောင်ပိုင်းနှင့် မြောက်ပိုင်းခရိုင်တို့ရှိ ပြည်သူများကို မြို့တွင်းထပ်ဆင့်ရေတွန်းစက်ရုံအကူအညီများ ရယူကာ နေ့စဉ်ရေပေးဝေနိုင်မှုတို့သည် သမိုင်းအစဉ်အလာကြီးမားပြီး မြို့ပြ၏ကောင်းမွန်သောပုံရိပ်သဖွယ် တည်ရှိနေသည့် လှော်ကားရေလှောင်ကန်ကို မြို့တော်နေပြည်သူများအနေဖြင့် ဂုဏ်ယူစွာဆက်လက်ထိန်းသိမ်းကာကွယ်ရမည်ဖြစ်သည်။

ရန်ကုန်မြို့လူမှုပတ်ဝန်းကျင် သမိုင်းတစ်လျှောက်တွင် ရေသယံဇာတကို သုံးစွဲကြရာတွင် နည်းလမ်းအမျိုးအစား ငါးမျိုးရှိသည့်အနက် ရန်ကုန်မြို့သည် လေးမျိုးကိုသာ အဓိကထားသုံးစွဲကြကြောင်း လေ့လာမှတ်သားမိသည်။

အမျိုးအစားငါးမျိုးတွင် ကျေးလက်ဒေသနေထိုင်မှု ၇၀ ရာခိုင်နှုန်းရှိသော တိုင်းဒေသကြီးများမှာ စိုက်ပျိုးရေး၊ နေအိမ်၊ စက်မှုလုပ်ငန်း၊ အပန်းဖြေမှုနှင့် သဘာဝပတ်ဝန်းကျင် စိမ်းလန်းရန်တို့အတွက် ရေကို အသုံးပြုပြီး ကျေးလက်နေထိုင်မှု ၃၀ ရာခိုင်နှုန်းနှင့် မြို့ပြနေထိုင်မှု ၇၀ရာခိုင်နှုန်းရှိသော ရန်ကုန်မြို့သည် စိုက်ပျိုးရေးအတွက် သုံးသည့် ရေသယံဇာတမှအပ နေအိမ်၊စက်မှုလုပ်ငန်း၊ အပန်းဖြေနှင့် မြို့ပြသဘာဝပတ်ဝန်းကျင် စိမ်းလန်းမှုအပါအဝင် ရေလေးမျိုးကိုသာ အဓိကထား သုံးစွဲမှုရှိသည်။

ရေချိုသည် ပြန်လည်ဖွံ့ဖြိုးမြဲ ရေသယံဇာတဖြစ်သည်။ သို့သော် ရန်ကုန်မြို့သည် အဆမတန်တိုးပွားနေသော မြို့ပြလူဦးရေကြောင့် သန့်ရှင်းလတ်ဆတ်သော ရေရရှိမှုသည် တဖြည်းဖြည်းကျဆင်းလာပြီး ရေသယံဇာတအပေါ် ကြီးမားသောစိတ်ဖိစီးမှု၊ စိန်ခေါ်မှု အခက်အခဲများရှိသော်လည်း ယခုအခါ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) အဖွဲ့တို့ နည်းလမ်းသစ်များရှာဖွေဖော်ထုတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နိုင်ငံတကာမြို့များ၏ အစိတ်အပိုင်းအတော်များများတွင် ရေသယံဇာတလိုအပ်မှုသည် ရေပေးဝေနိုင်မှုထက် ကျော်လွန်နေသည်ကို မြို့တော်နေပြည်သူများသိမည်ဖြစ်သည်။ရန်ကုန်မြို့၏ လက်ရှိ လူဦးရေတိုးနှုန်းအရ ရေသုံးစွဲမှုနှင့် ရေပေးဝေနိုင်မှု အချိုးမညီမှုသည် ရန်ကုန်မြို့၏ မြို့သစ်ဒေသများသို့ လာရောက်နေထိုင်သော ပြည်သူများသည် နေထိုင်မှုအရေအတွက် လျော့ကျမသွားဘဲ အချိန်နှင့်အမျှ တိုးပွားလာမှုတို့ကို လေ့လာကြည့်လျှင် ရေများလိုအပ်ချက်ကိုသိနိုင်သလို အနာဂတ်ရေရှားပါးမှုပြဿနာ မဖြစ်ပေါ်စေရေး ရန်ကုန်မြို့တော်တွင် မှီတင်းနေထိုင်သော ပြည်သူများပူးပေါင်းပါဝင်ခြင်းတို့သည် မျက်မှောက်ခေတ်သာမက အနာဂတ်တွင်လည်း လိုအပ်နေမည်ဖြစ်သည်။ ရေသယံဇာတအရင်းအမြစ်တန်ဖိုးသည် ဆက်လက်မြင့်မားနေဦးမည်ဖြစ်ကြောင်း တင်ပြရင်းသက်တမ်းရင့်ရော်ပြီး ရန်ကုန်မြို့၏ သမိုင်းဝင် လှော်ကားရေလှောင်ကန်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေးသည် ကန်ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနှင့် ရေညစ်ညမ်းမှုမဖြစ်ပေါ်စေရန်အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် အတူ ပြည်သူများ ဝိုင်းဝန်းထိန်းသိမ်းကြပါစို့။ ။

မုံရွာနှင့် ယင်းမာပင်ခရိုင်တို့ရှိ ပြည်သူ့ကိုယ်စားလှယ်များနှင့်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂၄

နိုင်ငံတော်အစိုးရအဖွဲ့ စီးပွားရေးရာကော်မတီ၏ ပို့ဆောင်ရေးနှင့် ဆောက်လုပ်ရေးဆပ်ကော်မတီဥက္ကဋ္ဌ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်သည် ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးဝင်းသန်းနှင့်အတူ ဖေဖော်ဝါရီ ၂၂ ရက် မွန်းလွဲပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မြို့တော်ခန်းမ၌ မုံရွာနှင့် ယင်းမာပင်ခရိုင်တို့ရှိ ပြည်သူ့ကိုယ်စားလှယ်များနှင့်တွေ့ဆုံပြီး နိုင်ငံတော်အစိုးရမှ ပြည်သူများ၏ လူမှုစီးပွားဘဝ အဘက်ဘက်မှဖွံ့ဖြိုးတိုးတက်ရေးအတွက် Delivery Unit အဖွဲ့ပေါင်း(၂၈)ဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး မိမိတို့ ပို့ဆောင်ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆပ်ကော်မတီအနေဖြင့် လုပ်ငန်းစဉ်(၉)ရပ် ဦးစားပေး(၂၆)ချက် သတ်မှတ်ပြဋ္ဌာန်း၍ ချက်ချင်းဆောင်ရွက်ပေးနိုင်သည့်ကိစ္စရပ်များ ချက်ချင်းဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း၊ မုံရွာနှင့် ယင်းမာပင်ခရိုင်တို့ရှိ ပြည်သူလူထုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းဆွေးနွေးတင်ပြကြရန် ပြောကြားသည်။

ဆက်လက်၍ ကော်မတီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးဝင်းသန်းက ဝန်ကြီးဌာနအနေဖြင့် ပြည်သူများ ဆက်သွယ်မှုအဆင်ပြေစေရေး မိုဘိုင်းတယ်လီဖုန်း၊ ဆက်သွယ်ရေးစာတိုက်၊ ဆက်သွယ်ရေးတာဝါတိုင်များ ဆောင်ရွက်ထားမှု၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့် တာဝန်ရှိသူများက တိုင်းဒေသကြီးအတွင်း ဆောင်ရွက်လျက်ရှိသောလုပ်ငန်းများကို ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ပြည်သူ့ကိုယ်စားလှယ်များက သိလိုသည်များမေးမြန်းရာ တာဝန်ရှိသူများက ပြန်လည် ရှင်းလင်းဖြေကြားခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ကူဝိတ်နိုင်ငံအမျိုးသားနေ့သဝဏ်လွှာပေးပို့

နေပြည်တော်　ဖေဖော်ဝါရီ　၂၅

၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်တွင် ကျရောက်သော ကူဝိတ်နိုင်ငံ၏ အမျိုးသားနေ့အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ကူဝိတ်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ရှိတ် ဆာဘား အယ်လ် ခါလစ် အယ်လ် ဟာမက် အယ်လ် ဆာဘားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ဘုရင့်နောင်တံတား အမှတ်(၂)တည်ဆောက်ရေးလုပ်ငန်း ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင် စစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၄

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်သည် ဖေဖော်ဝါရီ ၂၃ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဘုရင့်နောင်တံတားအမှတ်(၂) တည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်ပြီး ပင်မတံတားသံပေါင်တပ်ဆင်ရန် Temporary Support ဆောင်ရွက်နေမှု၊ ရေလယ်တိုင်များ Cross Beam ကွန်ကရစ်သွန်းလောင်းပြီးစီးမှု၊ ဘုရင့်နောင်ဘက်ကမ်း ချဉ်းကပ်လမ်း ကျောက်ခင်းနေမှု၊ ချဉ်းကပ်တံတားကတ္တရာကွန်ကရစ် (AC) ခင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် လှိုင်သာယာဘက်ကမ်း၌ချဉ်းကပ်လမ်းဆောင်ရွက်ပြီးစီးမှု၊ ကတ္တရာကွန်ကရစ် (AC) ခင်းကျင်းထားမှု၊ လူသွားလမ်းလက်ရန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် လှိုင်သာယာမြို့နယ်ရှိ အိမ်ရာစီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဖယ်ရှားခြင်းခံရသော ယူကရိန်းသမ္မတကို ဖမ်းဝရမ်းထုတ်

ကီယက်ဗ် ဖေဖော်ဝါရီ ၂၄

ယူကရိန်းအစိုးရသည် ဖယ်ရှားခြင်းခံခဲ့ရသော သမ္မတ ဗစ်တာယာနူကိုဗစ်ချ်ကို ဖမ်းဆီးရန်အတွက် ဖမ်းဝရမ်း ထုတ်လိုက်ပြီးဖြစ်ကြောင်း ကြားဖြတ်ပြည်ထဲရေးဝန်ကြီးက တနင်္လာနေ့တွင် ကြေညာခဲ့သည်။

ငြိမ်းချမ်းစွာဆန္ဒပြကြသော ပြည်သူများကို အစုအပြုံလိုက် သတ်ဖြတ်ခဲ့သည့်အတွက် ယာနူကိုဗစ်ချ်နှင့် အခြားတာဝန်ရှိသူများအား ရာဇဝတ်ကြောင်းအရ အမှုဖွင့်ထားကြောင်း အာဆင်အဗာကော့ဗ်က ဖေ့(စ်)ဘုတ်တွင် တင်ပြထားသည်။

ဥရောပသမဂ္ဂနှင့် စာချုပ်ချုပ်ဆိုရန် ငြင်းပယ်ခဲ့ရာမှ လနှင့်ချီသော လူထုဆန္ဒပြပွဲများ ပေါ်ပေါက်လာပြီးနောက် စနေနေ့တွင် လွှတ်တော်အမတ်များက မဲပေးဆုံးဖြတ်၍ ယာနူကိုဗစ်ချ်အား သမ္မတရာထူးမှ ထုတ်ပယ်ခဲ့သည်။

ဆန္ဒပြသူများကို အကြမ်းဖက်နှိမ်နင်းရာတွင် လွန်ခဲ့သည့်သီတင်းပတ်၌ ဒါဇင်ပေါင်းများစွာ သေဆုံးခဲ့ရသည်။ ယူကရိန်းနိုင်ငံ၏မဟာမိတ် ရုရှားနိုင်ငံက ပါလီမန်၏ဆုံးဖြတ်ချက်ကို ပြင်းထန်စွာရှုတ်ချခဲ့ပြီး ၎င်း၏ သံအမတ်ကို တိုင်ပင်ရန်အတွက် ပြန်လည်ခေါ်ယူခဲ့သည်။

ဥရောပသမဂ္ဂနှင့် ဆက်ဆံရန် ရွေးချယ်ခြင်းအား အသိအမှတ်ပြုမှုကို အခြေခံသော အိမ်နီးချင်းကောင်းပီသစွာနှင့် တန်းတူရည်တူဆက်ဆံရေးကို ရုရှားနိုင်ငံနှင့် ထူထောင်ရန် ယူကရိန်းနိုင်ငံက ဆန္ဒရှိကြောင်း အသစ်ခန့်အပ်လိုက်သော ကြားဖြတ်သမ္မတ အိုလက်ဇန္ဒြာတာချီကော့ဗ်က ပြောကြားခဲ့သည်။ **ဘီဘီစီ။**

ယူကရိန်းသမ္မတဟောင်း၏နေအိမ်၌ ဆန္ဒပြသူတစ်ဦး အီးယူအလံကိုင်၍ ဆန္ဒပြနေစဉ်။

အိမ်ဖော်အလုပ်သမများ ဆော်ဒီသို့စေလွှတ်မှု အင်ဒိုနီးရှားအစိုးရ ဆက်လက်ပိတ်ပင်မည်

ဂျကာတာ ဖေဖော်ဝါရီ ၂၄

အင်ဒိုနီးရှားနိုင်ငံသည် ဆော်ဒီအာရေဗျနိုင်ငံသို့ အိမ်ဖော်အလုပ်သမများစေလွှတ်မှုကို ဆက်လက်ပိတ်ပင်သွားမည်ဖြစ်ကြောင်း ပြည်သူ့အင်အားနှင့် ရွှေ့ပြောင်းလုပ်သားများဝန်ကြီးဌာနမှ အထက်တန်းတာဝန်ရှိသူတစ်ဦးက ဖေဖော်ဝါရီ ၂၄ ရက်တွင် ပြောကြားသည်။

ဆက်လက်ပိတ်ပင်

အင်ဒိုနီးရှားနှင့် ဆော်ဒီအာရေဗျနိုင်ငံတို့သည် ရွှေ့ပြောင်းလုပ်သားများဆိုင်ရာ သဘောတူညီချက်တစ်ရပ်ကို မကြာသေးမီက လက်မှတ်ရေးထိုးခဲ့ကြသော်လည်း အိမ်ဖော်အလုပ်သမများ စေလွှတ်မှုကို အင်ဒိုနီးရှားအစိုးရက ဆက်လက်ပိတ်ပင်ထားမည်ဖြစ်ကြောင်း အဆိုပါဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် အဗ္ဗဒူလ်ဝါဟက်က ပြောကြားသည်။

အင်ဒိုနီးရှားနှင့် ဆော်ဒီအာရေဗျအစိုးရအဖွဲ့များ၏ ပူးတွဲလုပ်ငန်းကော်မတီက အိမ်ဖော်အလုပ်သမများကိစ္စနှင့် ပတ်သက်၍ ဆက်လက်ဆွေးနွေးမည်ဖြစ်ပြီး ဆုံးဖြတ်ချက်တစ်စုံတစ်ရာ မရမချင်း အိမ်ဖော်အလုပ်သမများကို စေလွှတ်မည်မဟုတ်ကြောင်း ၎င်းက ပြောကြားသည်။

ရပ်ဆိုင်း

ဆော်ဒီအာရေဗျနိုင်ငံ၌ အိမ်ဖော်များ မတရားပြုမူဆက်ဆံခံရသောဖြစ်ရပ်များ ပေါ်ပေါက်ခဲ့ပြီးနောက် အင်ဒိုနီးရှားနိုင်ငံက ယင်းနိုင်ငံသို့ အိမ်ဖော်များစေလွှတ်ခြင်းကို ၂၀၁၁ ခုနှစ် ဩဂုတ်လမှစ၍ ရပ်ဆိုင်းထားခဲ့သည်။

ဆင်ဟွာ။

တောင်ကိုရီးယားနှင့် အမေရိကန်တပ်ဖွဲ့များ ပူးတွဲစစ်ရေးလေ့ကျင့်မှု စတင်ပြုလုပ်

ဆိုးလ် ဖေဖော်ဝါရီ ၂၄

ဆယ်စုနှစ်အချို့အတွင်း ကြုံတော့်ကြုံခဲ တောင်နှင့်မြောက်ကိုရီးယားနှစ်နိုင်ငံမှ ကွဲကွာနေသောမိသားစုဝင်များ ပြန်လည်ဆုံစည်းမှု ပြုလုပ်နေချိန်၌ တောင်ကိုရီးယားနှင့် အမေရိကန်တပ်ဖွဲ့များ၏ ပူးတွဲစစ်ရေးလေ့ကျင့်မှုကို ဖေဖော်ဝါရီ ၂၄ ရက်တွင် စတင်ကြောင်း ယနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

နှစ်စဉ်ပြုလုပ်သည့် ပူးတွဲစစ်ရေးလေ့ကျင့်မှုကို ဧပြီ ၁၈ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

ကွန်ပျူတာအခြေပြု သင်္ချာနက်တူ စစ်ရေးလေ့ကျင့်မှုများပြုလုပ်မည့် လင်းယုန်ငယ်ဟု အမည်ပေးထားသော ပူးတွဲစစ်ရေးလေ့ကျင့်မှု၌ ကြည်းတပ်၊ ရေတပ်နှင့် လေတပ်ဖွဲ့များ ပါဝင်လေ့ကျင့်ကြမည်ဖြစ်သည်။

ယင်းစစ်ရေးလေ့ကျင့်မှုကို လုပ်ဆောင်မည်ဆိုပါက နှစ်နိုင်ငံကွဲကွာမိသားစုများ ဆုံစည်းရေးအစီအစဉ်ကို ပယ်ဖျက်ပစ်မည်ဖြစ်ကြောင်း မြောက်ကိုရီးယားနိုင်ငံက ယခင်က ခြိမ်းခြောက်ခဲ့သေးသည်။

နှစ်နိုင်ငံ ပူးတွဲစစ်ရေးလေ့ကျင့်မှု၌ အမေရိကန်တပ်ဖွဲ့ဝင် အင်အား ၁၂၅၀၀ တို့ ပါဝင်ကြသည်။

အဆိုပါစစ်ရေးလေ့ကျင့်မှုသည် တောင်ကိုရီးယားနှင့် အမေရိကန်တို့က ကာကွယ်ရေးအတွက်သာ ရည်ရွယ်သည်ဟု ပြောဆိုခဲ့ကြပြီး မြောက်ကိုရီးယားနိုင်ငံကမူ စစ်ပွဲဆင်နွှဲရန် လေ့ကျင့်ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

တောင်ကိုရီးယားနှင့် အမေရိကန်တို့၏ ပူးတွဲစစ်ရေးလေ့ကျင့်မှုသည် ကိုရီးယားနှစ်နိုင်ငံအကြား ကာလရှည်စွာ တည်ရှိနေသော တင်းမာမှုများကို တစ်ရိပ်ရိပ်တိုးတက်စေကြောင်းနှင့် မြောက်ကိုရီးယားနိုင်ငံက တောင်ကိုရီးယားနှင့် အမေရိကန်ပစ်မှတ်များအား နျူကလီးယားလက်နက်များဖြင့် လက်ဦးမှုယူကာ တိုက်ခိုက်မည်ဖြစ်ကြောင်း ယမန်နှစ်အတွင်းတွင် မြောက်ကိုရီးယားက ခြိမ်းခြောက်ခဲ့သည်။ **ဘီဘီစီ။**

တောင်ကိုရီးယားနှင့် ပူးတွဲစစ်ရေးလေ့ကျင့်မှုတွင် ပါဝင်သော အမေရိကန်မရိန်းတပ်သားများကို တွေ့ရစဉ်။

နိုင်ငံရေးအကျပ်အတည်းတွင် မစွက်ဖက်ဟု ထိုင်းကြည်းတပ်ဦးစီးချုပ် ပြောကြား

ဗန်ကောက် ဖေဖော်ဝါရီ ၂၄

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ပေါက်ကွဲမှုတစ်ရပ် ဖြစ်ပွားမှုကြောင့် သေဆုံးသူသုံးယောက်အထိ တိုးမြင့်လာနေချိန်တွင် ထိုင်းစစ်ဘက်အနေဖြင့် ထိုင်းနိုင်ငံ၏ နိုင်ငံရေးအကျပ်အတည်း၌ အင်အားသုံးဝင်ရောက်စွက်ဖက်မည်မဟုတ်ကြောင်း ထိုင်းကြည်းတပ်ဦးစီးချုပ်က ပြောကြားသည်။

ယမန်နှစ် နိုဝင်ဘာလအတွင်းကတည်းက စတင်ခဲ့သော နိုင်ငံရေးအကျပ်အတည်းများကြောင့် ထိုင်းအစိုးရအား ဆန့်ကျင်ဆန္ဒပြမှုများမှသည် အကြမ်းဖက်တိုက်ခိုက်မှုများအထိ တိုး၍ဖြစ်ပွားလာသည်။

ဗန်ကောက်မြို့ရှိ စုဝေးဆန္ဒပြရာနေရာတစ်နေရာတွင် ဖေဖော်ဝါရီ ၂၃ရက်က လက်ပစ်ဗုံးတစ်လုံးပေါက်ကွဲခဲ့ရာ အမျိုးသမီးတစ်ဦးနှင့် လေးနှစ်အရွယ် ယောက်ျားကလေးတစ်ဦး သေဆုံးခဲ့သည်။

ဖေဖော်ဝါရီ ၂၃ရက်တွင် ဖြစ်ပွားခဲ့သော ယင်းပေါက်ကွဲမှုကြောင့် လူ ၂၂ဦး ထိခိုက်ဒဏ်ရာရခဲ့ပြီး ယင်းတို့အထဲမှ ကိုးနှစ်အရွယ်ယောက်ျားလေးတစ်ဦးအား အထူးကြပ်မတ်ကုသနေရသည်ဟုဆိုသည်။

ယင်းပေါက်ကွဲမှုများအား လုပ်ဆောင်သူများသည် နိုင်ငံရေးအကျိုးအမြတ် ရရှိရေးအတွက် အကြမ်းဖက်လုပ်ဆောင်သူများဖြစ်ကြောင်း ဝန်ကြီးချုပ် ယင်လပ်ရှင်နာဝပ်က ပြစ်တင်ဝေဖန်ခဲ့သည်။ **ဘီဘီစီ။**

တရုတ်ကမ်းခြေစောင့်တပ်ဖွဲ့က ဖိလစ်ပိုင် ငါးဖမ်းသမားများကို ရေပိုက်သုံး၍ မောင်းထုတ်ခဲ့ဟုဆို

မနီလာ ဖေဖော်ဝါရီ ၂၄

ပိုင်ဆိုင်မှုအငြင်းပွားလျက်ရှိသည့် ပင်လယ်ပြင်တွင် ငါးဖမ်းလျက်ရှိသော ဖိလစ်ပိုင်ငါးဖမ်းသမားများကို တရုတ်ကမ်းခြေစောင့်တပ်ဖွဲ့က မီးသတ်ပိုက်များအသုံးပြု၍ မောင်းထုတ်ခဲ့ကြောင်း ဖိလစ်ပိုင်စစ်ဘက်အကြီးအကဲက တနင်္လာနေ့တွင် စွပ်စွဲလိုက်သည်။

မဟာဗျူဟာအရအရေးပါသော တောင်တရုတ်ပင်လယ်အတွင်း ပိုင်ဆိုင်အငြင်းပွားနေသော စကာဗိုရပ်သောင်စွယ်အနီး၌ တရုတ်သင်္ဘောများက ဇန်နဝါရီ ၂၇ ရက်နေ့တွင် ယင်းကဲ့သို့လုပ်ဆောင်ခဲ့ကြခြင်းဖြစ်သည်ဟု ဗိုလ်ချုပ်ကြီး အီမာနူရဲယ် ဆာအူတစ္စတာက ဖိလစ်ပိုင်နိုင်ငံခြားသတင်းထောက်များအသင်းဖိုရမ်တွင် ပြောကြားခဲ့သည်။

ဖိလစ်ပီနိုငါးဖမ်းသမားများ ဒဏ်ရာရရှိခြင်းရှိ၊ မရှိကိုမူပြောကြားခြင်းမပြုပေ။ သို့သော် လက်နက်ကိုင်ဆောင်ထားသည့် တရုတ်ကမ်းခြေစောင့် သင်္ဘောတစ်စင်းနှင့် အခြားသင်္ဘောများမှာ ဆက်လက်ရှိနေဆဲဖြစ်ကြောင်း ထပ်ဆင့်ပြောကြားခဲ့သည်။

တရုတ်သံရုံးပြောရေးဆိုခွင့်ရှိသူကို ဆက်သွယ်ရာတွင် ဆက်သွယ်၍မရကြောင်း အေအက်ဖ်ပီကပြောကြားသည်။

စကာဗိုရပ်သောင်စွယ်သည် ဖိလစ်ပိုင်နိုင်ငံ လူဇွန်ကျွန်းမှ ၂၂၀ ကီလိုမီတာ(၁၃၅ မိုင်)ဝေး၍ တရုတ်နိုင်ငံ၏ အနီးဆုံးကုန်းမြေ ဟိုင်နန်ကျွန်းမှ ကီလိုမီတာ ၆၅၀ ခန့်ဝေးကွာသည်။

တရုတ်နိုင်ငံက အိမ်နီးချင်းနိုင်ငံများအနီးမှ ရေပြင်များအပါအဝင် တောင်တရုတ်ပင်လယ်အများစုကို ပိုင်ဆိုင်ကြောင်း ကြေညာပြီး စကာဗိုရပ်ကိုသိမ်းယူထားခြင်းဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံနှင့်အတူ ဘရူနိုင်း၊ မလေးရှား၊ တိုင်ပေ(တရုတ်)နှင့် ဗီယက်နမ်နိုင်ငံတို့ကလည်း တောင်တရုတ်ပင်လယ်အတွင်း၌ ၎င်းတို့ရေပိုင်နက်များကို အပြိုင်အဆိုင်ကြေညာခဲ့ကြပြီး ၎င်းတို့အကြား ဆယ်စုနှစ်များကြာသည်အထိ တင်းမာမှုများဖြစ်ပေါ်ရခြင်း၏ အကြောင်းရင်းဖြစ်သည်။ **အေအက်ဖ်ပီ။**

ဖိလစ်ပိုင် ငါးဖမ်းသင်္ဘောများကို တွေ့ရစဉ်။

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ကြီးမှူးကျင်းပသော ပြည်သူလူထုအခြေပြု ရွေ့လျားကျန်းမာရေးဆေးခန်းဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၂၄

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသည် ၂၀၁၀ ခုနှစ်မှစ၍ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ကျေးရွာများသို့ကွင်းဆင်းကာ ပြည်သူလူထုအခြေပြု ရွေ့လျားကျန်းမာရေးဆေးခန်းကို ဖွင့်လှစ်၍ ကျန်းမာရေးပညာပေးဟောပြောခြင်း၊ ကိုယ်ဝန်ဆောင်နှင့်သက်ကြီးရွယ်အိုများအား ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပံ့ပိုးပစ္စည်းများလှူဒါန်းခြင်း၊ မျက်စိနှင့်သွားကျန်းမာရေး စောင့်ရှောက်မှုပေးခြင်းတို့ကို တစ်လတစ်ကြိမ်ပုံမှန်ဆောင်ရွက်လျက်ရှိသည်။

ဖေဖော်ဝါရီ ၂၂ ရက်က နေပြည်တော်လယ်ဝေးမြို့နယ်ရေကာကျေးရွာသို့သွားရောက်ကာ ရွေ့လျားကျန်းမာရေးဆေးခန်းကို ဆောင်ရွက်ခဲ့ပြီး **(အပေါ်ပုံ)**အဆိုပါဆောင်ရွက်မှုတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူးနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ နေပြည်တော် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီ ကျန်းမာရေးဦးစီးဌာနမှူးနှင့် ဆရာဝန်များ၊ ဒက္ခိဏခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လယ်ဝေးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခုတင်(၁၀၀၀) နေပြည် တော်ပြည်သူ့ဆေးရုံကြီးမှ သွားဘက်ဆိုင်ရာ အထူးကုဆရာဝန်ကြီးအဖွဲ့၊ ခုတင်(၃၀၀) အငြိမ်းစားနိုင်ငံ့ဝန်ထမ်းမှ မျက်စိအထူးကုဆရာဝန်ကြီးအဖွဲ့၊ လယ်ဝေးမြို့နယ် ခုတင်(၁၀၀)ဆေးရုံမှဆေးရုံအုပ်ကြီးနှင့် ဆရာဝန်များ၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း မေတ္တာစမ်းရေဆေးခန်းမှ တာဝန်ခံဆရာဝန်ကြီးနှင့်ဆရာဝန်များ ပါဝင်ခဲ့ကြသည်။

ကျန်းမာရေး အသိပညာပေးအခမ်းအနားတွင် ရှေးဦးစွာ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါ်သဇင်နွယ်က အဖွင့်အမှာစကားပြောကြားပြီး မေတ္တာစမ်းရေဆေးခန်းတာဝန်ခံ ဆရာဝန်ကြီး ဒေါက်တာစမ်းစမ်းလှိုင်က "ရွေ့လျားကျန်းမာရေးဆေးခန်း ဖွင့်လှစ်ရခြင်းအကြောင်း၊" ဒေါက်တာမျိုးမင်းဦးက "ကိုယ်ဝန်ဆောင်စနစ်တကျ စောင့်ရှောက်မှုခံယူရန် အရေးပါမှုနှင့်သားဆက်ခြားခြင်းအကြောင်း" ကို ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များသည် အဘိုးအဘွားများကို အားဆေးနှင့် အာဟာရများကို လည်းကောင်း၊ ကိုယ်ဝန်ဆောင်မိခင်များကို တစ်ခါသုံးမွေးအိတ်၊ အိုင်အိုဒင်းဆားနှင့် အာဟာရဖြစ်စေသော အစားအစာများကိုလည်းကောင်း ထောက်ပံ့ပေးအပ်ပြီး ရေကာကျေးရွာ အမေ့အိမ်စာကြည့်တိုက်အတွက် မေတ္တာစမ်းရေမဂ္ဂဇင်းစာအုပ်များ လှူဒါန်းခဲ့သည်။ ယင်းနောက် ကိုယ်ဝန်ဆောင်များကို ကိုယ်ဝန်ဆောင်စောင့်ရှောက်မှုပေးခြင်း၊ သက်ကြီးရွယ်အိုဘိုးဘွားများကို ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်ပေးခြင်း၊ မျက်စိလူနာများကို ကြည့်ရှုစစ်ဆေးပေးခြင်း၊ သွားနှင့်ခံတွင်းလူနာများကို ကုသမှုပေးခြင်း၊ အထွေထွေလူနာများကို ကြည့်ရှုစစ်ဆေးပေးခြင်း၊ ညွှန်းပို့ရန်လိုအပ်သောလူနာများကို နီးစပ်ရာကျန်းမာရေးဌာနသို့ ညွှန်းပို့ခြင်းနှင့် ချို့တဲ့လူနာများကို ထောက်ပံ့ခြင်းများ ပြုလုပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ သံဃဝိနိစ္ဆယဖြင့် ဆုံးဖြတ်ထားရှိသည့် ကျူးကျော်ဘုန်းကြီးကျောင်းများအား ဝိနည်းဓမ္မကံအဓိကရုဏ်းမှုခင်းများ

ဖြေရှင်းဆုံးဖြတ်ချက်များကို ကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ ၇/၁၁ ဖြင့် အရေးယူဆောင်ရွက်လျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၂၄

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်၊ ဇမ္ဗူသီရိမြို့နယ်၊ ဥတ္တရသီရိမြို့နယ်များတွင်ရှိ သစ်တောကြိုးဝိုင်းအတွင်း ကျူးကျော်ဘုန်းကြီးကျောင်းများအား နေပြည်တော်သာသနာရေးမှူး၊ မြို့နယ်သစ်တောဦးစီးမှူးနှင့် တာဝန်ရှိသူများက ၁၀-၆-၂၀၁၂ ရက်တွင် မြေပြင်ကွင်းဆင်းစစ်ဆေးခဲ့ရာ ကျူးကျော်ဘုန်းကြီးကျောင်း ၃၇ ကျောင်း စိစစ်တွေ့ရှိရပြီး ၎င်းကျောင်းများရှိ သံဃာတော်များသည် သာသနာ့ဝင်မှတ်တမ်းမရှိခြင်း၊ သက်ဆိုင်ရာသံဃနာယကအဖွဲ့ အဆင့်ဆင့်၏ ခွင့်ပြုချက်မရှိခြင်း၊ တရားဝင်ဆောက်လုပ်ရန် ခွင့်ပြုချက်များ မရှိခြင်းတို့ကြောင့် တာဝန်ရှိသူများမှ ကျူးကျော်ဘုန်းကြီးကျောင်းများရှိ သံဃာတော်များ ပင့်ဖိတ်၍ ဆွေးနွေးမှုများပြုလုပ်ကာ လိုအပ်သည့် အုပ်ချုပ်မှုကိစ္စရပ်များ ကူညီပံ့ပိုးဆက်ကပ်ခဲ့သဖြင့် ၃-၇-၂၀၁၂ ရက်တွင် ကျူးကျော်ကျောင်း ၁၃ ကျောင်းမှာ ထွက်ခွာသွားခဲ့သည်။

ကျန်ရှိသည့် ကျူးကျော် ၂၄ ကျောင်းနှင့်ပတ်သက်၍ မြို့နယ်သံဃနာယက ဥက္ကဋ္ဌဆရာတော်များ၊ နေပြည်တော်သာသနာရေးမှူး၊ မြို့နယ် အုပ်ချုပ်ရေးမှူးများဖြင့် ထပ်မံညှိနှိုင်းရာ ကျန်ရှိကျူးကျော်ကျောင်းများက လက်မခံသဖြင့် ဆရာတော်များအား သက်ဆိုင်ရာ သံဃနာယကအဖွဲ့အစည်းအဆင့်ဆင့်များက ပထမအကြိမ်၊ ဒုတိယအကြိမ် သတိပေးခြင်းများ ဆောင်ရွက်ခဲ့သော်လည်း လိုက်နာမှုမရှိသဖြင့် နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့သို့ ဆက်လက်တင်ပြခဲ့သည်။

၂၈-၇-၂၀၁၂ ရက်တွင် ကျင်းပသော ဆဋ္ဌမအကြိမ်မြောက် နိုင်ငံတော်သံဃနာယကအဖွဲ့(၄၇)ပါးစုံညီ သတ္တရသမအစည်းအဝေးတွင် **"နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ကျူးကျော်ဆောက်လုပ်ထားသော ဘုန်းကြီးကျောင်းများနှင့်ပတ်သက်၍ စိစစ်ရေးအဖွဲ့မှ တင်ပြလာခြင်းအပေါ် ကျူးကျော်ကျောင်း(၂၄)ကျောင်းကို ဘုန်းကြီးကျောင်းအဖြစ် အသိအမှတ်မပြုရန်"** ဆုံးဖြတ်ခဲ့သည်။ ထပ်မံ၍ တိုင်းဒေသကြီးသံဃနာယကအဖွဲ့ကလည်း နိုင်ငံတော် သံဃ နာယကအဖွဲ့၏ စိစစ်ဆောင်ရွက်ခဲ့မှုကို ပြန်လည်တင်ပြခဲ့ရာ ၃၀-၁၂-၂၀၁၃ ရက်တွင် နိုင်ငံတော်သံဃနာယကအဖွဲ့က ထပ်မံအတည်ပြုကာ ကျူးကျော်ကျောင်း ၂၄ ကျောင်းအဖြစ် ဒုတိယအကြိမ် သတ်မှတ်ဆုံးဖြတ်ခဲ့ပြီး ဆက်လက်ဆောင်ရွက်ရန် ညွှန်ကြားခဲ့သည်။

နေပြည်တော်သံဃနာယကအဖွဲ့ကလည်း ကျူးကျော်ကျောင်း ၂၄ ကျောင်းအား ဘုန်းကြီးကျောင်းအဖြစ် အသိအမှတ်မပြုရန် ဆုံးဖြတ်ချက်ချထားပြီးဖြစ်သောကြောင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ညွှန်ကြားလွှာအမှတ်(၇၅)ဖြင့် အရေးယူခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်ရန် ထပ်မံအကြောင်းကြားလာခဲ့သဖြင့် နေပြည်တော်သာသနာရေးမှူးက ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ချက်များကို ကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ ၇/၁၁ ဖြင့် အရေးယူဆောင်ရွက်နိုင်ရေး ၂၀-၂-၂၀၁၄ ရက်တွင် သက်ဆိုင်ရာမြို့နယ်တရားရုံးများ၌ ဦးတိုက်လျှောက်ထားဆောင်ရွက်လျက်ရှိကြောင်း နေပြည်တော်ကောင်စီမှသတင်းရရှိသည်။

(သတင်းစဉ်)







ကိုးဆယ်ဆသာလိမ့်မယ်

တက္ကသိုလ်တင်ခ

ဆရာဗိုလ်ကလေးတင့်အောင်၏ အသက်(၉၀)ပြည့် မွေးနေ့အထိမ်းအမှတ် ဂီတပြဇာတ်ပဒေသာကပွဲကို မြို့မ ကျောင်းလမ်းရှိ အမျိုးသားကဇာတ်ရုံတွင်ကြိုတင် စမ်းသပ်လေ့ကျင့်ကပြသည့်ပွဲကို ၁၀-၅-၂၀၁၂(သောကြာနေ့)က ကပြခဲ့သည်။ ကျွန်တော့်အနေဖြင့် တာဝန်အရ ရောခင်မင်ရင်းနှီးစွာ တက်ရောက်အားပေးကြည့်ရှုခဲ့ရာ ပွဲဦးအစတွင်ပင် Sky Net မှ လူငယ်တစ်ဦးက ဆရာဗိုလ်ကလေးတင့်အောင်မွေးနေ့အကြို ဂုဏ်ပြုနှုတ်ဆက်စကားပြောကြားပေးရန် ပန်ကြားလာသဖြင့် ဤသို့ပြောခဲ့သည်။

"ကျွန်တော်ဟာ ဆရာတို့ညီအစ်ကိုဗိုလ်ကလေးတင့်အောင်နှင့် ဂီတလုလင်မောင်ကိုကိုတို့နှစ်ဦးကို ကြည်ညိုလေးစားတန်ဖိုးထားပါကြောင်း၊ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းဆင်း ပဒေသာကပွဲတိုင်းမှာ တေးဂီတသီချင်းပြဇာတ် ပဒေသာကပွဲအမျိုးမျိုးကို မရိုးနိုင်အောင် စွမ်းဆောင်ကူညီအားပေးခဲ့ပါကြောင်း၊ ဂီတလုလင်ဦးကိုကိုက ကျောင်းဆင်းပွဲအတွက် သီချင်းစာသား ဂီတသံစဉ်သွင်းပေးခြင်း၊ ကျောင်းဆင်းပွဲပြဇာတ်၊ ရုက္ခစိုးယိမ်းအကတို့ကို ဗိုလ်ကလေးဦးတင့်အောင်စီစဉ်ပြသ ညွှန်ပြပေးခြင်း စသည်ဖြင့် စာပေဂီတကျေးဇူးများပြုခဲ့သူများဖြစ်ကြောင်း၊ ယနေ့ မြန်မာစာပေဂီတလောကတွင် မော်ကွန်းတင်စရာများစွာ တွင်ကျန်ရစ်မှာမို့ ဆရာဗိုလ်ကလေးတင့်အောင် အသက်(၉၀)ပြည့်မွေးနေ့ကို "ကိုးဆယ်ဆသာလိမ့်မယ်" ဟု ထပ်လောင်းဂုဏ်ပြုမော်ကွန်းတင်လိုပါကြောင်း။

စာပေ၊ ဂီတပညာရှင်ဂန္ထဝင်ပုဂ္ဂိုလ်ကျော် ဗိုလ်ကလေးတင့်အောင်၏ဂန္ထဝင်(၂) တေးသီချင်းများ

ဂီတဝက်ပါ၊ ဂီတအခြေခံ၊ (အဆို)စောင်းအိုလုလင်ဆုတောင်း၊ မျက်ဝန်းလဲ့ပြာပြာ၊ ပိတောက်ချစ်သူ၊ မွှေးလွန်းသည့်ပန်း၊ စကားဝါမြေ၊ ရေခပ်ဆင်းချိန်၊ ပန်းတံတား။

ဂီတနှင့်ပတ်သက်လာလျှင် ဆရာကြီးဗိုလ်ကလေးတင့်အောင်သည် ငယ်စဉ်ကလေးဘဝမှပင် ဂီတဝါသနာထုံပြီး ဂီတာတီး၊ မယ်ဒလင်တီးပြီးသီချင်းများကို ကိုယ်တိုင်ရေး ကိုယ်တိုင်ဆိုခဲ့သည်။ "ယုဝ"တူရိယာအဖွဲ့တည်ထောင်ပြီး ခေါင်းဆောင်နိုင်ခဲ့သည်။

ဆရာရင်းဖြစ်သူ ဒဂုန်ဆရာတင်၏ လမ်းညွှန်သင်ပြမှုဖြင့် ပြဇာတ်ဆရာ၊ စာရေးဆရာဘဝဖြင့် ရန်ကုန်မြို့ ဝင်းဝင်းရုံတွင် ပြဇာတ်ပေါင်း ၅၀ ခန့် ရေးသားတင်ဆက်ကပြနိုင်ခဲ့သည်။

ရုပ်ရှင်လောက၌ ဒါရိုက်တာအဖြစ် ရုပ်ရှင်ဇာတ်ကား ၁၂ ကား၊ ရုပ်ရှင်ဇာတ်ညွှန်းပေါင်း ၂၂ ကားရေးသားသည့်အပြင် သီချင်းပေါင်းများစွာရေးသားခဲ့သည်။ ပြဇာတ်စာအုပ်များကိုလည်း ပုံနှိပ်ထုတ်ဝေခဲ့သည်။

စာပေ၊ ဂီတ၊ ရုပ်ရှင်၊ သဘင် စသည့် အနုပညာဆိုင်ရာ စွယ်စုံရဂီတစာဆိုစာပေအနုပညာရှင်တစ်ဦးဖြစ်သည်။ နိုင်ငံတော်မှ ကိုးကွယ်ဂုဏ်ပြုသည့် စာဆိုတော်နေ့ကြီးများတွင် ဂုဏ်ပြုကန်တော့ခံ ပါရမီရှင်ကြီးတစ်ဦးဖြစ်ပေသည်။ ထို့အတူ ရုပ်ရှင်၊ သဘင်၊ ဂီတပညာရှင်ကန်တော့ခံထူးခြားစွာ စွယ်စုံပညာရှင်ကြီးတစ်ဦးအဖြစ် မော်ကွန်းတင်ထိုက်သည်။ ပုဂ္ဂိုလ်ကြီး၏ ဆယ်နှစ်ပြည့်သက်တမ်းကာလတွင် "ကိုးဆယ်ဆသာလိမ့်မယ်" ဟု မော်ကွန်းဇာတ်လမ်းတစ်ပုဒ်ပေါ်တွင် မှတ်တမ်းပြုထိုက်လှပေသည်။

အမျိုးသားစာပေဆုရှင် ဗိုလ်ကလေးတင့်အောင်

ဂီတ၊ သဘင်၊ ရုပ်ရှင်အခြေခံဖြစ်သော စာပေသဘောကို စိစ်ကြောဝေဖန်ရေးသားနိုင်သူဖြစ်သည်။ ၁၉၅၈ ခုနှစ်တွင် စတင်ရေးသားခဲ့သော "မြတ်မွန်ရတနာ" ပြဇာတ်စာအုပ်ကို စာပေဗိမာန်မှထုတ်ဝေခဲ့သည်။ ပြဇာတ်ပေါင်း ၅၀ ကျော်ရေးသားခဲ့သော ဗိုလ်ကလေးတင့်အောင်သည် ရှားပါးသောပြဇာတ်စာပေတစ်အုပ် ရေးထုတ်နိုင်ခဲ့သည်။

၁၉၈၀ ခုနှစ်မှ ၁၉၈၂ ခုနှစ်အထိ ဂီတပဒေသာမဂ္ဂဇင်း၌ "ပန်းဝက်ပါ"ဆောင်းပါးများရေးသားခဲ့ပြီး စာအုပ်အဖြစ် စုစည်းထုတ်ဝေခဲ့ရာ ထိုစာအုပ်ဖြင့်အမျိုးသားစာပေဆု ၁၉၉၆ ခုနှစ်တွင်ရရှိခဲ့သည်။

ဆရာဗိုလ်ကလေးတင့်အောင်သည် ပြဇာတ်ပေါင်း ၅၀ ကျော်ရေးသားကပြခဲ့သည်။ မြတ်မွန်ရတနာပြဇာတ်စာပေကို ထုတ်ဝေခဲ့သည်။ မဟောသီမဂ္ဂဇင်းတွင် ပန်းဝက်ပါ ပဒေသာဇာတ်လမ်းများ၊ ဆောင်းပါးရှည်များရေးသားခဲ့သည်။

"လှည်းတန်းကိုတင့်"အမည်ဖြင့် ကဗျာရေးသားခဲ့သည့် ၁၉၂၂ ခုနှစ်မှ ၁၉၃၁ ခုနှစ်အထိ၊ ၁၉၃၁ ခုနှစ်မှ ၁၉၄၁ ခုနှစ်အထိ၊ ၁၉၄၁ ခုနှစ်မှ ၁၉၅၁ ခုနှစ်အထိ ဆယ်စုခေတ်သုံးခေတ်ကို နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်းတွင် ရေးသားလျက်ရှိနေပေသည်။ အမျိုးသားစာပေဆုရှင်ဖြစ်သည့်အပြင် မြန်မာ့စာပေလောကတွင် တစ်ခေတ်တစ်ယောက် ထွန်းထွန်းပေါက်ပေါက် ပြောင်ပြောင်မြောက်မြောက် မော်ကွန်းအသစ်တင်လိုပေသည်။

နိုင်ငံတော်မှ လူမှုထူးချွန်ပထမဆင့်၊ စည်သူဘွဲ့ထူးကို ဆွတ်ခူးရရှိထားပြီးဖြစ်ပေသည်။ ကျွန်တော့်အနေဖြင့် ထပ်ဆင့်ပြီး စည်သူဗိုလ်ကလေးတင့်အောင်အား အသက်(၉၀)ပြည့်မွေးနေ့တွင် "ကိုးဆယ်ဆသာလိမ့်မယ်" ဟု ဂုဏ်ပြုမော်ကွန်းတင်လိုပေသည်။

ငယ်ကျွမ်းဆွေမှသည် ချစ်လွန်းလို့

ပြဇာတ်ဆရာကြီး ဒဂုန်တာရာ၏ အမည်ပေးရေးစေခဲ့သော ဗိုလ်ကလေးတင့်အောင်ပြဇာတ်လက်ရာမွန်မှာ ငါးဆယ်ကျော်ခဲ့ပါသည်။ ငယ်ကျွမ်းဆွေအပါအဝင် ထိုက်သူတန်သူ၊ ချစ်လင်းရောင်ခြည်၊ မြင့်သူမြတ်သူ၊ မေတ္တာရေလျှဉ်၊ မွေးမေမေ၊ ဝါကျွတ်ပေ့ါသက်ဝေ၊ လင်းလုလုရောင်နီ၊ လာလာလေလိုက်ခဲ့တော့၊ မြေပဒေသာ၊ ရွှေရုံရွှေနွယ်၊ သံသာလေကမ်းတိုင်၊ ခိုင်းတော့သက်ဝေ၊ အသက်၊ ပြန်လည်ဆုံတွေ့ကြသည့်တိုင်၊ မျှော်လင့်ခုတိုင်၊ နှောင်းချစ်ပဲ့တင်၊ဝါကျွတ်ပြီဆိုမှဖြင့်၊ နှောင်ကြိုးကို ငင်ပဲ့မယ်လေ၊ ချစ်အမြုတေ၊ နှင်းဝေဝေ၊ ချစ်မိုးချစ်မြေ၊ ရွှေလမ်းငွေလမ်းစသည်ဖြင့် ပြဇာတ် ၅၀ ကျော် ရေးသားတင်ဆက်ခဲ့သည်။ ၁၉၅၄ ခုနှစ်တွင် ဝင်းဝင်းရုံ၌ပြသခဲ့သော"ချစ်လွန်းလို့" ပြဇာတ်ဖြင့် နောက်ဆုံးပြဇာတ်လောကကို နိဂုံးချုပ်ခဲ့ကြောင်း မှတ်သားသိရှိရပါသည်။ ၁၉၄၉ ခုနှစ်မှ ၁၉၅၉ ခုနှစ်အထိ ဝင်းဝင်းပြဇာတ်လောကတွင် ကျင်လည်ခဲ့ပါသည်။

ရုပ်ရှင်ဇာတ်ညွှန်းရေးဆရာဘဝ၊ ကိုယ်တိုင်ဒါရိုက်တာဘဝ

၁၉၅၇ ခုနှစ်မှစ၍ ရုပ်ရှင်လောကသို့ ကူးပြောင်းခဲ့သည်။ ရုပ်ရှင်ဇာတ်ညွှန်းပေါင်း ၂၂ ကားအထိ ရေးသားထားခဲ့သည်။ကိုယ်တိုင်ဒါရိုက်တာလုပ်ခဲ့သော ရုပ်ရှင်ကား ၁၂ ကားအနက် အချို့မှာ "နှောင်ကြိုးကိုငင်ပဲ့မယ်" "မေတ္တာဟူသည်"၊ "ငယ်ကျွမ်းဆွေ"၊ "မေမြတ်နွယ်"၊"မြခြုံသံ"၊ "ဆောင်းတစ်ညဝယ်"၊ "နော်မေဖော့"၊ "ကေသီဦး"၊ "မေတ္တာမိုးတစ်ပေါက်" စသည့် ကားများဖြစ်ပါသည်။ ဆရာကြီး၏ ပထမဆုံးဇာတ်ကားမှာ "နှောင်ကြိုးကိုငင်ပဲ့မယ်" ဇာတ်ကား ဖြစ်သည်။ သုခမရုပ်ရှင်မှ မြင့်အောင်၊ မြင့်စိုး၊ တင်တင်မူ၊ ကြည်ကြည်ဌေး၊ အစ်မခင်ညိုညိုတို့ ပါဝင်ခဲ့ကြသည်။

ကိုးဆယ်ဆသာလိမ့်မယ် ပုဂ္ဂိုလ်ကျော်၏ ဘဝဖြစ်စဉ်

ဆရာကြီးသည် ၁၂၈၄ ခုနှစ် နယုန်လဆန်း ၉ ရက် (၃-၆-၁၉၂၂)နေ့တွင် အဘဦးဘသင်း၊ အမိဒေါ်ဖွားသိန်းတို့မှ ဖျာပုံခရိုင် ဘိုကလေးမြို့၌ မွေးဖွားခဲ့သည်။ ငယ်စဉ်က ဘိုကလေးမြို့၊ ကျုံမငေးမြို့၊ ကျိုက်လတ်မြို့များ၌ ရှစ်တန်းအထိ ပညာသင်ကြားခဲ့သည်။

၁၉၃၈ ခုနှစ်(၁၆)နှစ်သားအရွယ်တွင် ကျောင်းမှထွက်ခဲ့ပြီး ဝါသနာအရ ဂီတပညာကို လေ့လာလိုက်စားပြီး ၁၉၄၀ ပြည့်နှစ်မှစ၍ သီချင်းများကို ရေးသားခဲ့သည်။ ၁၉၄၁ ခုနှစ်စစ်အတွင်းက ဘိုကလေးမြို့သို့ ရောက်လာခဲ့ကြသူ မြန်မာညွန့်စိုးချစ်မောင်၊ ဘာဂျာဆရာစိုး၊ အမေဒေါ်တင်ကြည်တို့ထံတွင် အဆိုအတီးပညာများကို အခြေခံမှအစ သင်ကြားတတ်မြောက်ခဲ့သည်။

၁၉၄၂ ခုနှစ် စက်တင်ဘာလအတွင်း တိုင်းရင်းသားအချင်းချင်းသွေးခွဲအုပ်ချုပ်မှုများမှ ပြန်လည်စည်းရုံးလှုံ့ဆော်တေးများဖြစ်သည့် "ချစ်ကြည်ရေး" တေးသီချင်းများကို ကိုယ်တိုင်ရေးစပ်ပြီး တေးဂီတဝါသနာရှင်များနှင့်အတူ မြို့နယ်များကို သီဆိုဖြေဖျော်ပေးခဲ့သည်။

ဘိုကလေးမြို့ဓမ္မာရုံအသင်းမှ ကြီးမှူးကျင်းပခဲ့သည့် ရာမဇာတ်တော်တွင် နတ်ဘီလူးကြီး၏ သားတော်ရှောမွေးအဖြစ် အခုကန်မျောက်မင်း၏ စစ်ခင်းသည့်အခန်းက စတင်ကပြခဲ့သူဖြစ်သည်။ ဤသို့ဖြင့် တီးဝိုင်းတူရိယာ ဇာတ်သမားလေးဘဝမှသည် ဇာတ်ခုံဒါရိုက်တာဘဝ ခုန်ပျံကျော်လွှားကြိုးစားခဲ့သူဖြစ်သည်။

ထိုနေ့ညကြိုတင်ဇာတ်တိုက်ကြရာ အသက်(၉၀)ပြည့် အဘိုးကြီးဘဝဒါရိုက်တာသည်ငယ်စဉ်ကလိုနုပျိုလန်းဆန်း မမောတမ်းမပန်းတမ်းလူငယ်ရုပ်ရှင်သဘင်ဂီတသမားများနှင့် ပြဇာတ်ကပြသင်ပေးခဲ့ပုံကို ကိုယ်တိုင်မေးဖြစ်ခဲ့ကြရပါသည်။ ထို့ကြောင့်ပင် "ကိုးဆယ်ဆသာလိမ့်မယ်" ဟု ဂုဏ်ပြုလိုပါသည်။

ယခုအခါ ကျွန်တော်၏ ဆရာဦးမြင့်ကြည်(တက္ကသိုလ်မြတ်စိုး)နှင့် ဗိုလ်ကလေးတင့်အောင်တို့အား ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ကို ယဉ်ကျေးမှုတက္ကသိုလ်က ဆက်လက်ချီးမြှင့်သည့် သတင်းတို့ရှိပေရာ ဆရာကြီးတို့နှစ်ဦးအား ထူးခြား

နည်းပညာတက္ကသိုလ်မှ ကျောင်းသားလူငယ်များ ဂျပန်နိုင်ငံသို့ လေ့လာရေးခရီးထွက်ခွာ

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ဂျပန်နိုင်ငံ၌ ဖေဖော်ဝါရီ ၂၃ ရက်မှ မတ် ၄ ရက်အထိ ကျင်းပမည့် ဂျပန်-အရှေ့အာရှကျောင်းသားလူငယ်များ နှီးနှောဖလှယ်ရေးကွန်ရက်အဖွဲ့အစည်းဆိုင်ရာ အဝတ်အစားဒီဇိုင်းလေ့လာရေးခရီးစဉ်(အပတ်စဉ်-၄)သို့ တက်ရောက်ရန် ဒေါက်တာအိထွေးမော်(ဒုတိယပါမောက္ခ-ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်) ဦးဆောင်၍ အဖွဲ့ဝင်ကျောင်းသားကျောင်းသူ ၂၉ ဦး ပါဝင်သောအဖွဲ့သည် ယမန်နေ့ ညနေပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ဂျပန်နိုင်ငံသို့ ထွက်ခွာသွားရာ တာဝန်ရှိသူများနှင့် ကျောင်းသားကျောင်းသူများ၏ဆွေမျိုးမိတ်သင်္ဂဟများကလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြကြောင်း သိရသည်။**(ဓါတ်ပုံ)** **(ဌေးအောင်)**

မီးလောင်လျှင်

(က) ထွက်မပြေးပါနှင့်၊ စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပါ။

(ခ) ကျိတ်မငြိမ်းသတ်ပါနှင့်၊ ပတ်ဝန်းကျင်သို့ အကူအညီ တောင်းပါ။

(ဂ) ဝိုင်းဝန်းကြိုးစား ငြိမ်းသတ်ပါ။

(ဃ) မီးသတ်တပ်ဖွဲ့နှင့် လုပ်သားပြည်သူများ အချိန်မီ ပူးပေါင်းငြိမ်းသတ်နိုင်လျှင် မီးလောင်မှုကြီး မဖြစ်နိုင်ပါ။

မီးသတ်ဦးစီးဌာန

STRATEGY FIRST
shaping you for sustainable edge
qualifications for professional marketers
ICM diploma in marketing, advertising & public relations
(QCA/Ofqual Level 5)
ICM single subject diploma in marketing
ICM diplomas
March-August 2014 Term
1 Marketing (Session 1)
Marketing (Session 2)
2 Advertising
3 Public Relations
4 Consumer Behaviour
5 Int'l Business Communications
CALL NOW: (09) 250 7171 66-68

ပြည်သူ့လွှတ်တော် အစည်းအဝေး

အရည်အချင်းသာရှိပါက အမျိုးသမီးဝန်ကြီးများ များစွာပေါ်ပေါက်လာမည်ဖြစ်၍ အမျိုးသမီးရေးရာဝန်ကြီးဌာန သတ်မှတ်ရန်မဖြစ်နိုင်

နေပြည်တော် ဖေဖော်ဝါရီ ၂၄

ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင်ကျင်းပရာ ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းစေအွာ၏ **ဘားအံစက်မှုဇုန်တွင် ပါဝင်သွားသော လယ်မြေ ၆၅ ဒသမ ၅၂ ဧကအပေါ် နစ်နာသော လယ်သမားများအတွက် အခွင့်အရေး၊ နစ်နာကြေးတစ်စုံတစ်ရာ ရရှိရန်အတွက် သက်ဆိုင်ရာမှဆောင်ရွက်ပေးရန်အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးအောင်က ဘားအံစက်မှုဇုန်မြေသည် ဘားအံမြို့နယ် ကော့ထော်ကျေးရွာ၊ စံဖရီးကျေးရွာ၊ မိဇံကျေးရွာတို့မှ မြေများဖြစ်ပါကြောင်း၊ အဆိုပါမြေနေရာများသည် ၁၉၈၅ ခုနှစ်မတိုင်မီအချိန်က မည်သူမျှစိုက်ပျိုးလုပ်ကိုင်မှုမရှိသော မြေများဖြစ်ခြင်းကြောင့် ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်နှင့် နှစ်ရှည်သီးနှံ ရော်ဘာနှင့်သီဟိုဠ်စိုက်ပျိုးမှုများ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ချက်ဖြင့် ထိုစဉ်ကပြည်သူ့ကောင်စီ၏ အဆိုပြုတင်ပြမှုအရ လယ်ယာနှင့် သစ်တောဝန်ကြီးဌာန ပြည်သူ့လုပ်အားနေရာချထားရေးအဖွဲ့က ၁၉၈၅ ခုနှစ်မှစ၍ ရော်ဘာနှင့် သီဟိုဠ်ခြံများ တည်ထောင်ခဲ့ပါကြောင်း။

ရော်ဘာနှင့်သီဟိုဠ်ခြံအဖြစ်အသုံးပြုခဲ့သည့် မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းမှ စက်မှုဝန်ကြီးဌာနသို့ မြေဧရိယာ(၉၆၉)ဧကကို ထပ်မံလွှဲပြောင်းပေးခဲ့သဖြင့် စက်မှုဝန်ကြီးဌာနအနေဖြင့် ရော်ဘာနှင့်သီဟိုဠ်ခြံမြေအဖြစ် ဆက်လက်အသုံးပြုခဲ့ပါကြောင်း၊ နယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိရေးအတွက် ၂၀၁၁ ခုနှစ်တွင် ဘားအံစက်မှုဇုန်အဖြစ် တည်ထောင်နိုင်ရန် အဆိုပါမြေ(၉၆၉)ဧကကို စက်မှုဝန်ကြီးဌာနအနေဖြင့် ကရင်ပြည်နယ်အစိုးရအဖွဲ့သို့ လွှဲပြောင်းပေးခဲ့ပါကြောင်း၊ စက်မှုဇုန်တည်ဆောက်ခြင်းကို ကန့်ကွက်တင်ပြခဲ့သည့် လယ်မြေ(၆၅ ဒသမ ၅၂)ဧကတွင် လုပ်ကိုင်ခဲ့သူများအား ကရင်ပြည်နယ်အစိုးရအဖွဲ့မှ ဌာနဆိုင်ရာတာဝန်ရှိသူများ ပါဝင်သောအဖွဲ့က ကျေးရွာအရောက်သွားရောက်တွေ့ဆုံ၍ စက်မှုဇုန်တည်ဆောက်ရခြင်း ရည်ရွယ်ချက်နှင့် စက်မှုဇုန်ဖြစ်ပေါ်လာပါကရရှိနိုင်သည့် အကျိုးရလဒ်များနှင့် ၎င်းလယ်မြေတွင် လုပ်ကိုင်ခဲ့သူများအတွက် နစ်နာမှုမရှိစေရန် ဆောင်ရွက်ထားသည့်အစီအမံများရှိကြောင်းကို နားလည်သဘောပေါက်အောင် ရှင်းလင်းဆွေးနွေးပြောကြားခဲ့ပါကြောင်း၊ အဆိုပါပုဂ္ဂိုလ်များအနေဖြင့် လက်ခံလိုက်နာမှုမရှိဘဲ လယ်မြေများအတွင်း ဝင်ရောက်စိုက်ပျိုးမှုများ ပြုလုပ်ခဲ့သဖြင့် စက်ရုံ၊ အလုပ်ရုံများတည်ဆောက်ရန် မြေနေရာအဖြစ် ဖော်ထုတ်နိုင်မှုမရှိဘဲ မူလအတိုင်းလယ်မြေအဖြစ်တည်ရှိပြီး ယခုနှစ်မိုးရာသီအထိ ၎င်းတို့မှ စပါးစိုက်ပျိုးလျက်ရှိနေပါကြောင်း၊ ၎င်းလယ်မြေလုပ်ကိုင်သူများအနေဖြင့် ထိုသို့ဆောင်ရွက်လာခြင်းသည် စိုက်ပျိုးလုပ်ကိုင်လို၍ စက်မှုဇုန်တည်ဆောက်မှုကို ကန့်ကွက်ခြင်းမဟုတ်ဘဲ စက်မှုဇုန်တည်ဆောက်ခြင်းကြောင့် မြေတန်ဖိုးမြင့်တက်လာမည့်အကျိုးကိုမျှော်၍ ကန့်ကွက်တင်ပြခြင်းဖြစ်ကြောင်း ထင်ရှားပေါ်လွင်သဖြင့် တည်ဆဲလယ်မြေဥပဒေအရ လူနေအိမ်ရာအဆောက်အအုံများအား ဖျက်သိမ်းဖယ်ရှားပေးရန် သက်ဆိုင်ရာမြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ခဲ့ခြင်းသာဖြစ်ပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

ထန်တလန်မဲဆန္ဒနယ်မှဒေါ်ဇာတလဲမ်း၏ **အမျိုးသမီးများကို အထူးအခွင့်အရေးပေးစနစ်ကျင့်သုံး၍ နှစ်ရှည်လရှည်ရပ်တည်နိုင်ရန်အတွက် အမျိုးသမီး**

ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းစေအွာ။

စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမျိုးအောင်။

ဝန်ကြီးဌာနတစ်ခု ထားပေးသင့်ကြောင်း မေးခွန်းနှင့်စပ်လျဉ်း၍ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးစိုးမောင်က မြန်မာ့အသိုင်းအဝိုင်းတွင် ထုံးတမ်းစဉ်လာယဉ်ကျေးမှုအရ အမျိုးသမီးများအား ခွဲခြားဆက်ဆံမှုမရှိသလောက်ဖြစ်ပြီး အခြားအာရှနိုင်ငံများနှင့်နှိုင်းယှဉ်ပါက သာလွန်ကောင်းမွန်နေကြောင်းကိုတွေ့ရမှာဖြစ်ကြောင်း၊ ဗုဒ္ဓဘာသာဓလေ့ထုံးတမ်းယဉ်ကျေးမှုအရ မြန်မာအမျိုးသမီးများ အခွင့်အရေးစံချိန်မီရရှိနေပြီး အခြားဘာသာနိုင်ငံများတွင် မရသည့် အခွင့်အရေးများရထားနေသည်ကို တွေ့ရမှာဖြစ်ကြောင်း၊ အိမ်နီးချင်းနိုင်ငံများထက် ပိုမိုလွတ်လပ်ပြီး နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ နိုင်ငံတာဝန်ထမ်းဆောင်ခြင်းနှင့် အခြားကဏ္ဍများတွင် ပါဝင်ဆောင်ရွက်ခဲ့သော မြန်မာအမျိုးသမီးများကို ခေတ်အဆက်ဆက်မြင်တွေ့နိုင်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားပြည်တွင်းဥပဒေများပါ"ကျား၊ မ" ခွဲခြားခြင်းမရှိဘဲ တန်းတူရည်တူနေရာပေးဆောင်ရွက်နိုင်ရန် ပြဋ္ဌာန်းထားကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အမျိုးသမီးများအတွက် အခွင့်အရေးအားဖြင့် အခန်း(၁)ပုဒ်မ ၃၂ အပိုဒ်ခွဲ(က)၌ **"နိုင်ငံတော်သည် မိခင်နှင့်ကလေးသူငယ်များ၊ မိဘမဲ့ကလေးများ၊ ကျဆုံးသောတပ်မတော်သားများ၏ ကလေးများ၊ အိုမင်းမစွမ်းသူများ၊ မသန်စွမ်းသူများအား ကြည့်ရှုစောင့်ရှောက်ရမည်"**ဟုလည်းကောင်း၊ အခန်း(၈)ပုဒ်မ ၃၅၀ တွင်**"အမျိုးသမီးများသည် တူညီသောအလုပ်အတွက် အမျိုးသားများခံစားခွင့်ရှိသော အခွင့်အရေးနှင့်လစာတို့ကိုခံစားခွင့်ရှိသည်"** ဟုလည်းကောင်း၊ ပုဒ်မ ၃၅၁ ပြဋ္ဌာန်းချက်တွင်**"မိခင်များ၊ ကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များသည် ဥပဒေအရ သတ်မှတ်ထားသော သက်ဆိုင်ရာအခွင့်အရေးများကို အညီအမျှခံစားခွင့်ရှိစေရမည်"**ဟုလည်းကောင်းပြဋ္ဌာန်းထားသည်ကိုတွေ့ရမှာဖြစ်ကြောင်း၊ ထို့ပြင် ပုဒ်မ ၃၅၂ တွင် **"နိုင်ငံတော်သည် အလုပ်အကိုင်ခန့်ထားရာတွင်ဖြစ်စေ၊ နိုင်ငံ့ဝန်ထမ်းရွေးချယ်ပေးရာတွင်ဖြစ်စေ သတ်မှတ်သောအရည်အချင်းနှင့် ပြည့်စုံပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ မည်သည့်နိုင်ငံသားကိုမျှ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာသာသနာ၊ အမျိုးသား၊အမျိုးသမီးကိုအကြောင်းပြုလျက် ရာထူးရွေးချယ်ခန့်ထားခြင်းကို ခွဲခြားမှုမပြုရ။ သို့ရာတွင် အမျိုးသားများနှင့်သာ လျော်ကန်သင့်မြတ်သည့် ရာထူးတာဝန်များအတွက် အမျိုးသားများအား ရွေးချယ်ခန့်ထားခြင်းကို ဤဥပဒေအရ အဟန့်အတားမဖြစ်စေရ"** ဟုပြဋ္ဌာန်းထားပါကြောင်း။

အဆိုပါပြဋ္ဌာန်းချက်များသည် မြန်မာအမျိုးသမီးများအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေကပေးထားသော အခွင့်အရေးများဖြစ်ပြီး ယခုအခါလူမှုဝန်ထမ်းဦးစီးဌာနသည် Gender Equality Network နှင့် ပူးပေါင်း၍ **မြန်မာအမျိုးသမီးများအားအကြမ်းဖက်မှုမှ တားဆီးကာကွယ်ရေးဥပဒေတစ်ရပ်**ကို ရေးဆွဲပြဋ္ဌာန်းနိုင်ရေးအတွက် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့်လွှတ်တော်ကိုယ်စားလှယ်များဖြင့် အလုပ်ရုံဆွေးနွေးပွဲနှစ်ကြိမ် ကျင်းပပြုလုပ်ခဲ့ပါကြောင်း၊ အလုပ်ရုံဆွေးနွေးပွဲရလဒ်အဖြစ် ဥပဒေရေးဆွဲရေး လမ်းပြမြေပုံချမှတ်နိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ ပြဋ္ဌာန်းထားသည့်ဥပဒေပါ အခွင့်အရေးများကို အမျိုးသမီးများလက်တွေ့ခံစားနိုင်ရန် အစိုးရ၊ အရပ်ဘက်လူ့အဖွဲ့အစည်းနှင့် အမျိုးသမီးထုကြီး ကိုယ်တိုင်တာဝန်ရှိပါကြောင်း၊ မြန်မာနိုင်ငံရှိ စုစုပေါင်းလူဦးရေ၏ ၅၁ ရာခိုင်နှုန်းဝန်းကျင်သည် အမျိုးသမီးများဖြစ်ပြီး စုစုပေါင်းလူဦးရေ၏ ၄ ပုံ ၁ ပုံသည် မျိုးဆက်ပွားနိုင်သည့် အသက်အရွယ်အပိုင်းအခြားတွင်ရှိနေသော အမျိုးသမီးများဖြစ်၍ လူဦးရေဖွဲ့စည်းမှုပုံစံ (demographic)အရ မြန်မာ့လူ့အဖွဲ့အစည်းတွင် အမျိုးသမီးများသည် အရေးကြီးသည့်အခန်းကဏ္ဍတွင် ပါဝင်နေသည်မှာ ထင်ရှားနေပါကြောင်း။ **စာမျက်နှာ ၈ ကော်လံ ၅ သို့**

အမျိုးသားလွှတ်တော် အစည်းအဝေး

ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများကို ဈေးကွက်စီးပွားရေးနှင့်အညီ လွတ်လပ်စွာလုပ်ကိုင်ခွင့်ပြုသွားမည်

နေပြည်တော် ဖေဖော်ဝါရီ ၂၄

လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူမှုလုပ်ငန်းစဉ်သည် ကမ္ဘာပေါ်တွင် တစ်ခုတည်းသော အားလုံးပါဝင်ခွင့်ရှိသည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပြီး ဤတစ်ကြိမ်ပါဝင်ခွင့်မရရှိခဲ့ပါက နောင်အနည်းဆုံး(၁၀)နှစ်ကြာအထိ ဤအခွင့်အရေးမျိုးထပ်မံရရှိနိုင်ရန် စောင့်ဆိုင်းရမည်ဖြစ်ပါကြောင်းဖြင့် ယနေ့ကျင်းပသည့် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့တွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမြင့်က ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာမြတ်ညဏစိုး၏ **"၂၀၁၄ ခုနှစ်တွင် ကောက်ယူမည့် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူမှုပြီးစီးသည့်အခါ အစဉ်အဆက်အတည်ပြုထားခဲ့သည့် တိုင်းရင်းသားလူမျိုး(၁၃၅)မျိုး၏စာရင်းကို ပြန်လည်ပြုပြင်သွားရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ဖြေကြားရာ၌ ထည့်သွင်းပြောကြားခဲ့သည်။

တိုင်းရင်းသားလူမျိုး(၁၃၅)မျိုးသည် နှစ်ပေါင်းများစွာပြန်လည် စိစစ်မှုမပြုနိုင်သည့်အတွက် ကာယကံရှင်တစ်ဦးချင်းက မိမိဆန္ဒအတိုင်း၊ မိမိခံယူလိုသည့်အတိုင်း ပြောကြားခွင့်ရှိနေပြီဖြစ်၍ မည်သည့်လူမျိုးစုသည် မြေပြင်တွင် အမှန်တကယ်ရှိနေသည်၊ မည်သည့်လူမျိုးစုများ ပျောက်ကွယ်သွားသည်၊ မည်သည့်လူမျိုးစုအသစ်များထပ်မံတွေ့ရှိသည်တို့ကို သိရှိနိုင်မည်ဖြစ်ပါကြောင်း၊ ၎င်းအပေါ်မူတည်၍ ပြန်လည်ပြင်ဆင်အတည်ပြုရန်တွေ့ရှိပါက စာရင်းကောက်ယူပြီးစီးချိန်တွင် ဒုတိယအဆင့်အဖြစ် လိုအပ်သောအဖွဲ့အစည်းများ စုံညီစွာပေါင်းစပ်၍ ပြန်လည်သုံးသပ်ညှိနှိုင်းပြီး ပြင်ဆင်သွားနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

၁၉၇၃ ခုနှစ် ပြည်လုံးကျွတ်အဆင့် လူဦးရေသန်းခေါင်စာရင်း ကောက်ယူရာတွင် လည်းကောင်း၊ ၁၉၈၃ ခုနှစ် ပြည်လုံးကျွတ်အဆင့် လူဦးရေသန်းခေါင်စာရင်းကောက်ယူရာတွင် လည်းကောင်း တိုင်းရင်းသားလူမျိုး (၁၃၅)မျိုးကို အခြေခံ၍ ဆောင်ရွက်ခဲ့သည်ကိုတွေ့ရှိရပါကြောင်း၊ လက်ရှိအချိန်အခါအထိ

ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၃)မှ ဦးပေါလ်ထန်ထိုင်း။

ဒုတိယဝန်ကြီး ဦးသောင်းတင်။

တိုင်းရင်းသားလူမျိုးစု (၁၃၅)မျိုးအား တရားဝင် ပြင်ဆင်၊ ပယ်ဖျက်၊ ထပ်မံအတည်ပြုထားခဲ့ခြင်းမရှိသေးသော်လည်း ဤစာရင်းသည်သာ မှန်ကန်သည်ဟု တရားသေစွဲကိုင် အတည်ပြုဆောင်ရွက်နေခြင်းမဟုတ်ပါကြောင်းဖြင့် ဆက်လက်ဖြေကြားသည်။

ထို့ပြင် ဒုတိယဝန်ကြီးက လက်ရှိမြေပြင်အခြေအနေနှင့် အမှန်တကယ်မှန်ကန်၊ ကိုက်ညီမှု ရှိ/မရှိပြန်လည်စိစစ်နိုင်ရန်အတွက် လက်ရှိရှိပြီးကိန်းဂဏန်းအပေါ်အခြေခံ၍ ကနဦးအဆင့် စတင်ဆောင်ရွက်ခြင်းသာဖြစ်ပါကြောင်း၊ သန်းခေါင်စာရင်းကောက်ယူပြီးစီးသည့်အခါ ကောက်ယူရရှိမှုအပေါ် မူတည်၍ လက်ရှိအခြေအနေတွင် လျော့နည်း၊ ကွယ်ပျောက်၊ တိုးပွားလာသည့် လူမျိုးစုများ ရှိ/မရှိ၊ အမည်သတ်မှတ်ချက် သတ်ပုံသတ်ညွှန်းမှအစ မှန်ကန်၊ ကိုက်ညီမှု ရှိ/မရှိ စသည်တို့ကို ပြန်လည်အတည်ပြုသွားနိုင်မည်ဖြစ်ပါကြောင်း။

၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်အဆင့် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းစဉ်သည် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့နှင့် တရားဝင်ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ပြောင်းလဲလာသော ခေတ်စနစ်များနှင့်အညီ နိုင်ငံတကာစံနှုန်းများနှင့်လူ့အခွင့်အရေးဆိုသည့် အချက်(၂) ချက်အပေါ် အလေးထားအခြေခံ၍ နိုင်ငံ့လူဦးရေနှင့်ဖွဲ့စည်းမှုကို ပုံဖော်သွားနိုင်ရန် စီမံထားရှိပါကြောင်း။ **စာမျက်နှာ ၉ ကော်လံ ၁ သို့**

☆ ကျောဖုံးမှ

အစည်းအဝေးတွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ငြိမ်းချမ်းရေးဖြစ်စဉ်ကို ပြန်ကြည့်မည်ဆိုလျှင် နိုင်ငံတော်အစိုးရအနေဖြင့် ငြိမ်းချမ်းရေးရစေလိုလွန်းသည့်အတွက် နိုင်ငံတော်အစိုးရ စတင်တာဝန်ယူသည့် အချိန်မှစပြီး လေးလအတွင်းမှာပင် လက်နက်ကိုင်အဖွဲ့များကို ငြိမ်းချမ်းရေး ကမ်းလှမ်းခဲ့ပြီး အဖွဲ့ဖွဲ့၍ စတင်တွေ့ဆုံဆွေးနွေးစေခဲ့ပါကြောင်း။

သို့သော် နှစ်ပေါင်း ၆၀ကျော်ကြာခဲ့သည့် ပဋိပက္ခ၊ ကမ္ဘာပေါ်တွင် အရှည်ကြာဆုံးသော ပဋိပက္ခ၊ ကမ္ဘာ့နိုင်ငံများအနက် မည်သည့်နိုင်ငံတွင်မှ မရှိသည့် ဤမျှလောက်များပြားသော လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့နှင့် ဖြစ်ပွားသည့် ပဋိပက္ခကို ငြိမ်းအေးသွားအောင် ဆောင်ရွက်ကြရာတွင် ပါဝင်သင့်သည့်သူများ ပါဝင်နိုင်အောင် စနစ်တကျ စီမံခန့်ခွဲကွပ်ကဲနိုင်အောင် ကော်မတီများဖွဲ့စည်းပြီး ဆောင်ရွက်ခဲ့ပါကြောင်း။

ထို့ကြောင့် ၂၀၁၂ ခုနှစ် မေလအတွင်း ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီတို့ကို ဖွဲ့စည်းခဲ့ပါကြောင်း။

နိုင်ငံတော်အစိုးရသက်တမ်းသည် ယခုဆိုလျှင် ၃၅ လရှိခဲ့ပြီဖြစ်ပါကြောင်း၊ ၃၅ လတာကာလအတွင်း ငြိမ်းချမ်းရေးအတွက် ကြိုးပမ်းလုပ်ဆောင်ခဲ့သည့် အချိန်သည် လပေါင်း ၃၀ ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် လွယ်ကူသည့်လုပ်ငန်းစဉ်တော့ မဟုတ်ပါကြောင်း၊ ပျမ်းမျှလူ့သက်တမ်း တစ်သက်စာမျှ ရှည်ကြာခဲ့သည့် ဤလက်နက်ကိုင်တိုက်ခိုက်မှုများကြောင့် တိုင်းရင်းသားပြည်သူများ၏ အသက်သွေးချွေးပေါင်းများစွာ စတေးပေးဆပ်ခဲ့ရသကဲ့သို့ တစ်ဦးနှင့်တစ်ဦး၊ တစ်ဖက်နှင့်တစ်ဖက် မယုံကြည်မှုသည် ကြီးမားလွန်းသည့်အတွက် အခက်အခဲမျိုးစုံကြားမှ တွေ့ဆုံဆွေးနွေးနိုင်အောင် နည်းလမ်းပေါင်းစုံကို အသုံးပြုခဲ့ရပါကြောင်း။

တစ်ဖက်နှင့်တစ်ဖက် ယုံကြည်မှုနှင့် မျက်နှာချင်းဆိုင် စကားပြောနိုင်အောင်၊ တစ်ရက်ဆွေးနွေး၊ တစ်ရက်နောက်ဆုတ်သွားသော ဆွေးနွေးမှုမျိုး ရှောင်ရှားနိုင်အောင် မည်မျှအထိ အနစ်နာခံလုပ်ခဲ့ကြရသည်ကို အားလုံး အသိပင် ဖြစ်ပါကြောင်း။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ပြည်နယ်၊ ပြည်ထောင်စု၊ ဗဟို စသည်ဖြင့် အဆင့်များခွဲပြီး ဆွေးနွေးခဲ့ကြရာ မကြာမီကာလအတွင်း အပြီးသတ်ဆွေးနွေး နိုင်မည့် အလားအလာများမြင်နေရပြီဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးရပြီဟု အားပါးတရ အမည်နာမတပ်ပြီး ခေါ်ဆိုနိုင်သည့်အဆင့် မရောက်ရှိသေးသော်လည်း ယခုအခါ လက်နက်ကိုင်အဖွဲ့ ၁၆ ဖွဲ့နှင့် ပဏာမအပစ်အခတ် ရပ်စဲမှုရှိနေခြင်းသည် လက်နက်ကိုင်ပဋိပက္ခများအကြားတွင် အဓိကမြေစာပင် ဖြစ်သည့် ဒေသခံပြည်သူလူထုအတွက် တန်ဖိုးမဖြတ်နိုင်သော ရလဒ်ကြီးတစ်ခု ပင်ဖြစ်ပါကြောင်း။

ဒေသအားလုံးမဟုတ်သေးသော်လည်း ဤပဋိပက္ခကိုအကြောင်းပြုပြီး သွားရေးလာရေးကန့်သတ်ခဲ့သည့် နေရာဒေသအတော်များများသို့ ယခု လွတ်လွတ်လပ်လပ် အချိန်အခါမရွေး ဝင်ထွက်သွားလာနိုင်ကြပြီဖြစ်ပါကြောင်း။

တစ်နိုင်ငံလုံးအတိုင်းအတာကြည့်လျှင်လည်း နှစ်ဖက်တပ်များ၏ ထိတွေ့ တိုက်ခိုက်မှုများသည် အနည်းငယ်မျှသာ ရှိတော့သည်ကို တွေ့ရှိရမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ရရှိထားသည့် ဤယာယီအပစ်အခတ်ရပ်စဲရေးမှ တစ်ဆင့် ရေရှည်အပစ်အခတ်ရပ်စဲရေး၊ တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ် ရပ်စဲရေးအဖြစ် ဆက်လက်ပြောင်းလဲဖြစ်ပေါ်လာနိုင်လိမ့်မည်ဟု မျှော်လင့်မိ ပါကြောင်း။

အပစ်အခတ်ရပ်စဲရေးသည် တကယ်တွင် ငြိမ်းချမ်းရေးမဟုတ်သေးပါ ကြောင်း၊ ငြိမ်းချမ်းရေးဆီသို့ ဦးတည်သွားနေသည့်လမ်း၊ ငြိမ်းချမ်းရေးဖြစ်စဉ်၏ အစဟုသာဆိုနိုင်ပါကြောင်း၊ ယခုရရှိပြီဖြစ်သည့် အခြေအနေများမှတစ်ဆင့် ထာဝရငြိမ်းချမ်းရေးပေါ် ပေါက်လာနိုင်အောင် ဆောင်ရွက်ကြရန်သည် လွှတ်တော် ကိုယ်စားလှယ်များ အပါအဝင် မိမိတို့အားလုံး၏တာဝန်ပင်ဖြစ်ပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်များသည် လူထုလူတန်းစားအသီးသီးကို ကိုယ်စားပြုသည့် ပုဂ္ဂိုလ်ကြီးများဖြစ်သည့်အတွက် လွှတ်တော်ကိုယ်စားလှယ် များ ပါဝင်ဆွေးနွေးအကြံပြုခြင်းသည်လည်း ပြည်သူလူထု၏ လိုလားချက်ကို ထင်ဟပ်စေသည်ဟု မှတ်ယူပါကြောင်း။

နိုင်ငံတော်သမ္မတကြီး၏ ဦးဆောင်ဦးရွက်မှုဖြင့် အရှိန်အဟုန်ပြင်းသည့် ပြုပြင်ပြောင်းလဲမှုများဆောင်ရွက်ခဲ့ရာတွင် [illegible] မြန်မာနိုင်ငံ၏ [illegible] စီးပွားရေး [illegible] ပြည်တွင်းပဋိပက္ခကြောင့် ငြိမ်းချမ်းရေးမရသေးခြင်းသည် အချက် တစ်ချက်လည်း ပါဝင်နေပါကြောင်း။

၂၀၁၃ ခုနှစ် စက်တင်ဘာ ၃၀ ရက်တွင် KNU,RCSS,CNF အဖွဲ့ဝင် များနှင့် ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ တွေ့ဆုံဆွေးနွေး ခဲ့ရာ [illegible] ပဋိပက္ခ၏ [illegible] ပြဿနာကို [illegible] ထို့အပြင် [illegible] ဆွေးနွေးတင်ပြခဲ့ကြောင်း။

ယနေ့ မိမိတို့မြန်မာနိုင်ငံ၏ ရှေ့ရေး၊ [illegible] တိုးတက်ရေး [illegible] အခြေအနေ [illegible]

အပြီးသတ် [illegible] သည့် ပဋိပက္ခ [illegible] ဖွံ့ဖြိုးမှု [illegible] ဆုတ်နေမည် [illegible] စီးပွားရေး၊ [illegible] ရှိသွားမည့် [illegible]

ထို့ကြောင့် [illegible] ပြုပြင်ပြောင်းလဲမှု [illegible] ကို အဟန့်အတား [illegible] လက်တစ်ကမ်း [illegible] မြင်အောင် [illegible] သည့်ဘက်က [illegible] ပြောကြားသည်။

ယင်းနောက် [illegible] စိုးဝင်း၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းနှင့် [illegible] ဦးသိန်းဇော် [illegible] အောင်မြင်မှု [illegible] သွားရမည့် [illegible]

ဆက်လက်၍ [illegible] သန်းခေါင်စာရင်း [illegible] သိရှိရန်လို [illegible] လုပ်ငန်းဆိုင်ရာ [illegible] ဆောင်ရွက် [illegible]

ထို့နောက် [illegible] ငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ လိုအပ်သည့်ကိစ္စရပ်များနှင့် ကဏ္ဍအလိုက်ဆောင်ရွက်သွားကြရမည့် အထွေထွေကိစ္စရပ်များအပေါ် ဝိုင်းဝန်းဆွေးနွေးအကြံပြုခဲ့ကြသည်။ **(သတင်းစဉ်)**

နေပြည်တော်ရှိ တောင်သူပညာပေးစိုက်ကွင်းများ ကြည့်ရှုလေ့လာ

နေပြည်တော် ဖေဖော်ဝါရီ ၂၄

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ယနေ့တွင် သင်္ဂဟဟိုတယ်၌ ကျင်းပသော လယ်ယာကဏ္ဍဆိုင်ရာ ဇီဝနည်းပညာ ဆွေးနွေးပွဲတွင် အမှာစကား ပြောကြားသည်။

ထို့နောက် နိုင်ငံတကာ စိုက်ပျိုးရေး ဇီဝနည်းပညာ အသုံးချရေးဗဟိုဌာန ဥက္ကဋ္ဌ Dr. Clive James က စားရေရိက္ခာထုတ်လုပ်မှု တိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ ဇီဝ နည်းပညာ၏ အရေးပါမှုကို ရှင်းလင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ရွှေနန်းတော်ဟိုတယ်၌ ကျင်းပသည့် မိုးလေဝသညွှန်ကိန်းဆိုင်ရာ အာမခံစနစ် အလုပ်ရုံဆွေးနွေးပွဲ၌ အမှာစကားပြောကြားပြီး Sompo Japan Insurance Inc. ကုမ္ပဏီ ဥက္ကဋ္ဌ Mr. Kengo Sakurada က မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍဖွံ့ဖြိုး တိုးတက်လာမှုအပေါ် Sompo Insurance ကုမ္ပဏီမှ ပူးပေါင်းဆောင်ရွက်မည့် အလားအလာများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး နှင့် ဧည့်သည်တော်များသည် နေပြည်တော်ရှိ ပိန်းဥစိုက်ခင်း၊ ကန်စွန်းဥစိုက်ခင်း၊ ဥတ္တရသီရိမြို့နယ် စက်စက်ယို ဆည်ရေသောက်ဧက ၉၀၀ တောင်သူပညာပေးစိုက်ကွင်း များရှိ ဖရဲသီးစိုက်ခင်း၊ ရွှေဖရုံသီး စိုက်ခင်း၊ ရွှေဝါသခွားမွှေးစိုက်ခင်းနှင့် ကျောက်စိမ်းသခွားမွှေး မျိုးစေ့ထုတ် စိုက်ခင်းများ ဖြစ်ထွန်းအောင်မြင်နေ မှုများကို ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် စပ်မျိုးခရမ်းသီး စိုက်ခင်း၊ ကညွတ်သီးနှံစိုက်ခင်း၊ စပ်မျိုးဖရဲစိုက်ခင်း၊ ဂျပန်ရွှေဖရုံသီး စိုက်ခင်း၊ ကြံစိုက်ခင်း၊ ပျိုးဥယျာဉ်နှင့် ကညွတ်စိုက်ခင်းများကို ကြည့်ရှု လေ့လာခဲ့ကြကြောင်း သတင်းရရှိ သည်။**(အပေါ်ပုံ)** **(သတင်းစဉ်)**

❒ပြည်သူ့လွှတ်တော်မှ

နိုင်ငံ့ဝန်ထမ်းအဖြစ် အစိုးရဌာနအသီးသီးတွင် အမျိုးသမီးများ လက်ရှိတာဝန်ထမ်းဆောင်မှုအခြေအနေကို ထုတ်နုတ်တင်ပြရလျှင် ပြန်ကြားရေးဝန်ကြီးဌာနတွင် အမျိုးသမီးဝန်ထမ်း ၅၀ ဒသမ ၄ ရာခိုင်နှုန်း၊ စက်မှုဝန်ကြီးဌာနတွင် အမျိုးသမီးဝန်ထမ်း ၅၉ ဒသမ ၇ ရာခိုင်နှုန်း၊ အလုပ်သမားဝန်ကြီးဌာနတွင် အမျိုးသမီးဝန်ထမ်း ၆၇ ဒသမ ၄ ရာခိုင်နှုန်း၊ ကျန်းမာရေးဝန်ကြီးဌာနတွင် ဘွဲ့၊ ဒီပလိုမာရထားသူ အမျိုးသမီးဝန်ထမ်း ၈၂ ဒသမ ၇ ရာခိုင်နှုန်း၊ ပညာရေးဝန်ကြီးဌာနတွင် ဆရာမ ၈၃ ဒသမ ၉၂ ရာခိုင်နှုန်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးနှင့် နယ်တရားစီရင်ရေးဌာနများတွင် အမျိုးသမီး ၄၅ ဒသမ ၇ ရာခိုင်နှုန်း၊ ရှေ့နေချုပ်ရုံးတွင် တာဝန်ထမ်းဆောင်နေသူ အမျိုးသမီး ၄၈ ဒသမ ၅ ရာခိုင်နှုန်း ရှိသည်ကို တွေ့ရှိရပါကြောင်း၊ အစိုးရဌာန၊ အဖွဲ့အစည်း တစ်ရပ်လုံးတွင် အမျိုးသမီးများပါဝင်မှု အချိုးအစားအနေဖြင့် ၂၀၀၈-၂၀၀၉ အမျိုးသမီးများ၏ ပါဝင်မှုရာခိုင်နှုန်းမှာ ၅၁ ဒသမ ၄၂ ရာခိုင်နှုန်း၊ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ၅၁ ဒသမ ၆၅ ရာခိုင်နှုန်းဖြစ်ပြီး ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် ၅၂ ဒသမ ၃၉ ရာခိုင်နှုန်းထိ မြင့်တက်လာသည်ကို တွေ့ရှိရပါကြောင်း၊ အစိုးရဌာန၊ အဖွဲ့အစည်းများအတွင်း ဒုတိယညွှန်ကြားရေးမှူးနှင့် အထက် အရာရှိကြီးများအဆင့်တွင် အမျိုးသမီးများပါဝင်မှု အချိုးအစားမှာ ၂၀၀၈-၂၀၀၉ ခုနှစ် တွင် ၃၂ ဒသမ ၅၂ ရာခိုင်နှုန်း၊ ၂၀၀၉-၂၀၁၀ ခုနှစ်တွင် ၃၆ ဒသမ ၀၃ ရာခိုင်နှုန်းနှင့် ၂၀၁၀-၂၀၁၁ခုနှစ်တွင် ၃၆ ဒသမ ၆၁ ရာခိုင်နှုန်းဖြစ်ပြီး ပါဝင်မှုအချိုးအစား ရာခိုင်နှုန်းများအရ မြန်မာအမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်နိုင်မှုမှာ တိုးတက်လာသည်ကို တွေ့ရှိရပါကြောင်း။

နိုင်ငံတော်၏ ကြီးလေးသောတာဝန်ပိုင်းများတွင် မြန်မာအမျိုးသမီးများ၏ ပါဝင်မှုအချိုးအစားအနေဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့တွင် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ ပါဝင်ထမ်းဆောင်လျက်ရှိပါကြောင်း၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်များတွင် အမျိုးသမီးအမတ်ဦးရေ ငါးဆယ်ကျော်ရှိပါကြောင်း၊ မြန်မာနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအနေဖြင့် နိုင်ငံတကာအမျိုးသမီးအခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်များကို ရှေ့တန်းမှ ပါဝင်လက်မှတ်ရေးထိုးခဲ့ပါကြောင်း၊ ၁၉၅၄ ကမ္ဘာ့ကုလသမဂ္ဂအမျိုးသမီးများ နိုင်ငံရေးအခွင့်အရေးသဘောတူစာချုပ်အပါအဝင် နိုင်ငံတကာစာချုပ်များကို လေးစားလိုက်နာခဲ့ပါကြောင်း။

မြန်မာနိုင်ငံအမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ် (CEDAW)ကို ၁၉၉၇ ခုနှစ် ဇူလိုင်လတွင် သဘောတူလက်မှတ်ရေးထိုးခဲ့ပါကြောင်း၊ သဘောတူစာချုပ်ပါ အမျိုးသမီးအခွင့်အရေးများကို နိုင်ငံတော်အနေဖြင့် လုပ်ဆောင်ပေးနိုင်သမျှ အကောင်းဆုံး ဆောင်ရွက်ပေးခဲ့ပြီး ၂၀၁၃-၂၀၂၂(၁၀)နှစ်တာကာလအတွက် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်းကိုရေးဆွဲ၍ မိတ်ဆက်ဖြန့်ချိခဲ့ပြီးဖြစ်ပါကြောင်း၊ အဆိုပါလုပ်ငန်းစဉ်မှာ Beijing Platform for Action နှင့် UNCEDAW အပေါ် အခြေခံပြီး လုပ်ငန်းနယ်ပယ်(၁၂)ခု သတ်မှတ်ထည့်သွင်းထားပါကြောင်း၊ လုပ်ငန်းအစီအစဉ်၏ အခြေခံရည်ရွယ်ချက်မှာ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် အမျိုးသမီးများ၏ အသက်မွေးဝမ်းကျောင်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဖြစ်ပါကြောင်း၊ မိတ်ဆက်ဖြန့်ချိခဲ့သည့် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်းမှာ အမျိုးသမီးနှင့် ဆုံးဖြတ်ချက်ချမှု၊ အမျိုးသမီးများနှင့် လူ့အခွင့်အရေး စသည့်လုပ်ငန်းဧရိယာ(၂)ခုဖြင့် ငြိမ်းချမ်းရေးတည်ဆောက်မှုဖြစ်စဉ်အတွင်း အမျိုးသမီးများ၏ ပါဝင်မှုတိုက်ရိုက်ပတ်သက်သော လုပ်ငန်းဧရိယာများ ပါဝင်ပါကြောင်း။

မြန်မာအမျိုးသမီးများအတွက် အဆိုပါဥပဒေများ၊ လုပ်ငန်းအစီအစဉ်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော်လည်း ယဉ်ကျေးမှုဓလေ့ထုံးစံအရ အမျိုးသမီးအများစုသည် မိမိတို့ကိုယ်တိုင် ပြင်ပရေးရာကိစ္စရပ်များတွင် ပါဝင်ဆောင်ရွက်ရေးနှင့် ဦးစီးဦးဆောင်ပြုနိုင်ရေးတို့အတွက် ဆန္ဒနည်းပါးကြ၍ လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသမီးများ ကိုယ်တိုင်ကိုယ်ကျ ပါဝင်လာစေရန်အတွက် ၂၀၁၀ ခုနှစ်မှစပြီး အမျိုးသမီးအခွင့်အရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှာ ဆောင်ရွက်လျက်ရှိရာ ရလဒ်ကောင်းများ ရရှိခဲ့ပါကြောင်း၊ ထို့ပြင် အမျိုးသမီးများစွမ်းပကားမြှင့်တင်ရေးလုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းပြီး နိုင်ငံတကာအလှူရှင်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ သက်ဆိုင်ရာ အစိုးရဌာနအဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေး၊ ကျား/မတန်းတူညီမျှရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနသည် လူမှုရေးအရကာကွယ်စောင့်ရှောက်ရန်လိုအပ်သော ကလေးသူငယ်၊ အမျိုးသမီး၊ မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများအတွက် ညွှန်ကြားရေးမှူး များ ဦးဆောင်သော ဌာနခွဲများနှင့် တိုင်းဒေသကြီး/ပြည်နယ်လူမှုဝန်ထမ်း ရုံးများဖွင့်လှစ်ပြီး ကာကွယ်စောင့်ရှောက်မှုပေးလျက်ရှိပါကြောင်း၊ လူမှုဝန်ထမ်း ဦးစီးဌာန၏ ဖွဲ့စည်းပုံတွင် ညွှန်ကြားရေးမှူးတစ်ဦး ဦးဆောင်သော အမျိုးသမီး များဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျား/မတန်းတူညီမျှရေးဌာနခွဲတစ်ခု သီးခြားတိုးချဲ့ ဖွင့်လှစ်ရန် တင်ပြဆောင်ရွက်လျက်ရှိပါကြောင်း။

အမျိုးသမီးများ၏ အသက်ရှင်သန်ရေး၊ ကာကွယ်စောင့်ရှောက်ရေး၊ ပါဝင်ဆောင်ရွက်ခွင့်နှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အလေးထားဦးစားပေး ဆောင်ရွက်ရာ၌ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီနှင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်တို့မှ မြို့နယ်၊ ကျေးရွာအဆင့်ဆင့်ထိ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အမျိုးသား၊ အမျိုးသမီးတန်းတူညီမျှမှု ရရှိရေးအတွက် အသိပညာပေးအစီအစဉ်များကိုလည်း တိုင်းဒေသကြီး/ပြည်နယ်များတွင် ဆောင်ရွက်လျက်ရှိခြင်း၊ မိမိတို့နိုင်ငံတွင် မိသားစုအတွင်းတွင် သော်လည်းကောင်း၊ လုပ်ငန်းခွင်အတွင်းသော်လည်းကောင်း အမျိုးသား/ အမျိုးသမီး ခွဲခြားဆက်ဆံမှုမရှိခြင်း၊ မိခင်သဖွယ်၊ နှမသားချင်းသဖွယ် အပြန်အလှန်လေးစားမှု၊ အပြန်အလှန်ရင်းနှီးရိုင်းပင်းမှုများရှိခြင်း၊ ပညာရေးကဏ္ဍတွင်လည်း အမျိုးသမီးများအနေဖြင့် ပညာသင်ကြားမှုအခွင့်အလမ်းများ အပြည့်အဝရရှိခြင်း အစရှိသည့် လူမှုဘဝလုံခြုံပြည့်ဝစွာရရှိနေခြင်းတို့ကြောင့် အရည်အချင်းသာရှိပါက ဝန်ကြီးဌာနတစ်ခုထက်သာမက အမျိုးသမီးဝန်ကြီးများ များစွာပေါ်ပေါက်လာမည်ဖြစ်သည့်အပြင် သီးခြားအနေဖြင့် အမျိုးသမီးကိုသာ ခန့်အပ်ရမည်ဟု ဥပဒေပြဋ္ဌာန်းချက်မရှိပါ၍ အမျိုးသမီးရေးရာဝန်ကြီးဌာနတစ်ခု သတ်မှတ်ထားရှိပေးရန် မဖြစ်နိုင်သေးပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

ယနေ့အစည်းအဝေးတွင် "အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကြမ်း"နှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူခဲ့ပြီး အစည်းအဝေးကို ရပ်နားခဲ့သည်။ **(သတင်းစဉ်)**

✻ အမျိုးသားလွှတ်တော်မှ

ဤသန်းခေါင်စာရင်းသည် နိုင်ငံ့လူဦးရေစုစုပေါင်းအား ဖော်ထုတ်နိုင်ရုံသာမက လူဦးရေပေါင်းစပ်ဖွဲ့စည်းမှုဟုခေါ် ဆိုနိုင်သော မတူကွဲပြားခြားနားသည့် လူမျိုးစုငယ်အရေအတွက်ကိုပါ သိရှိနိုင်မည်ဖြစ်၍ မတူကွဲပြားခြားနားသည့် လိုအပ်ချက်များအပေါ် အလေးထား ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ လူမျိုးစုတစ်ခုလုံးအား အမည်တစ်မျိုးတည်းအဖြစ် စုပေါင်းဖော်ပြလိုသည်ဖြစ်စေ၊ ၎င်းလူမျိုးစုတွင် ပါဝင်နေသော လူမျိုးစုငယ်များက ၎င်းတို့၏ လူမျိုးစုငယ် အရေအတွက်ကို သီးခြားစီသိရှိ ဖော်ပြလိုသည်ဖြစ်စေ လူတစ်ဦးချင်းစီ၏ ပင်ကိုဆန္ဒအရ လွတ်လပ်စွာ ပြောဆိုသည့်အတိုင်း ရေးသွင်းပေးသွားမည်ဖြစ်ပါကြောင်း။

လက်ရှိကောက်ယူသည့်ပုံစံအရ လူမျိုးစုတစ်ခုလုံး၏ အရေအတွက်ကို သိရှိနိုင်သကဲ့သို့ ၎င်းလူမျိုးစု တစ်ခုအတွင်းရှိ လူမျိုးစုငယ်တစ်ခုချင်း၏ အရေအတွက်ကိုပါ သိရှိခွင့်ရနိုင်မည်ဖြစ်ပါကြောင်း၊ လူမျိုးစုငယ် တစ်ခုချင်းကို စုပေါင်းရေတွက်ပါကလည်း ပင်မလူမျိုးစုတစ်ခုလုံး၏ အရေအတွက်ကို ပြန်လည်ရရှိမည်ဖြစ်ပါကြောင်း၊ အဖွဲ့အစည်းတစ်ခု၊ လူအုပ်စုတစ်ခုခု၏ ထုတ်ပြန်ကြေညာချက်၊ ပြောဆိုချက်များသည် သက်ဆိုင်ရာလူမျိုးစုတစ်ခုလုံး၏ တူညီဆန္ဒအဖြစ် ကိုယ်စားပြု/မပြု ဆိုသည့် အချက်သည်သာ အရေးကြီး ပါကြောင်း။

မကြာမီဆောင်ရွက်တော့မည့် ပြည်လုံးကျွတ်အဆင့် သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းစဉ်သည် အမျိုးသားရေးလုပ်ငန်းစဉ်ဖြစ်ပြီး ကောက်ယူခြင်းခံရသည့် ပြည်သူများအကျိုးအတွက် ရည်ရွယ်ဆောင်ရွက်ခြင်း သာဖြစ်သဖြင့် ပူးပေါင်းဆောင်ရွက်ကြရေးသည် လွန်စွာအရေးကြီးပါကြောင်း။

ဤကာလသည် အမှန်တကယ်အကောင်အထည်ဖော်ဆောင်ရွက်ရန် အချိန်နီးကပ်လာပြီဖြစ်၍ တိုင်းရင်းသားလုပ်သားပြည်သူအားလုံးမှ မိမိအကျိုး၊ မိမိ မိသားစုအကျိုး၊ နောင်မျိုးဆက်များ၏အကျိုးနှင့် နိုင်ငံတော်အကျိုးငှာ စီမံချက်အောင်မြင်ရေး အပြည့်အဝပူးပေါင်းပါဝင်ကြပါရန်နှင့် ဤအစီအမံမှာ နှောင့်နှေး၊ ကြန့်ကြာ၊ ရပ်တန့်မှုမရှိသင့်သည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ပါကြောင်း ဖြင့် ဖြေကြားခဲ့သည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးပေါလ်ထန်ထိုင်း၏ **"တယ်လီဖုန်းနှင့် မြန်မာ့ရုပ်မြင်သံကြားသတင်း ဆက်သွယ်ရေးလုပ်ငန်းနှင့်ပတ်သက်သည့်"** မေးခွန်းနှင့်စပ်လျဉ်း၍ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းတင်က မြန်မာနိုင်ငံတစ်ဝန်းလုံး လွှမ်းခြုံနိုင်ရန် တာဝါတိုင်ပေါင်းတစ်သောင်းကျော် လိုအပ်မည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနှံ့တွင် တာဝါတိုင်ပေါင်း(၁၆၅၅)ခု တည်ဆောက်ပြီးဖြစ်ပါကြောင်း၊ မြန်မာ့ဆက်သွယ်ရေးမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် တာဝါတိုင်(၄၀၀) ထပ်မံစိုက်ထူရန် ဘတ်ဂျက်ရရှိပြီးဖြစ်ပါကြောင်း၊ နိုင်ငံတကာ အော်ပရေတာနှင့် တွဲဖက်ဆောင်ရွက်ရန်စီစဉ်လျက်ရှိရာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် တာဝါတိုင် ထောင်ချီ၍ထပ်မံစိုက်ထူရန်ရှိပါကြောင်း၊ အခြားအော်ပရေတာများမှလည်း ၎င်းတို့၏အစီအစဉ်ဖြင့် ပြင်ဆင်လျက်ရှိရာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း တာဝါတိုင်ထောင်ချီ၍ ထပ်မံတိုးချဲ့လာမည် ဖြစ်ပါကြောင်း။

ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများကို ပုဂ္ဂလိကကဏ္ဍမှနေ၍ လွတ်လပ်စွာ ဈေးကွက်စီးပွားရေးနှင့်အညီ လုပ်ကိုင်ခွင့်ပြုသွားမည်ဖြစ်ပါကြောင်း၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှာ ပထမအဆင့် ကော်ပိုရေးရှင်းအဆင့်မှ အများပိုင်ကုမ္ပဏီအဖြစ် ပြောင်းလဲသွားမည်ဖြစ်ပြီး အခြားအော်ပရေတာ(၃)ဦးနှင့်အတူ ယှဉ်ပြိုင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဆက်သွယ်ရေးဥပဒေအရ အော်ပရေတာများ မျှတစွာယှဉ်ပြိုင်ရေး၊ ဈေးကွက်လက်ဝါးကြီးမအုပ်ရေး၊ ဈေးနှုန်းချိုသာပြီး အရည်အသွေးကောင်းမွန်ရေးတို့အတွက် ကြီးကြပ်ထိန်းချုပ်မည့် လွတ်လပ်သည့်ဆက်သွယ်ရေး ကော်မရှင်ကို နှစ်နှစ်အတွင်း ထူထောင်ဖွဲ့စည်းသွားမည်ဖြစ်ပါကြောင်း။

ချင်းပြည်နယ်အတွင်း ထန်တလန်မြို့နယ်အပါအဝင် ကျန်မြို့နယ်များကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက CDMA-450 စခန်း(၆)ခု၊ GSM စခန်း(၅)ခု၊ WCDMA စခန်း(၃)ခု၊ CDMA-800 စခန်း(၃)ခုတို့ကို တည်ဆောက်တပ်ဆင်ပေးခဲ့ပါကြောင်း၊ လက်ရှိဆောင်ရွက်နေသော GSM/UMTS မိုဘိုင်းတယ်လီဖုန်း တိုးချဲ့တပ်ဆင်ရေးစီမံကိန်းဖြင့် ချင်းပြည်နယ် ထန်တလန်မြို့နယ်နှင့် ဖာလမ်းရွာတို့တွင် GSM ရေဒီယိုစခန်း(၁)ခုစီ တည်ဆောက်တပ်ဆင်ပေးနိုင်ရေးအတွက် လုပ်ငန်းအပ်နှံထားပြီးဖြစ်သဖြင့် အဆိုပါစခန်းများ တည်ဆောက်ပြီးစီးပါက ထန်တလန်မြို့နယ်တွင် GSM မိုဘိုင်းတယ်လီဖုန်းများ အဆင်ပြေချောမွေ့စွာ ဆက်သွယ်ပြောဆိုနိုင်မည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတွင် တယ်လီဖုန်းဆက်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် Nationwide Telecommunication License နှင့် Spectrum License တို့အား ရွေးချယ်ပြီးဖြစ်သည့် Telenor နှင့် Ooredoo တို့အား လိုင်စင်များပေးအပ်ခဲ့ပြီးဖြစ်ပါကြောင်း၊ အဆိုပါ နိုင်ငံခြားကုမ္ပဏီ (၂)ခုအပြင် ပြည်တွင်းကုမ္ပဏီဖြစ်သည့် ရတနာပုံတယ်လီပို့ကုမ္ပဏီမှ ပါဝင်လုပ်ကိုင်ခွင့် ရရှိမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

အစည်းအဝေးတွင် **အမျိုးသားလွှတ်တော် အမျိုးသားစီမံကိန်းနှင့် ဖွံ့ဖြိုးမှုစီမံကိန်းများရေးရာကော်မတီ၏ ၂၀၁၃-၂၀၁၄ ခုနှစ် တတိယ(၃) လပတ်ကုန်အထိ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာ**ကို စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာဝင်းမြင့်အောင်နှင့် မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဒေါ်ရီရီမြင့်တို့က လွှတ်တော်သို့ ဖတ်ကြားတင်သွင်းခဲ့ကြပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာပြီး အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်း အတည်ပြုပြဋ္ဌာန်းနိုင်ရေးနှင့်စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး

နေပြည်တော် ဖေဖော်ဝါရီ ၂၄

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေကြမ်း အတည်ပြုပြဋ္ဌာန်းနိုင်ရေးနှင့် စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုလွှတ်တော် ဇမ္ဗူသီရိခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်း၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးနန္ဒကျော်စွာ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုလွှတ်တော် ပူးပေါင်းကော်မတီ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ ပြည်သူ့လွှတ်တော်နှင့်အမျိုးသားလွှတ်တော် တို့မှ ကော်မတီဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်နာယကက အဖွင့်အမှာစကားပြောကြားပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် တက်ရောက်လာသည့်သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ သက်ဆိုင်ရာလွှတ်တော်ကော်မတီ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများက ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

ပုဂံဒေသသို့ ၂၀၁၃ ခုနှစ်အတွင်း နိုင်ငံခြားသားဧည့်သည် နှစ်သိန်းခန့် လာရောက်လည်ပတ်

နေပြည်တော် ဖေဖော်ဝါရီ ၂၄

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်သည် ဖေဖော်ဝါရီ ၂၃ ရက် နံနက်ပိုင်းတွင် ပုဂံမြို့ Aureum Palace ဟိုတယ်ခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဟိုတယ်လုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။

ယင်းသို့ တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက ပုဂံဒေသသို့ ၂၀၁၃ ခုနှစ်အတွင်း နိုင်ငံခြားသားဧည့်သည် နှစ်သိန်းခန့် လာရောက်လည်ပတ်ခဲ့ကြောင်း၊ ယင်းသို့ ဝင်ရောက်ရာတွင် လေကြောင်းဖြင့် လာရောက်သူမှာ အများဆုံးဖြစ်ကြောင်း၊ ယခုနှစ်အစတွင်လည်း ခရီးသည်လာရောက်မှုမှာ ဆက်လက်တိုးတက်လျက်ရှိပြီး ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာသည့်အတွက် ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သည့်လုပ်ငန်းများလည်း တိုးတက်လာကြောင်း၊ ဟိုတယ်များသည် တစ်ချိန်က ဧည့်သည်နည်းပါးသည့်အတွက် ပြဿနာမရှိခဲ့သော်လည်း ယခုအခါ ဧည့်သည်များပြားလာသည့်အတွက် လျှပ်စစ်မီးနှင့် သောက်သုံးရေတို့ကို ပိုမိုသုံးစွဲလာရကြောင်း၊ အထူးသဖြင့် အညစ်အကြေးစွန့်ပစ်သည့်စနစ်များတွင် အဆင်မပြေမှုများရှိလာသည်ကို တွေ့ရှိရပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရေစကြိုမြို့နယ် ပခန်းကြီးမြို့ဟောင်းပြတိုက်နှင့် ကျောင်းတော်ကြီးတို့သို့ သွားရောက်ကြည့်ရှုလေ့လာသည်။

ညနေပိုင်းတွင် ပခုက္ကူမြို့ရှိ ပခုက္ကူခရိုင်အုပ်ချုပ်ရေးမှူးအစည်းအဝေးခန်းမ၌ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာနဝန်ကြီး ဦးမြင့်နိုင်နှင့်အတူ ဌာနဆိုင်ရာများ ဟိုတယ်လုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။

ဖေဖော်ဝါရီ ၂၄ ရက် နံနက်ပိုင်းတွင် ပုဂံဟိုတယ်ဇုန်(၄)တွင် တည်ဆောက်ဆဲနှင့် တည်ဆောက်ပြီး ဟိုတယ်များအား သွားရောက်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အရည်အချင်းရှိသော အလုပ်သမားများ လေ့ကျင့်မွေးထုတ်ပေး

ရန်ကုန် ဖေဖော်ဝါရီ ၂၄

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်သည် ဖေဖော်ဝါရီ ၂၂ ရက်တွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ကမ်းနားလမ်းရှိ Center for Vocational Training(CVT) အသက်မွေးမှုအတတ်ပညာသင်ကျောင်းသို့ရောက်ရှိပြီး သင်တန်းများဖွင့်လှစ်သင်ကြားနေမှုကို လှည့်လည်ကြည့်ရှုခဲ့ပြီး ကျွမ်းကျင်မှုစံကို National Standard အဆင့်မှ International Standard အဆင့်သို့ တိုးမြှင့်ရန်နှင့် လျှပ်စစ်အခြေခံမှသည် အီလက်ထရွန်နစ်ကျွမ်းကျင်မှုသင်တန်းများကိုလည်း ထည့်သွင်းဖွင့်လှစ်စေလိုကြောင်း အကြံပြုဆွေးနွေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ဖေဖော်ဝါရီ ၂၃ ရက်တွင် လှိုင်သာယာမြို့နယ်ရှိ ပုဂ္ဂလိကသင်တန်းကျောင်းများဖြစ်သော ထက်ဦးကျွမ်းကျင်မှု လေ့ကျင့်ရေးသင်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုလေ့လာပြီး မြန်မာအလုပ်သမားများအနေဖြင့် ဗဟုသုတနှင့် ပညာရပ်ဆိုင်ရာများကို နားလည်သိရှိထားရန်လိုအပ်သဖြင့် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနက သင်တန်းကျောင်းများဖွင့်လှစ်ပို့ချနေသကဲ့သို့ ပုဂ္ဂလိကကျွမ်းကျင်မှုသင်တန်းကျောင်းများတွင်လည်း သင်ကြားပို့ချခြင်းအားဖြင့် အလုပ်အကိုင်အခွင့်အလမ်းကောင်းများရရှိရေးကို ကူညီပံ့ပိုးပေးမည်ဖြစ်ကြောင်း၊ နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ မြန်မာအလုပ်သမားများအတွက် ယခုထက်ပိုမိုတိုးချဲ့ဖွင့်လှစ်လုပ်ကိုင်သွားနိုင်ပါက ပို၍အကျိုးရှိမည်ဖြစ်ကြောင်း၊ ကျွမ်းကျင်လုပ်သားဖြစ်အောင် လေ့ကျင့်ပေးနိုင်ပါက လုပ်ခလစာနှင့် စရိတ်များပိုမိုရရှိ၍ အလုပ်သမားများ၏ လူနေမှုဘဝအဆင့်မြင့်နိုင်မည်ဖြစ်သောကြောင့် နည်းပညာပိုင်းဆိုင်ရာတိုးချဲ့သင်ကြားပေးရန်အတွက် ကျွမ်းကျင်မှုသင်တန်းကျောင်းများတိုးချဲ့ဖွင့်လှစ်ပေးရန် တိုက်တွန်းအကြံပြုလိုကြောင်းပြောကြားသည်။

ထို့နောက် သုခစုစံကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်းသို့ ရောက်ရှိပြီး သင်တန်းသားများ လက်တွေ့လေ့ကျင့်နေမှုများကို လှည့်လည်ကြည့်ရှုသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် သုခစုစံသင်တန်းကျောင်း၏ စက်မှုလက်မှုအခြေခံကျွမ်းကျင်မှုသင်တန်းဆင်းပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ၏လူဦးရေတစ်ဝက်ခန့်မှာ အလုပ်လုပ်နိုင်သော အသက်အပိုင်းအခြားအတွင်းရှိသဖြင့် သူတို့အတွက် အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးရေးကို နိုင်ငံတော်အစိုးရက ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ ချမှတ်၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မိမိတို့နိုင်ငံတွင် အလုပ်သမားအင်အားရှိသကဲ့သို့ ၎င်းတို့အား အရည်အချင်းရှိအောင် ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း၊ အရည်အချင်းရှိမှုလည်း တိုးတက်ခံစားရမည်ဖြစ်ကြောင်း၊ လုပ်ခလစာသည်လည်း ကျွမ်းကျင်အရည်အချင်းပေါ်မူတည်သဖြင့် ကြိုးစားရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်မှလည်း သင်တန်းကျောင်းများဖွင့်လှစ်၍ အလုပ်သမားများ၏အရည်အသွေး ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်နေသကဲ့သို့ ပုဂ္ဂလိကပိုင်းကိုလည်း ဆောင်ရွက်ခွင့်ပေးထားကြောင်း၊ ဈေးကွက်စီးပွားရေးစနစ်အရ ပုဂ္ဂလိက၊ သမဝါယမနှင့်အစိုးရပူးပေါင်း၍ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရန် သင်တန်းကျောင်းများ ဖွင့်လှစ်ခွင့်ပေးထားပါကြောင်း၊ အရည်အချင်းပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်များဖြစ်ရန် လိုအပ်ကြောင်း၊ ၂၀၁၅ ခုနှစ်၌ အာဆီယံလွတ်လပ်သော ကုန်သွယ်မှုဒေသပေါ် ထွန်းလာလျှင် လူ့စွမ်းအားအရင်းအမြစ်များမှာလည်း လွတ်လပ်စွာကူးလူးဆက်ဆံနိုင်မည်ဖြစ်သဖြင့် ပြိုင်ဆိုင်နိုင်သော စွမ်းရည်ရှိရန်လိုအပ်ကြောင်း၊ အရည်အချင်းရှိသော အလုပ်သမားများအား လေ့ကျင့်မွေးထုတ်ပေးရန်အတွက် သင်တန်းများများရှိရန်လိုအပ်ကြောင်း၊ ပြည်ပနိုင်ငံများ၌ပင် ယှဉ်ပြိုင်နိုင်သော အလုပ်သမားများဖြစ်ရန်လိုအပ်ကြောင်း၊ ထိုက်တန်သော အလုပ်အကိုင်များကိုပြည်တွင်း၌သာမက ပြည်ပနိုင်ငံများတွင် ရှာဖွေနိုင်ပါက ဆင်းရဲမှုကို လျှော့ချနိုင်မည်ဖြစ်သဖြင့် အားလုံးစုပေါင်းကြိုးပမ်းကြစေလိုကြောင်း ပြောကြားကာ သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များပေးအပ်သည်။

ဆက်လက်၍ မင်္ဂလာဒုံမြို့နယ် ရန်ကုန်စက်မှုဇုန်ရှိ ကမ္ဘာသင်တန်းကျောင်းကိုသွားရောက်ကြည့်ရှုကာ ကမ္ဘာသင်တန်းကျောင်း၌ ယခုကဲ့သို့ သင်တန်းများကို အဆင့်ရှိရှိ ဆောင်ရွက်ထားသည့်အတွက် ဂုဏ်ယူပါကြောင်းနှင့် နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်ကိုက်ညီသည့် သင်တန်းကျောင်းဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားစေလိုကြောင်း မှာကြားခဲ့သည်။ **(သတင်းစဉ်)**

ကျောက်ဖြူအထူးစီးပွားရေးဇုန်အား စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၂၄

ရခိုင်ပြည်နယ် ကျောက်ဖြူဒေသသည် ကမ္ဘာ့ကုန်သွယ်ရေးလမ်းကြောင်း၏ မဟာဗျူဟာကျသည့် အချက်အချာ နေရာဒေသတွင် တည်ရှိသော အကောင်းဆုံးရေနက်ဆိပ်ကမ်းဒေသတစ်ခုဖြစ်သည်။ ထိုအလားအလာကောင်းများကို ရေရှည်စီမံကိန်းများချမှတ်ကာ ရေနက်ဆိပ်ကမ်းနှင့် ကျောက်ဖြူအထူးစီးပွားရေးဇုန်တို့ကို စနစ်တကျအကောင်အထည်ဖော်လျက်ရှိပြီး ဖြစ်ထွန်းပေါ်ပေါက်လာပါက ကျောက်ဖြူဒေသသာမက ရခိုင်ပြည်နယ်အပါအဝင် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုပါ အထောက်အကူဖြစ်စေမည်ဖြစ်သည်။

ယခုအခါ ကျောက်ဖြူအထူးစီးပွားရေးဇုန်အတွက် ရင်းနှီးတည်ဆောက်သူ(Developer)အား နိုင်ငံတကာတင်ဒါခေါ်ယူသည့် လုပ်ငန်းစဉ်အတိုင်း ခေါ်ယူဆောင်ရွက်လျက်ရှိသည်။ ယင်းလုပ်ငန်းစဉ်များတွင် စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ အရည်အသွေးထိန်းကွပ်မှုများ လုပ်ဆောင်ရာတွင် အကြံပေးနိုင်မည့် အကြံပေးကုမ္ပဏီအား ရွေးချယ်လျက်ရှိရာ ရွေးချယ်မှုနောက်ဆုံးအခြေအနေတွင် ရောက်ရှိနေပြီဖြစ်သည်။

ယင်းနောက်ဆုံးအခြေအနေတွင် ပထမဦးစားပေးအဖြစ်ရွေးချယ်ထားသည့် အကြံပေးကုမ္ပဏီအုပ်စုအား တင်ဒါခေါ်ယူရေးနှင့် စိစစ်ရွေးချယ်ရေးကော်မတီ(BEAC) ဒုတိယဥက္ကဋ္ဌဖြစ်သည့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိန်းဦးဆောင်သော ကော်မတီအဖွဲ့ဝင်များသည် ရန်ကုန်ဘူတာကြီး စခန်းသာရိပ်သာရှိ ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီရုံးခွဲ၌ ဖေဖော်ဝါရီ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် နောက်ဆုံးအဆင့် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ခဲ့သည်။

ဖေဖော်ဝါရီ ၂၄ ရက်တွင် နေပြည်တော် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌လည်း တင်ဒါခေါ်ယူရေးနှင့် စိစစ်ရွေးချယ်ရေးကော်မတီ (BEAC) ဥက္ကဋ္ဌ၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ကံဇော်ဦးဆောင်၍ ဆက်လက်ညှိနှိုင်းရွေးချယ်ခဲ့ရာ ရွေးချယ်ညှိနှိုင်းမှုရလဒ်များ ရရှိနေပြီဖြစ်ကြောင်းနှင့် မကြာမီရက်ပိုင်းအတွင်း တင်ဒါအောင်မြင်သည့် အကြံပေးကုမ္ပဏီအုပ်စုကို ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီရုံးများဖွင့်လှစ်ပြီးဖြစ်၍ ပြန်လည်စွန့်လွှတ်သည့် မြေများအတွက် မြေသိမ်းဆည်းခံရသူများက ပိုင်ဆိုင်မှုအထောက်အထားများဖြင့် လာရောက်စုံစမ်းလျှောက်ထားနိုင်

စစ်ကိုင်းတိုင်းဒေသကြီး ခရိုင်နှင့် မြို့နယ်အသီးသီးတွင် မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီရုံးများကို အောက်ပါအတိုင်း ဖွင့်လှစ်ပြီးဖြစ်သဖြင့် ပြန်လည်စွန့်လွှတ်သည့်မြေများတွင် သိမ်းဆည်းခံထားရသည့်မြေများ ပါဝင်ခြင်းရှိ၊ မရှိကိုစုံစမ်းနိုင်ကြောင်း၊ ပါဝင်ပါက သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စု မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီရုံး (ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးရုံး)များတွင် ခိုင်လုံသော အထောက်အထားဖြင့် လျှောက်ထားနိုင်ကြောင်းနှင့် တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်-

စဉ်	ကော်မတီအမည်	တည်နေရာ	ဆက်သွယ်ရန်ဖုန်း
၁	စစ်ကိုင်းတိုင်းမြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး	၀၇၁-၂၂၅၃၄
၂	စစ်ကိုင်းခရိုင် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	၀၇၂-၂၁၁၂၅
၃	မုံရွာခရိုင် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	၀၇၁-၂၁၁၈၁
၄	ယင်းမာပင်ခရိုင် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	၀၇၁-၇၃၀၀၂
၅	ရွှေဘိုခရိုင် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	၀၇၅-၂၁၁၃၃
၆	ကသာခရိုင် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	၀၇၅-၂၅၀၀၇
၇	ကလေးခရိုင် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	၀၇၃-၂၁၁၄၂
၈	တမူးခရိုင် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	၀၇၃-၄၀၂၈၄
၉	မော်လိုက်ခရိုင် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	၀၇၃-၄၂၀၄၆
၁၀	ခန္တီးခရိုင် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	၀၁၀-၄၃၂၀၇၉၇
၁၁	စစ်ကိုင်းမြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	၀၇၂-၂၁၁၁၁
၁၂	မြောင်မြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	၀၇၁-၄၃၁၈၂
၁၃	မုံရွာမြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	၀၇၁-၂၁၀၉၂
၁၄	ချောင်းဦးမြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	၀၇၁-၄၅၂၄၄
၁၅	ဘုတလင်မြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	၀၇၁-၅၀၀၀၁
၁၆	အရာတော်မြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	၀၇၁-၆၅၀၀၂
၁၇	ယင်းမာပင်မြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	၀၇၁-၇၃၀၀၃

စဉ်	ကော်မတီအမည်	တည်နေရာ	ဆက်သွယ်ရန်ဖုန်း
၁၈	ကနီမြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	၀၉-၂၅၆၁၅၉၈၀၈
၁၉	ဆားလင်းကြီးမြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	၀၇၁-၇၀၀၉၉
၂၀	ရွှေဘိုမြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	၀၇၅-၂၁၁၂၀
၂၁	ဝက်လက်မြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	၀၇၅-၃၀၃၉၈
၂၂	ခင်ဦးမြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	၀၇၅-၇၀၀၀၂
၂၃	ရေဦးမြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	၀၇၅-၄၀၀၀၅
၂၄	တန့်ဆည်မြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	၀၇၅-၄၉၀၁၁
၂၅	ဒီပဲယင်းမြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	၀၇၁-၅၅၀၀၂
၂၆	ကန့်ဘလူမြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	၀၇၅-၂၇၀၅၀
၂၇	ကျွန်းလှမြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	၀၇၅-၅၉၀၀၁
၂၈	ကျောက်မြောင်းမြို့နယ်ခွဲ မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်ခွဲအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	၀၉-၄၀၀၄၃၇၈၉၃
၂၉	ကသာမြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	၀၇၅-၂၅၀၁၁
၃၀	အင်းတော်မြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	၀၇၅-၂၉၀၁၄
၃၁	ဝန်းသိုမြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	၀၇၅-၅၀၀၁၄
၃၂	ထီးချိုင့်မြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	၀၇၅-၆၀၀၀၁
၃၃	ပင်လယ်ဘူးမြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	၀၁၀-၄၂၉၀၂၄၈
၃၄	ဗန်းမောက်မြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေအထွေအုပ်ချုပ်ရေးဦးစီးဌာန	၀၇၅-၂၉၄၃၆
၃၅	ကောလင်းမြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	၀၇၅-၄၂၀၂၂
၃၆	ကလေးမြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	၀၇၃-၂၁၀၂၂
၃၇	မင်းကင်းမြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	၀၁၀-၄၀၁၀၀၉၉
၃၈	တမူးမြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	၀၇၃-၄၀၁၃၃
၃၉	ဖောင်းပြင်မြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	၀၁၀-၄၂၁၇၀၅၅
၄၀	ဟုမ္မလင်းမြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	၀၁၀-၄၃၃၈၆၄၄

(သတင်းစဉ်)

မီးဘေးကြိုတင်ကာကွယ်တားဆီးရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ် မီးသတ်တပ်ဖွဲ့စခန်း၌ မီးဘေးကြိုတင်ကာကွယ်တားဆီးရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပရာ မြို့နယ်မီးဘေးကြိုတင် ကာကွယ်တားဆီးရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ (မြို့နယ်အုပ်ချုပ်ရေးမှူး)နှင့် ဌာနဆိုင်ရာများ၊ မြို့နယ်/ရပ်ကွက် အထောက်အကူပြု ကော်မတီဝင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးတွင် မြို့နယ်မီးဘေးကြိုတင်ကာကွယ်တားဆီးရေး ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးခင်မောင်ထွေးက အဖွင့်အမှာစကားပြောကြားပြီး တောင်ဥက္ကလာပ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးကိုကိုကြီးက မီးသတ်ဦးစီးဌာန၏ ရည်မှန်းချက်တာဝန်များဖြစ်သည့် မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေး၊ ပြည်သူအကျိုးပြု ဆောင်ရွက်ရေးစသည့် ရည်မှန်းချက်တာဝန်များအပေါ် အခြေခံ၍ မီးသတ်တပ်ဖွဲ့၏ လုပ်ငန်းတာဝန် ဝတ္တရားများကို ရှင်းလင်းတင်ပြပြီး မီးဘေးလုံခြုံရေး၊ မီးဘေးကြိုတင်ကာကွယ်တားဆီးရေးနှင့်ပတ်သက်၍ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၏ လုပ်ဆောင်ချက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တက်ရောက်လာသူများက မြို့နယ်အတွင်း မီးလောင်မှုကင်းဝေးစေရန် မီးဘေးလုံခြုံရေးနှင့် မီးဘေးကြိုတင် ကာကွယ်တားဆီးရေး လုပ်ငန်းများအတွက် လိုအပ်သော သဘာဝရေကန် နှင့်အုတ်ရေကန်များ တည်ဆောက် မွမ်းမံရေးလုပ်ငန်းများ၊ လူနေရပ်ကွက်များအတွင်းရှိ မီးဘေးအန္တရာယ် စိုးရိမ်ရသော စက်မှုလုပ်ငန်းများ ဖယ်ရှားရှင်းလင်းရေး၊ မီးသတ်ယာဉ်များ ဝင်/ထွက်သွားလာ မှုလွယ်ကူစေရေးအတွက် လမ်းများ ရှင်းလင်းထားရေး၊ မီးသတ်တပ်ဖွဲ့၏ အရေးပေါ်ဖုန်းနံပါတ်များအား အလွယ်တကူ သိရှိဆက်သွယ်နိုင်ရေး၊ တရားမဝင် လောင်စာဆီများအား ဖယ်ရှားရှင်းလင်းစေရေး၊ အထပ်မြင့်အဆောက်အအုံများ မီးဘေးလုံခြုံရေးနှင့် ဘေးအန္တရာယ်ကာကွယ်ရေးအတွက် စစ်ဆေးဆောင်ရွက်နိုင်ရေး၊ အရန်မီးသတ်တပ်ဖွဲ့ဝင်အင်အားတိုးချဲ့ဖွဲ့စည်းရေးနှင့် လေ့ကျင့်သင်တန်းပေးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး၊ လူနေအိမ်တိုင်းတွင် မီးဘေးကာကွယ်ရေးအတွက် ရှေးဦးမီးငြိမ်းသတ်ရေးပစ္စည်း၊ မီးသတ်ဆေးဘူးများထားရှိဆောင်ရွက်ရေးစသည့် လိုအပ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်သွားရန် ပေါင်းစပ်ညှိနှိုင်းဆွေးနွေးကြပြီး မြို့နယ်မီးဘေးကြိုတင်ကာကွယ်တားဆီးရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ(မြို့နယ်အုပ်ချုပ်ရေးမှူး)က နိဂုံးချုပ်အမှာစကားပြောကြားပြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

(ကိုကိုကြီး)

မီးဘေးကြိုတင်ကာကွယ်ရေးသရုပ်ပြပွဲ ကျင်းပ

မင်္ဂလာဒုံ ဖေဖော်ဝါရီ ၂၄

ရန်ကုန်မြောက်ပိုင်းခရိုင် တပ်မြို့စည်ပင်သာယာရေးအဖွဲ့ မင်္ဂလာဒုံဈေးကြီးတွင် ဖေဖော်ဝါရီ ၂၃ ရက်က မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်မီးသတ်ဦးစီးဌာနမှ ဦးစီးမှူး ဦးမြင့်ခိုင်နှင့် အဖွဲ့ဝင်များ၊ မင်္ဂလာဒုံမြို့နယ် မြန်မာ့လျှပ်စစ်ဌာနမှ အုပ်စုမှူး အလိုင်းမင်း ဦးမြင့်အေးနှင့် တပ်မြို့စည်ပင်သာယာရေးအဖွဲ့မှ ဈေးတာဝန်ခံ ဒေါ်သန်းသန်းမြင့်၊ ဒုတာဝန်ခံ ဦးစိုးလွင်၊ မင်္ဂလာဒုံဈေးသူ ဈေးသားများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးမီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်မှုအနေဖြင့် မီးငြိမ်းသတ် သရုပ်ပြဇာတ်တိုက်လေ့ကျင့်မှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(၅၃၂)

လယ်ယာစပါး ပြည့်အားထား
တားဆီးကာကွယ် မီးရန်စွယ်





ပြည်တွင်းရေးရာ

ခရီးသွားပြည်သူများ လမ်းလုံခြုံရေးအတွက် ရန်ကုန်-မန္တလေးအမြန်လမ်း၌ Your Speed တပ်ဆင်ထား

တွေ့ဆုံမေးမြန်း-ကျော်သူရ(နေပြည်တော်)
ဓာတ်ပုံ-ကျော်သူရ

ရန်ကုန်-မန္တလေးအမြန်လမ်းကြီးတွင် ယာဉ်မတော်တဆမှုများ လျော့နည်းစေရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အမြန်လမ်းရဲတပ်ဖွဲ့အနေဖြင့် လုံခြုံရေးဆောင်ရွက်ထားရှိမှုများကို သိရှိနိုင်ရန်အတွက် မိမိတို့ကြေးမုံသတင်းအဖွဲ့မှ အမြန်လမ်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးနေဝင်းအား သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်။

မေး။ ။ ရဲမှူးကြီးခင်ဗျာ အမြန်လမ်းရဲတပ်ဖွဲ့အနေနဲ့ လမ်းလုံခြုံရေးနဲ့ ယာဉ်မတော်တဆမှုများ လျော့နည်းစေဖို့ အမြန်လမ်းတစ်လျှောက် ဘယ်လိုဆောင်ရွက်ထားသလဲဆိုတာ သိပါရစေ။

ဖြေ။ ။ ကျွန်တော်တို့ အမြန်လမ်းရဲတပ်ဖွဲ့အနေနဲ့ ရန်ကုန်-မန္တလေးအမြန်လမ်းတစ်လျှောက်မှာ ရဲစခန်း ၁၅ ခု၊ ရဲကင်း ၄၀ ၊ နေပြည်တော်ကွပ်ကဲရေးရုံးတစ်ရုံးထားရှိပြီး ယာဉ်သွားယာဉ်လာ လုံခြုံရေးနဲ့ ယာဉ်မတော်တဆမှု လျော့နည်းစေရေးအတွက် နေ့၊ ညမပြတ် တာဝန်ထမ်းဆောင်လျက်ရှိပါတယ်။

မေး။ ။ရန်ကုန် - မန္တလေး အမြန်လမ်းမကြီးမှာ နေ့စဉ်ဖြတ်သန်းသွားလာနေတဲ့ ယာဉ်တွေ တစ်နေ့တာ ပျမ်းမျှအားဖြင့် အစီးရေဘယ်လောက်သွားလာနေတယ်ဆိုတာ သိပါရစေ။

ဖြေ။ ။ ကျွန်တော်တို့ရဲ့ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးမှာ တစ်နေ့တာ အစီးရေအနေနဲ့ ၅၀၀၀ ခန့် ဖြတ်သန်းသွားလာနေကြောင်း လမ်းမကြီးတစ်လျှောက် လမ်းအသုံးပြုခကောက်ခံနေတဲ့ တိုးဂိတ်များရဲ့ ဝင်/ထွက်သွားလာမှု မှတ်တမ်းများအရ သိရပါတယ်။

မေး။ ။ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်မှာ ဖြစ်ပွားခဲ့တဲ့ ယာဉ်မတော်တဆမှုတွေဟာ မည်သည့်အကြောင်းရင်းတွေကြောင့် ဖြစ်ပွားတတ်သလဲဆိုတာ သိပါရစေ။

ဖြေ။ ။ ကျွန်တော်တို့ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးမှာ ယာဉ်မတော်တဆမှုတွေဖြစ်ပွားတဲ့ အဓိကအကြောင်းအရင်းကတော့ သုံးမျိုးရှိပါတယ်။ လူကြောင့် ဖြစ်ပွားရတဲ့ ယာဉ်မတော်တဆမှု၊ ယာဉ်ကြောင့်ဖြစ်ပွားရတဲ့ ယာဉ်မတော်တဆမှု၊ လမ်းကြောင့်ဖြစ်ပွားရတဲ့ ယာဉ်မတော်တဆမှု၊ ဥပမာ လူကြောင့်ဖြစ်ပွားရတဲ့ အကြောင်းအရင်းကတော့ ယာဉ်မောင်းရင်း အိပ်ငိုက်ခြင်း၊ အရက်သောက်ရင်း ယာဉ်မောင်းခြင်း၊ လမ်းပြောင်းပြန် မောင်းနှင်မှုတို့ကြောင့် ယာဉ်မတော်တဆမှုတွေ ဖြစ်ပွားခဲ့ရပါတယ်။ ယာဉ်ကြောင့်ဖြစ်ပွားရတဲ့ အကြောင်းအရင်းကတော့ အရှိန်ပြင်းစွာ မောင်းနှင်တဲ့အတွက် အရှိန်လွန်ပြီး ဘီးပေါက်ကာ ယာဉ်မတော်တဆမှုဖြစ်ပွားခြင်း၊ လမ်းကြောင့် ဖြစ်ပွားခြင်းကတော့ အရှိန်လွန်မောင်းနှင်မှုနဲ့အတူ လမ်းချော်မှုဖြစ်ပြီး တိမ်းမှောက်မှုဖြစ်ပွားခြင်း စသည်တို့အတွက်ကြောင့် ဖြစ်ပါတယ်။

မေး။ ။ ၂၀၁၃ ခုနှစ်မှာ ဖြစ်ပွားခဲ့တဲ့ ယာဉ်မတော်တဆမှု အရေအတွက်ကို သိပါရစေ။

ဖြေ။ ။ ၂၀၁၃ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ ယာဉ်မတော်တဆမှုပေါင်း ၂၅၉ မှု ဖြစ်ပွားခဲ့ပါတယ်။ အဲဒီအထဲမှာ ယာဉ်ကြောင့် ဖြစ်ပွားခဲ့ရတဲ့ မတော်တဆမှုကတော့ ၁၄၂ မှု၊ လူကြောင့်ဖြစ်ပွားတဲ့ မတော်တဆမှုကတော့ ၁၁၄ မှု၊ လမ်းကြောင့်ဖြစ်ပွားရတဲ့ မတော်တဆမှုကတော့ သုံးမှုဖြစ်ပါတယ်။

မေး။ ။ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးမှာ ယာဉ်မတော်တဆမှု လျော့နည်းစေရေးအတွက် Your Speed တွေ တပ်ဆင်ထားတယ်လို့ သိရပါတယ် Your Speed တွေ တပ်ဆင်ပေးထားတဲ့အတွက် အကျိုးရလဒ်ကို သိပါရစေ။

ဖြေ။ ။ Your Speed အနေနဲ့ လက်ရှိအခြေအနေမှာ ဆောက်လုပ်ရေးဝန်ကြီးဌာနက ၁၄ ခု တပ်ဆင်ပေးထားပါတယ်။ Your Speed (ဂရပ်ဖစ်)ရဲ့ လုပ်ဆောင်ချက်တွေက မောင်းနှင်နေတဲ့ မိုင်နှုန်းကိုပြမယ်၊ ဥပမာ - ၁၂၀ နှုန်း မောင်းနေပြီဆိုရင် Your Speed မှာ ၁၂၀ ကို အနီစာလုံးနဲ့ ပေါ်လာမယ်။ ဒါကိုကြည့်ပြီး မောင်းတဲ့သူက အရှိန်လျှော့ပြီး မောင်းသွားမယ်။ ၁၀၀ နှုန်းနဲ့အောက် မောင်းတယ်ဆိုရင်လည်း အစိမ်းစာလုံးနဲ့ ဂဏန်းတွေ ပေါ်လာမယ်။ ယာဉ်မောင်းတဲ့သူတွေ အားလုံးက Your Speed ကပြတဲ့ မိုင်နှုန်းတွေကိုကြည့်ပြီး အရှိန်ကို လိုသလို ထိန်းပြီးမောင်းနှင်ဖို့ လိုပါတယ်။ မကြာမီကာလမှာ Your Speed ထဲကို Memory ထည့်ပြီး ဆောင်ရွက်ဖို့ ရှိပါတယ်။ Your Speed ထဲမှာ Memory ထည့်ပြီး အရှိန်ပြင်းမောင်းတဲ့သူတွေကို ဖမ်းဆီးတဲ့အခါ ယာဉ်မောင်းတွေ Complain (ငြင်းဆန်)လို့ မရတော့ဘူး။ ယာဉ်မောင်းက အဲဒီနှုန်းကို မမောင်းဘူးဆိုပြီး Complain တက်ခဲ့ရင် မင်းဘယ်နေရာ၊ ဘယ်မိုင်တိုင်မှာ ဘယ်နှုန်းနဲ့ မောင်းတယ်ဆိုပြီး Memory ကို ပြန်ပြလိုက်ရုံပဲ။ အခုလောလောဆယ်မှာ အရှိန်ထိန်းတိုင်းကိရိယာ နှစ်ခုနဲ့ပဲ ဖမ်းဆီးနေတာဖြစ်တဲ့အတွက် ယာဉ်မောင်းတွေက လစ်ရင်လစ်သလို အရှိန်ပြင်း မောင်းကြတယ်။ အဲဒီလို မောင်းတော့ ယာဉ်မတော်တဆမှုတွေဖြစ်တာပေါ့။

အမြန်လမ်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးနေဝင်း။

မေး။ ။ Your Speed တွေ ထပ်မံပြီး တပ်ဆင်ဖို့ အစီအစဉ်ရှိပါသလား၊ ဘယ်နေရာတွေမှာ တပ်ဆင်မယ်ဆိုတာ သိပါရစေ။

ဖြေ။ ။ Your Speed Feed Back အလုံး ၂၀ ကို ထပ်မံတပ်ဆင်ဖို့ ရှိပါတယ်။ နေရာတွေကတော့ အမြန်လမ်းရဲတပ်ဖွဲ့ရဲ့ လုံခြုံရေးရဲကင်း၊ ရဲစခန်းတွေရဲ့ အနီးအနားမှာ တပ်ဆင်သွားဖို့ ကျွန်တော်အကြံပြုထားပါတယ်။ ဘာကြောင့်လည်းဆိုတော့ ကျွန်တော်တို့ ရဲတပ်ဖွဲ့ဝင်တွေက ညလုံးပေါက်တာဝန်ထမ်းဆောင်ပြီး နေ့ခင်းအနားပေးထားတဲ့အတွက် လမ်းတစ်လျှောက်ရှိ အရင်တပ်ဆင်ပေးထားတဲ့ Your Speed ရဲ့ ဆိုလာပြားတွေ၊ ဘက်ထရီအိုးတွေ စတာတွေကို ခိုးယူခံနေရတာ မကြာခဏကြုံတွေ့နေရတဲ့အတွက် ရဲစခန်း၊ ရဲကင်းတွေ အနီးအနားမှာ ထားပါက ပျောက်ဆုံးမှုမရှိဘဲ အကျိုးရှိစွာ ရေရှည်သုံးစွဲနိုင်မှာ ဖြစ်ပါတယ်။

မေး။ ။ ရဲမှူးကြီးပြောသွားတဲ့အထဲမှာ ရဲစခန်း ၁၅ ခု၊ ရဲကင်း ၄၀ အမြန်လမ်းတစ်လျှောက် လုံခြုံရေးချထားတယ်လို့ သိရပါတယ်။ အဲဒီလုံခြုံရေးတပ်ဖွဲ့ဝင်တွေဟာ ဘယ်လိုဆောင်ရွက်နေတယ်ဆိုတာကိုလည်း သိပါရစေ။

ဖြေ။ ။ ကျွန်တော်တို့ရဲ့ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတွင် သုံးမိုင်အကွာအဝေးတစ်ခုမှာ ရဲကင်းတစ်ခု ထားပေးပါတယ်။ ရဲစခန်း ၁၅ ခုမှာရှိတဲ့ စခန်းမှူးတွေ ကိုယ်တိုင်ကိုယ်ကျ ညဘက်တွင် လှည့်ကင်း၊ ပတ်ကင်း (ဇီးဇက်)အချိတ်အဆက်မိအောင် အဆက်မပြတ် ဆောင်ရွက်ပါတယ်။

မေး။ ။ ရဲမှူးကြီးတို့ အမြန်လမ်းရဲတပ်ဖွဲ့အနေနဲ့ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးကို အသုံးပြုပြီးသွားလာနေတဲ့ ယာဉ်နဲ့ ခရီးသွားပြည်သူတွေအတွက် လုံခြုံမှုရှိစေရေး ရှေ့ဆက်ဆောင်ရွက်မယ့် လုပ်ငန်းတွေကိုလည်း သိပါရစေ။

ဖြေ။ ။ ကျွန်တော်တို့ အမြန်လမ်းရဲတပ်ဖွဲ့က အမြန်လမ်းလုံခြုံရေးအတွက် လှည့်ကင်း၊ ပတ်ကင်းတွေကို ဆက်လက်တိုးချဲ့ဆောင်ရွက်သွားမှာဖြစ်သလို လိုအပ်ပါက ရဲစခန်း၊ ရဲကင်းတွေ တိုးချဲ့ဖွဲ့စည်းဆောင်ရွက်သွားမှာပါ။ ကျွန်တော်တို့အမြန်လမ်းမကြီးပေါ်မှာ ဆိုင်ကယ်မောင်းနှင်ခွင့်မပြုခဲ့ပါဘူး။ ဒါကလည်း ယာဉ်နဲ့လူ အသက်အန္တရာယ်အတွက်ကြောင့်ဖြစ်ပါတယ်။ အမြန်လမ်းမကြီးတစ်လျှောက် ဝဲ၊ ယာမှာရှိတဲ့ ကျေးရွာများမှ တောင်ယာ၊ ထင်းခုတ်လုပ်ကိုင်နေကြတဲ့ ဒေသခံတွေဟာ တစ်နေရာမှ တစ်နေရာသို့ သွားလာမှုလွယ်ကူစေရန် မော်တော်ဆိုင်ကယ်ကို အသုံးပြုသွားလာနေတာကို တွေ့ရပါတယ်။ ၎င်းတို့ စီးနင်းသွားလာနေတဲ့ ဒေသခံတွေ အမြန်လမ်းကို အသုံးပြုအဆင်ပြေနိုင်စေရေးအတွက် ကွန်ကရစ်လမ်းမကြီးရဲ့ တစ်ဖက်တစ်ချက်မှာရှိတဲ့ (Original Ground) လက်ရှိ မြေသားကို လမ်းအဖြစ် သွားလာခွင့်ပြုထားပါတယ်။ ရှေ့ဆက်လက်ပြီးလည်း မြေသားလမ်းပေါ်မှာ ကွန်ကရစ်လမ်းခင်းပေးပြီး မော်တော်ဆိုင်ကယ်တွေကို မောင်းနှင်ခွင့်ပြုသွားမှာပါ။

မေး။ ။ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး ရေရှည်လုံခြုံမှုအတွက် ရဲမှူးကြီးအနေနဲ့ ဘာတွေများ ဖြည့်စွက်ပြောကြားလိုပါသလဲ။

ဖြေ။ ။ ကျွန်တော်ပြောချင်တာကတော့ ဒီအမြန်လမ်းမကြီးမှာ ယာဉ်မောင်းတွေအတွက် လမ်းအပိုင်းအလိုက် မောင်းနှင်ရမယ့် Speed ဆိုင်းဘုတ်တွေ အသိပေးတပ်ဆင်ထားသော်လည်း အချို့ယာဉ်မောင်းတွေမှာ လိုက်နာမှုအားနည်းနေတာ တွေ့ရှိရပါတယ်။ မှတ်မှတ်ရရ ပြောရရင်တော့ အရှိန်နှုန်းတိုင်းစက်ရဲ့ ဖော်ပြချက်အရ ၁၆၈ ကီလိုထိ မောင်းနှင်သွားတဲ့ မော်တော်ယာဉ်ကို တွေ့ရှိရပါတယ်။ အဲဒီလို သတ်မှတ်ကီလိုကျော်လွန်မောင်းနှင်တဲ့ မော်တော်ယာဉ်တွေဟာ လူကြောင့်သော်လည်းကောင်း၊ ယာဉ်ကြောင့်သော်လည်းကောင်း၊ လမ်းကြောင့်သော်လည်းကောင်း ယာဉ်မတော်တဆဖြစ်စဉ်များ ဖြစ်ပွားလေ့ရှိပါတယ်။ အခုနှစ် ဇန်နဝါရီလမှ ယနေ့အထိ လူကြောင့် ၁၇ မှု၊ ယာဉ်ကြောင့် ၃၅ မှု ဖြစ်ပွားခဲ့ကြောင်း မှတ်တမ်းအရ သိရပါတယ်။ ရှေ့လာမယ့် နွေရာသီကျောင်းပိတ်ရက် ဘုရားဖူးကာလမှာ ဘုရားဖူးယာဉ်အဖြစ် Light Truck ယာဉ်တွေကို အသုံးများကြတယ်။ Light Truck ယာဉ်တွေ သတ်မှတ်ကီလို ၁၀၀ နှုန်းမောင်းနှင်ရင် အန္တရာယ်ရှိတဲ့အတွက် ကီလို ၈၀ နှုန်းသာ မောင်းနှင်စေလိုကြောင်း ဖြည့်စွက်ပြောကြားလိုပါတယ်။

သတင်းအဖွဲ့။ ။ ယခုလို ကျွန်တော်တို့သတင်းအဖွဲ့ သိရှိလိုတဲ့အချက်အလက်တွေကို ဖြေကြားပေးတဲ့အတွက် ရဲမှူးကြီးကို ကျေးဇူးအထူးတင်ရှိပါတယ်။

ရဲမှူးကြီး။ ။ ကျွန်တော်ကလည်း ယာဉ်မောင်းတွေနဲ့ ခရီးသွားပြည်သူတွေ တစ်ဆင့်ပြန်လည်သိရှိရန်အတွက် ပြန်လည်တင်ပြပေးမယ့် ယခုကဲ့သို့ လာရောက်တွေ့ဆုံ မေးမြန်းခဲ့တဲ့ ကြေးမုံသတင်းအဖွဲ့ကို ကျေးဇူးအထူးတင်ရှိပါတယ်။ ။

ယဉ်ကျေးမှုအဖွဲ့များသို့ အလှူငွေများ ထောက်ပံ့ပေးအပ်

နောင်ချို ဖေဖော်ဝါရီ ၂၄

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ နောင်ချိုမြို့နယ်ရှိ ယဉ်ကျေးမှုအဖွဲ့များသို့ ပံ့ပိုးသည့် အလှူငွေကျပ် သိန်း ၃၀ ပေးအပ်ပွဲကို ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အားမာန်ခန်းမ၌ ကျင်းပရာ ဓနုစာပေနှင့် ယဉ်ကျေးမှုအဖွဲ့သို့ ငွေကျပ် ၁၀ သိန်း၊ ရှမ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့သို့ ငွေကျပ် ၁၀ သိန်း၊ ကချင်တိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့သို့ ငွေကျပ် လေးသိန်း၊ လားဟူတိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့သို့ ငွေကျပ် သုံးသိန်း၊ မြောင်စီးတိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့သို့ ငွေကျပ် သုံးသိန်း စုစုပေါင်း ထောက်ပံ့အလှူငွေကျပ် သိန်း ၃၀ ပေးအပ်ခဲ့ကြောင်းသိရသည်။

(သန်းသန်းထွေး)



လျှို့ဝှက်ထားသည့် ကေတီဟုမ်း၏ချစ်ရေးချစ်ရာ

ဟောလိဝုဒ်မင်းသမီးတစ်ဦးဖြစ်သူ ကေတီဟုမ်းက Django Unchained ဇာတ်ကားမှ သရုပ်ဆောင် Jamie Foxx နှင့် ချစ်ကြိုးသွယ်လျက်ရှိသော်လည်း အစစအရာရာ အဆင်သင့်မဖြစ်သေးသည့်အတွက် ပရိသတ်သို့ အသိပေးခြင်းမပြုသေးခြင်းဖြစ်ကြောင်း ဟောလိဝုဒ်အနုပညာသတင်းရပ်ဝန်းမှ သိရသည်။

ကေတီဟုမ်းသည် ဟောလိဝုဒ်ကြေးငွေယူသူ တွမ်ခရုစ်နှင့် လက်ထပ်ခဲ့ကာ ယခု အသက်(၇)နှစ်အရွယ် သမီးငယ် ဆူရီကို မွေးဖွားခဲ့ပြီး ၂၀၁၂ ခုနှစ်တွင် ကွာရှင်းခဲ့ကြသည်ကို အားလုံးသိကြပြီးဖြစ်သော်လည်း တွမ်ခရုစ်ဘက်မှ တုံ့ပြန်လာမှုများအတွက် စိုးရိမ်နေသေးကြောင်း၊ ဖြေရှင်းစရာများ အားလုံးရှင်းလင်းပြီးသွားလျှင် လက်ထပ်မည့် အစီအစဉ်ကို ပရိသတ်များအား အတိအလင်းကြေညာမည်ဖြစ်ပါကြောင်း Jamie Foxx ၏ ပြောကြားချက်ကို မြိတ်နီမဂ္ဂဇင်း Grazia က သတင်းဖော်ပြထားသည်။

ယခုအခါ ဖက်ရှင်လိုင်းဘက်သို့ ခြေဦးလှည့်နေသည့် အမေရိကန်မင်းသမီးချော ကေတီဟုမ်းက မိခင်တစ်ဦးတည်းက သားသမီးကို ပြုစုပျိုးထောင်ခြင်းကို အသားပေးရိုက်ကူးမည့် Molly အမည်ရှိ ဇာတ်ကားကို ကိုယ်တိုင်ဇာတ်ညွှန်းရေးသားပြီး ကိုယ်တိုင်ရိုက်ကူးထုတ်လုပ်သွားရန်စီစဉ်ထားကြောင်း သိရသည်။

ဆက်လက်ပြီး မင်းသမီး ကေတီဟုမ်းသည် ၂၀၁၄ ခုနှစ်အတွင်းထွက်ရှိလာမည်ဖြစ်ပြီး ရိုက်ကူးဆဲဖြစ်သည့် **Mania Days** အချစ် ဒရာမာဇာတ်ကားတွင် ကလာရအဖြစ်လည်းကောင်း၊ **The Giver** သိပ္ပံဇာတ်ကားတွင် ဩစတြေးလျမင်းသား **Brenton Thwaites** ၏ မိခင်အဖြစ် လည်းကောင်း ပါဝင်သရုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

Gravity ဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်း။

အကောင်းဆုံးအသံပိုင်းဆိုင်ရာထူးချွန်ဆုရရှိခဲ့သည့် အော်စကာဆန်ခါတင်ဇာတ်ကား Gravity

၂၀၁၄ ခုနှစ်အတွင်း ကျင်းပခဲ့သည့် ဆုပေးပွဲပေါင်းများစွာတွင် ဆုများမလွတ်တန်းရရှိဆွတ်ခူးခဲ့သည့် Gravity ဇာတ်ကားသည် လော့စ်အိန်ဂျလိစ်၌ ကျင်းပသည့် ရုပ်ရှင်ဇာတ်ကားများ၌ အသံဖန်တီးမှု အကောင်းဆုံး ဇာတ်ကားများကို ဆုရွေးချယ်ချီးမြှင့်သည့် အကြိမ်(၅၀)မြောက် Cinema Audio Society Awards ဆုပေးပွဲအခမ်းအနားတွင်လည်း အကောင်းဆုံးအသံပိုင်းဆိုင်ရာထူးချွန်ဆုကို ထပ်မံရရှိ ဆွတ်ခူးခဲ့သည်။

ယင်းဆုပေးပွဲအခမ်းအနားတွင် မှတ်တမ်းရုပ်ရှင်၊ ရုပ်သံဇာတ်လမ်းတွဲနှင့် မီနီစီးရီး(သို့မဟုတ်) အထူးရုပ်သံဇာတ်လမ်းတွဲဟူ၍ ကဏ္ဍသုံးမျိုးခွဲခြားပေးထားပြီး ဆုပေးပွဲမတိုင်မီချီးမြှင့်သည့် ဆန်ခါတင်ဆုပေးပွဲတွင် နာမည်ကျော် စူပါဟီးရိုးဇာတ်ကား Iron Man 3 ဇာတ်ကား ပါဝင်ခဲ့သော်လည်း ဆုနှင့်လွဲချော်ခဲ့ရသည်။

နာမည်ကျော် ဟောလိဝုဒ်မင်းသမီး ဆန်ဒရာဘူးလော့ခ် ပါဝင်သရုပ်ဆောင်ထားသည့် အဆိုပါ Gravity ဇာတ်ကားသည် BAFTAs ဆုပေးပွဲတွင်လည်း အကောင်းဆုံးအသံပိုင်းဆိုင်ရာဆု ဆွတ်ခူးခဲ့ပြီး ယင်းဇာတ်ကားသည် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၇၀၀ ကျော်ဖြင့် ၂၀၁၃ ခုနှစ်အတွင်း အငွေမင်ငွေအများဆုံးအဖြစ် ရပ်တည်နိုင်ခဲ့သည်။

ထို့အပြင် Gravity ဇာတ်ကားတွင် ဒေါက်တာရိုင်ယန်စတုန်းအဖြစ် ခေါင်းဆောင်ပါဝင်ထားသည့် မင်းသမီး ဆန်ဒရာဘူးလော့ခ်သည် မကြာမီအချိန်နှင့်းမည့် အော်စကာဆုပေးပွဲအပါအဝင် ဆုပေးပွဲပေါင်း များစွာတွင် ယင်းဇာတ်ကားဖြင့် အကောင်းဆုံးအမျိုးသမီးဇာတ်ဆောင်ဆုများကို ဆန်ခါတင်အဖြစ် ရွေးချယ်ခံထားရကြောင်း သိရသည်။

နာမည်ကြီးထိုင်းရုပ်သံအစီအစဉ်တွင် ပါဝင်ခဲ့သည့် ကင်ဝူဘင်း

တောင်ကိုရီးယားရုပ်ရှင်သရုပ်ဆောင်နှင့် မော်ဒယ်တစ်ဦးဖြစ်သူ ကင်ဝူဘင်းက ထိုင်းနိုင်ငံတွင် ပရိသတ်တွေ့ဆုံပွဲ ပြုလုပ်နေစဉ်အတွင်း CH3 Morning News အမည်ရှိ ထိုင်းနိုင်ငံရှိ နာမည်ကြီးတီဗွီအစီအစဉ်တစ်ခုတွင် ပါဝင်လာခဲ့သည်။

ယင်းတီဗွီအစီအစဉ်တွင် လီဆောင်ဂီ၊ Super Junior နှင့် 2PM တို့ကဲ့သို့ အခြားနာမည်ကြီး ကိုရီးယားကြယ်ပွင့်များလည်း ပါဝင်ခဲ့ကြပြီးဖြစ်ကာ ကင်ဝူဘင်း အတွက်မူ ယင်းမှာ ပထမဆုံးအကြိမ်ဖြစ်သည်။

"ကျွန်တော့်ရဲ့ ထိုင်းနိုင်ငံမှာ ပထမဆုံးအကြိမ်လုပ်တဲ့ ပရိသတ်တွေ့ဆုံပွဲမှာ ဒီလိုနာမည်ကြီးရုပ်သံလိုင်းတစ်ခုကနေ ပရိသတ်အမြောက်အမြားကို တွေ့ဆုံရတဲ့အတွက် ဂုဏ်ယူမိပါတယ်၊ အခွင့်အရေးရှိရင် ထိုင်းပရိသတ်ကြီးနဲ့ ထပ်တွေ့ချင်ပါသေးတယ်၊ ပရိသတ်များအနေဖြင့်လည်း ဒီထက်မကတဲ့ အောင်မြင်မှုများ ထပ်မံရရှိပါစေလို့ ဆုတောင်းပြပါတယ်" ဟု အဆိုပါ အင်တာဗျူးတွင် ထည့်သွင်းပြောကြားခဲ့သည်။

ကင်ဝူဘင်းသည် ၎င်း၏ပရိသတ်တွေ့ဆုံပွဲများကို ဟောင်ကောင်တွင် ပြုလုပ်ခဲ့ပြီးဖြစ်ပြီး ဆက်လက်၍ ရှန်ဟိုင်းနှင့် ထိုင်းနိုင်ငံတို့တွင် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အမေရိကန်နိုင်ငံ၌ထုတ်လွှင့်ခဲ့သည့် CNBLUE ၏ဂီတဖျော်ဖြေရေးခရီးစဉ်မှတ်တမ်း

တောင်ကိုရီးယားဂီတအဖွဲ့ CNBLUE ၏ 'Go! CNBLUE' ဂီတဖျော်ဖြေရေးခရီးစဉ်မှတ်တမ်းကို အမေရိကန်နိုင်ငံ၌ ဖေဖော်ဝါရီ ၂၄ ရက်က ထုတ်လွှင့်ပြသခဲ့ကြောင်း သိရသည်။

ဇန်နဝါရီလမှ အစပြုခဲ့သည့် CNBLUE အဖွဲ့၏ အဆိုပါမှတ်တမ်းကို တောင်နှင့် မြောက်အမေရိကတို့တွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ယင်းတွင် အယ်လ်ဘမ်အသစ်အတွက် CNBLUE အဖွဲ့သားအားလုံး တက်ကြွစွာ ပါဝင်ဆောင်ရွက်ပုံ၊ သီချင်းအပုဒ်တိုင်းအတွက် ဂရုတစိုက်ဆောင်ရွက်ပုံနှင့် ယင်းအယ်လ်ဘမ်၏ ထုတ်လုပ်ပုံအဆင့်ဆင့်တို့ကို နောက်ခံစကားပြောများ၊ စာတန်းထိုးများဖြင့် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းအစီအစဉ်ကို တောင်ကိုရီးယား၌ ဖေဖော်ဝါရီ ၂၇ ရက်တွင် စတင်ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ထုတ်လွှင့်ချိန်ကို ထပ်မံကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

CNBLUE အဖွဲ့သည် ၎င်းတို့၏ Can't Stop အမည်ရှိ ပဉ္စမမြောက် မီနီအယ်လ်ဘမ်ကို ဖေဖော်ဝါရီ ၂၄ ရက်က စတင်ဖြန့်ချိခဲ့သည်။

မျိုး စန္ဒာ မောင် ရေး သား သည်

UNIQUE STAR TRAVELS

Mar. 24/Apr. 11,12,13 (360,000)

Feb. 28/Mar. 14,26/Apr. 11,12,13 (195,000)

Feb. 28/Mar. 14,26/Apr. 12,13 (195,000)

Feb. 28/Mar. 14,26/Apr. 13 (195,000)

(70,000) / (80,000) / (290,000)

ကျေးဇူးဆပ်ပါမည်

ဆက်သွယ်ရန် ဦးကျော်လှိုင်ဝင်း

ASIA KING 01-307973, 09-43114301

Logistics Media Services Co., Ltd.

ထိုင်း-မြန်မာချစ်ကြည်ရေးစက်ဘီးစီးပွဲတော်ဖွင့်ပွဲ ကျင်းပ

မြဝတီ ဖေဖော်ဝါရီ ၂၄

ထိုင်း-မြန်မာချစ်ကြည်ရေးစက်ဘီးစီးပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၂ ရက်က မဲဆောက်-မြဝတီ ချစ်ကြည်ရေးတံတားပေါ်တွင် ကျင်းပရာ ထိုင်းနိုင်ငံ တာ့ခ်ခရိုင်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြဝတီခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများတက်ရောက်၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ဆက်လက်၍ ထိုင်းနိုင်ငံမဲဆောက်မြို့မှ ကျောင်းသား ကျောင်းသူ စက်ဘီး ၉၀၀ ကျော်နှင့် မြဝတီမြို့နယ်မှ ကျောင်းသား ကျောင်းသူ စက်ဘီး ၃၀၀ ကျော်တို့ စုပေါင်း၍ မြဝတီချစ်ကြည်ရေးတံတားထိပ်မှ ငွေရှမ်းအလယ်တန်းကျောင်းဝင်းအတွင်း ရပ်နား၍ အကပဒေသာများဖြင့် ပျော်ပွဲရွှင်ပွဲပြုလုပ်ပြီး ကျောင်းသား ကျောင်းသူများအား ကံစမ်းမဲများဖောက်ပေးကာ ငွေရှမ်းအလယ်တန်းကျောင်းမှ ချစ်ကြည်ရေးတံတားကိုဖြတ်ကာ ထိုင်းနိုင်ငံ ပြန်လည်ထွက်ခွာသွားကြောင်း သိရသည်။ **ထွန်းထွန်းဦး(မြဝတီ)**

ဘောလုံးပွဲဆုပေးပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် သမ္မတကမ်းခြေရပ်ကွက်တွင် ပြည်ထောင်စုနေ့အထိမ်းအမှတ်အဖြစ် ဇန်နဝါရီ ၁၂ ရက်မှ စတင်ကျင်းပခဲ့သော အမျိုးသားလူငယ်ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၃ ရက် ညနေပိုင်းက အလက(၅) ကျောင်းဘောလုံးကွင်း၌ ပြုလုပ်သည်။

ပြိုင်ပွဲတွင် ဘောလုံးအသင်း ၁၇ သင်းပါဝင်ယှဉ်ပြိုင်ခဲ့ပြီး အဆိုပါနေ့တွင် ဗိုလ်လုပွဲအဖြစ် မာဒီယာနာအသင်းနှင့် ကူးတို့(သ/မ)အသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကြရာ မာဒီယာနာအသင်းက ကူးတို့(သ/မ)အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့်အနိုင်ရရှိပြီး ပထမဆုကို ရယူနိုင်ခဲ့သည်။ ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ဒလမြို့နယ်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးဌေးရှိန်က အဖွင့်အမှာစကားပြောကြားပြီး ဆုရရှိသူများကို တာဝန်ရှိသူများက ဆုများအသီးသီးချီးမြှင့်ကြသည်။ ဘောလုံးပွဲတွင် ကံစမ်းမဲလက်မှတ်များဖြင့် မော်တော်ဆိုင်ကယ်၊ တီဗွီ၊ ရေခဲသေတ္တာတို့ကို မဲနှိုက်ပေးခဲ့သည်။

(မင်းရဲမာန်-နေပြည်တော်)

ဘွန်ဒက်စ်လီဂါနှင့် ချန်ပီယံလိဂ်ဖလားနှစ်လုံး ဘိုင်ယန်မြူးနစ်ရရှိရန် ရှုဝိန်းစတိုင်ဂါပစ်မှတ်ထားနေ

ဘိုင်ယန်မြူးနစ်အသင်းမှ ဂျာမနီကြယ်ပွင့် ရှုဝိန်းစတိုင်ဂါသည် ခြေသလုံးဒဏ်ရာရရှိခဲ့ခြင်းကြောင့် သုံးလကြာ အနားယူရပြီး ဘိုင်ယန်မြူးနစ်အသင်း၏ ပွဲထွက်ကစားသမားစာရင်းနှင့် လွဲချော်ခဲ့ရပြီးနောက် ဒဏ်ရာမှ ပြန်လည်သက်သာကာ ဖေဖော်ဝါရီ ၂၂ ရက် ညပိုင်းတွင် ဘိုင်ယန်မြူးနစ်အသင်းက ဟန်နိုဗာအသင်းကို လေးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည့် ဘွန်ဒက်စ်လီဂါပွဲစဉ်တွင် အကောင်းဆုံးပုံစံဖြင့် ပြန်လည်ပွဲထွက် ကစားလာနိုင်ခဲ့ခြင်းကြောင့် ဘိုင်ယန်မြူးနစ်အသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ဘွန်ဒက်စ်လီဂါဖလားနှင့် ချန်ပီယံလိဂ်ဖလားနှစ်လုံးစလုံးကို ရရှိအောင် စွမ်းဆောင်ပေးသွားမည်ဖြစ်ကြောင်း ၎င်း၏ ဆုံးဖြတ်ချက်ကို ထုတ်ဖော်ပြောကြားခဲ့သည်။

ကွင်းလယ်ကစားသမား ရှုဝိန်းစတိုင်ဂါအနေဖြင့် ဒဏ်ရာမှ ပြန်လည်သက်သာကာ နည်းပြဂွါဒီယိုလာ၏ ပွဲထွက်ကစားသမားစာရင်းတွင် ပုံမှန်အနေအထားပြန်ရောက်ရှိလာခဲ့သော်လည်း ဘိုင်ယန်မြူးနစ်အသင်း၏ လေ့ကျင့်ရေး အစီအစဉ်များသည် အရည်အချင်း မြင့်မားကြောင်း၊ သို့ရာတွင် မည်သည့်အနေအထားတွင်မဆို လေ့ကျင့်ရေးအစီအစဉ်တွင် ပါဝင်ခဲ့ကြောင်းနှင့် နည်းပြဂွါဒီယိုလာအနေဖြင့်လည်း ၎င်းအား တွန်းအားပေးထားမှုများ ရှိခဲ့ကြောင်း ဟန်နိုဗာအသင်းနှင့် ပွဲစဉ်အပြီးတွင် ပြောကြားခဲ့သည်။

လက်ရှိတွင် ဘိုင်ယန်မြူးနစ်အသင်းသည် ဘွန်ဒက်စ်လီဂါအမှတ်ပေးဇယားတွင်လည်း ထိပ်ဆုံးမှ ရောက်ရှိကာ အမှတ်ပေးဇယားဒုတိယနေရာမှ လေဗာကူဆင်အသင်းကို ၁၉ မှတ်ဖြတ်ထားနိုင်ခဲ့သည်။

အီဘရာဟီမိုဗစ်ချ် ချယ်လ်ဆီးသို့ ပြောင်းလာရန် မဖြစ်နိုင်သော်လည်း ဖယ်လ်ကာအိုမှာ မိုနာကို၌ ဆက်နေမည်မဟုတ်ကြောင်း မော်ရင်ဟိုပြောကြား

ပရီမီယာလိဂ်ကလပ် ချယ်လ်ဆီး ခေါ်ယူရန် အစီအစဉ်ရှိကြောင်း အသင်းနည်းပြ မော်ရင်ဟိုသည် ထုတ်ဖော်ပြောကြားခဲ့ပြီးနောက် ၎င်း တိုက်စစ်မှူးသစ်တစ်ဦး ရှာဖွေ အနေဖြင့်ခေါ်ယူလိုသည့် ကစားသမားနှစ်ဦးဖြစ်သည့် ဇလက်တန်အီဘရာဟီမိုဗစ်ချ်နှင့် ဖယ်လ်ကာအိုတို့အနက် အီဘရာဟီမိုဗစ်ချ်သည် ချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့လာရန် ဖြစ်နိုင်သည့်အနေအထားတွင် မရှိသော်လည်း တိုက်စစ်မှူး ဖယ်လ်ကာအိုမှာမူ လက်ရှိကလပ် မိုနာကိုအသင်းတွင် ဆက်နေမည့် အလားအလာမရှိကြောင်း မော်ရင်ဟိုက ပြောကြားခဲ့သည်။

ပီအက်စ်ဂျီအသင်းမှ ဆွီဒင်တိုက်စစ်မှူး အီဘရာဟီမိုဗစ်ချ်သည် ပီအက်စ်ဂျီအသင်းနှင့်အတူ အကောင်းဆုံးပုံစံ ရရှိနေသည့်အပြင် ဖေဖော်ဝါရီ ၂၃ ရက် ညပိုင်းတွင် ပီအက်စ်ဂျီအသင်းက တူးလော့အသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ပြင်သစ်ပထမတန်း ပွဲစဉ်တွင် ၎င်းအနေဖြင့် ဟက်ထရစ်ဂိုးသွင်းယူပေးနိုင်ခဲ့သူဖြစ်သည်။

အီဘရာဟီမိုဗစ်ချ်သည် ပီအက်စ်ဂျီအသင်းတွင် ပျော်ရွှင်မှုရရှိနေခြင်းကြောင့် ချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့လာရန်နှင့် ချယ်လ်ဆီးအသင်းအနေဖြင့် ခေါ်ယူနိုင်ရန် လွယ်ကူမည်မဟုတ်ကြောင်းလည်း မော်ရင်ဟိုက ဆိုသည်။ သို့ရာတွင် မိုနာကိုတိုက်စစ်မှူး ဖယ်လ်ကာအိုကိုမူ ချယ်လ်ဆီးအသင်းသို့ ခေါ်ယူနိုင်ဖွယ်ရှိနေကြောင်း ချယ်လ်ဆီးအသင်းနည်းပြ မော်ရင်ဟိုက ပြောကြားခဲ့သည်။

ငွေကြယ်

လာလီဂါဖလား ဘာစီလိုနာ ရရှိနိုင်သေးကြောင်း ကွင်းလယ်ကစားသမား အင်နီယေစတာ ဖွင့်ဟ

ဘာစီလိုနာအသင်းသည် ဖေဖော်ဝါရီ ၂၃ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့သော လာလီဂါပွဲစဉ်(၂၅)တွင် ပြိုင်ဘက်ရီးယဲလ်ဆိုစီဒက်အသင်းအား ရှုံးနိမ့်ခဲ့ခြင်းကို ကွင်းလယ်ကစားသမားအင်နီယေစတာအနေဖြင့် လက်ခံခဲ့သော်လည်း ယခုနှစ်ဘောလုံးရာသီတွင် လာလီဂါဖလားလက်လွှတ်ဆုံးရှုံးရမည်ဆိုသည်နှင့် စပ်လျဉ်း၍ ငြင်းဆိုထားပြီး လာလီဂါဖလား ဘာစီလိုနာအသင်းရရှိနိုင်သေးကြောင်း ဖွင့်ဟပြောကြားခဲ့သည်။

လက်ရှိတွင် ဘာစီလိုနာအသင်းသည် လာလီဂါအမှတ်ပေးဇယား၏ ထိပ်ဆုံးမှဦးဆောင်နေသည့် ရီးယဲလ်မက်ဒရစ်အသင်းနှင့် သုံးမှတ်ကွာဟနေသည်။

မီနီဘတ်စ်များဖြင့် မထသ ၅၄ ယာဉ်လိုင်းပြေးဆွဲ

ရန်ကုန် ဖေဖော်ဝါရီ ၂၄

မထသ ၅၄ ယာဉ်လိုင်းအဖြစ် မီနီဘတ်စ်ယာဉ်များဖြင့် ပြေးဆွဲမှုကို စတင်နေပြီး ရန်ကုန်မြို့ အလုံမြို့နယ် ဗဟိုအမျိုးသမီးဆေးရုံမှ ရွှေတိဂုံကိုပတ်၍ ဆူးလေလမ်း ၃၀ သို့ ပြေးဆွဲခြင်းဖြစ်ကြောင်း သိရသည်။

ထိုယာဉ်လိုင်းတွင် မီနီဘတ်စ်ယာဉ်သစ်များဖြင့် ပြေးဆွဲပေးခြင်းဖြစ်ပြီး ယာဉ်တိုင်းလိုလိုတွင် ခရီးသည်လုံခြုံရေးအတွက် CCTV ကင်မရာများကို တပ်ဆင်ထားကြောင်း၊ ဖေဖော်ဝါရီ ၂၂ ရက်မှ စတင်လိုက်ခြင်းဖြစ်ပြီး စတင်ပြေးဆွဲသည့်ရက်တွင် အခမဲ့မောင်းနှင်ပို့ဆောင်ပေးခြင်းများကိုလည်း ယာဉ်လိုင်းမှ ယာဉ်အချို့က လုပ်ဆောင်ခဲ့ကြသည်။

ခရီးစဉ်တွင် ဗဟိုအမျိုးသမီးဆေးရုံမှ မြေနီကုန်း၊ ရွှေတိဂုံ၊ ဗိုလ်ချုပ်ဈေး၊ ဆူးလေကိုပတ်၍ လမ်း ၃၀ (ကုန်သည်လမ်း)မှပတ်ကာ ရွှေတိဂုံဘုရားလမ်းမှ တစ်ဆင့် လာလမ်းအတိုင်း ပြေးဆွဲခြင်းဖြစ်သည်။ ခရီးစဉ်တစ်လျှောက် ပိုင်းဖြတ်၍ အပိုင်းလိုက် ယာဉ်စီးခကောက်ခံရန်သတ်မှတ်ထားသလို ဂိတ်ဖွင့်ချိန်၊ ဂိတ်ပိတ်ချိန်များကို လည်းကောင်း၊ ယာဉ်ပြေးဆွဲသောလမ်းကြောင်းနှင့် တိုင်ကြားရန်၊ အကြံပြုရန် ဖုန်းနံပါတ်များကို ယာဉ်နောက်ကျောတွင် LED ဘုတ်များဖြင့် အသိပေးဖော် ပြထားလျက်ရှိကြောင်း သိရသည်။

ယခုအစိုးရသစ်လက်ထက်တွင် ယာဉ်အိုယာဉ်ဟောင်းအစားထိုးလဲလှယ်သောအစီအစဉ်များအရ ခရီးသည်တင် ယာဉ်လိုင်းများတွင်လည်း ယာဉ်သစ်များအစားထိုးဖြည့်စွက်စီစဉ်ပေးခြင်း၊ လိုင်းသစ်များခွင့်ပြုချထားပေးခြင်းများရှိသော်လည်း ခရီးသည်များသက်သာသည့်နှုန်းဖြင့် သွားလာနိုင်စေရန် အထူးလိုင်းအဖြစ် ယာဉ်စီးခပုံသေသတ်မှတ်ချထားခြင်းမျိုးမဟုတ်ဘဲ ခရီးစဉ်တစ်လျှောက်ပိုင်းဖြတ်၍ တစ်ဖြတ်လျှင် ၅၀ ကျပ်နှုန်းဖြင့် ပိုင်းဖြတ်သတ်မှတ်ချထားပေးခြင်းများရှိသည်။

မထသ ၅၄ ယာဉ်လိုင်းတွင် လှိုင်သာယာမှ အေဘီစီအထိ ယာဉ်ကြီးများဖြင့် ပြေးဆွဲခဲ့ခြင်းများရှိပြီး ယခု မီနီဘတ်စ်ယာဉ်များဖြင့် ပြေးဆွဲသော မထသ ၅၄ ယာဉ်လိုင်းမှာ ယခင်ကပြေးဆွဲသည့် စီးတီးဘတ်စ်ယာဉ်များနှင့် လမ်းကြောင်းမတူဘဲ ကွဲပြားသတ်မှတ်ထားလျက်ရှိကြောင်း သိရသည်။**(ထက်ခိုင်-စမ်းချောင်း)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ် အကျဉ်း

၂၅-၂-၂၀၁၄ (အင်္ဂါနေ့)

၅း၄၀	"သံသရာကြောပြတ်ချင် ဓာတ်သဘောမြင်အောင်ရှု" တရားတော် (ပြည်တွင်း ပြည်ပ သာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ)
၆း၄၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်ရူး" (အပိုင်း-၁၀)
၉း၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲသွားသော နှလုံးသား" (အပိုင်း-၉၃)
၉း၃၅	မြန်မာနိုင်ငံ၏ ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်သန်းခေါင်စာရင်း စကားဝိုင်းဆွေးနွေးပွဲ (အပိုင်း-၄)
၇း၁၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရမန္တလေး" (အပိုင်း-၁၂)
၈း၁၅	MRTV-4 ကျန်းမာရေးကဏ္ဍ လေဖြတ်ခြင်း (သို့မဟုတ်) အလစ်ချောင်းနေသောရန်သူ
၈း၄၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲသွားသောနှလုံးသား" (အပိုင်း-၉၄)
၉း၃၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ကျွန်တော်ရဲ့ဗီးနပ်စ်" (အပိုင်း-၆)

တစ်ပြည်လုံးတွင်သာယာမည်

နေပြည်တော် ဖေဖော်ဝါရီ ၂၄

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ ထူးခြားသည့်ညအပူချိန်များမှာ ပင်လောင်းမြို့တွင် ၅ ဒီဂရီစင်တီဂရိတ်၊ ဟဲဟိုးမြို့၊ လွိုင်လင်မြို့နှင့် ဟားခါးမြို့တို့တွင် ၆ ဒီဂရီစင်တီဂရိတ်စီနှင့် ပြင်ဦးလွင်မြို့တွင် ၇ ဒီဂရီစင်တီဂရိတ်တို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့်သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေ

လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်

တစ်ပြည်လုံးတွင်အများအားဖြင့် သာယာမည်။

ညနေပိုင်းထမင်း/ဟင်းချက်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ထမင်းနှင့်ဟင်းချက်ပြုတ်ခြင်း မပြုရန်။

(ခ) မီးဖိုအားသုံးစွဲပြီးပါက မီးကြွင်းမီးကျန်များ ငြိမ်းသတ်ထားရန်။

(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဖြစ်၍ ပေါ့ဆမှုမဖြစ်စေဘဲ အထူးသတိပြုသုံးစွဲရန်။ **မီးသတ်ဦးစီးဌာန**

ခရီးသည်တင်ယာဉ်အား ကုန်တင်ယာဉ် တိုက်မိ၍ တစ်ဦးသေ

လှည်းကူး ဖေဖော်ဝါရီ ၂၄

လှည်းကူးမြို့နယ်အတွင်း ဖေဖော်ဝါရီ ၂၃ ရက် နံနက်ပိုင်းက ကုန်တင်ယာဉ်က ခရီးသည်တင်ယာဉ်အား နောက်ဘက်မှ ဝင်ရောက်တိုက်မိခဲ့သဖြင့် ခရီးသည်အမျိုးသား တစ်ဦး သေဆုံးခဲ့ရပြီး အခြားခရီးသည် သုံးဦးလည်း ဒဏ်ရာအသီးသီး ရရှိသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၂၃ ရက် နံနက် ၉ နာရီခွဲက လှည်းကူးမြို့နယ် အမှတ်(၂) လမ်းမကြီးအတိုင်း ဇရပ်ကွင်းရွာဘက်မှ ဆားတလင်းကျေးရွာဘက်သို့ ယာဉ်မောင်း အောင်ဆန်းကြည် ပြည်ကြီးတံခွန်မြို့နယ် မန္တလေးတိုင်းဒေသကြီးနေသူ မောင်းနှင်လာသော 4A---- နစ်ဆန်း ဒီဇယ် (၁၂)ဘီး ကုန်တင်ယာဉ်သည် မိုင်တိုင်အမှတ် (၂၆/၄)အနီး အရောက်တွင် အရှိန်မထိန်းနိုင်ဘဲ ဆည်မြောင်းမှတ်တိုင်၌ ခရီးသည် တင်/ချ ပြုလုပ်နေသော လှည်းကူး-ဒါးပိန်-သယ်နိုးကျွန်း ပြေးဆွဲသည့် 6A---- ခရီးသည်တင် ဒိုင်နာယာဉ်၏ နောက်ဘက်ကို ဝင်ရောက်တိုက်မိခဲ့သည်။

အဆိုပါယာဉ်တိုက်မှုကြောင့် 6A---- ယာဉ်ပေါ်ပါ ခရီးသည် ခလရ (၇၂) လှိုင်ကော်မှ ဗိုလ်ကြီးစောနိုင်ဟိန်းမှာ ယာခြေသလုံးကျိုး၊ ကျောပြင်ညိုမည်းဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့ပြီး အခြားခရီးသည် သုံးဦးတို့တွင် ဖူးရောင်၊ နာကျင်ဒဏ်ရာများ ရရှိခဲ့သဖြင့် ဒါးပိန်ဆေးရုံ၌ ပြင်ပလူနာများအဖြစ် ဆေးကုသမှုခံယူခဲ့ရသဖြင့် ယာဉ်မဆင်မခြင်မောင်းနှင်သူ ကုန်တင်ယာဉ်မောင်းအား ဒါးပိန်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(စိုးဝင်း-MLA)

အရှိန်လွန်ယာဉ်တိမ်းမှောက်၍ သုံးဦးဒဏ်ရာရ

နေပြည်တော် ဖေဖော်ဝါရီ ၂၄

မကွေးတိုင်းဒေသကြီး ပေါက်-ပခုက္ကူကားလမ်း မိုင်တိုင်အမှတ် (၂၃/၅) မကျီးသုံးပင်ကျေးရွာအနီးတွင် ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၈ နာရီ ၄၅ မိနစ်က ယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်း သတင်းအရ ကမ္မနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးခဲ့သည်။ စစ်ဆေးချက်အရ ပေါက်မှ ပခုက္ကူသို့ ပေါက်မြို့နယ် အိုင်ကိုင်းကျေးရွာအုပ်စု မုန့်ကုန်းကျေးရွာနေ ဇင်ကိုဝင်း(၁၈) နှစ် မောင်းနှင်လာသော ၃က/---- MITSUBISHI CANTER အဖြူရောင် ခြောက်ဘီးယာဉ်မှာ လမ်းယာဘက်ရှိ "မကျီးသုံးပင်ရေလှောင်တမံ" ဆိုင်းဘုတ်ကို ဝင်ရောက်တိုက်မိပြီး အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက်ခြမ်းသို့ တိမ်းမှောက်ခဲ့ကြောင်း သိရသည်။ ထိုသို့ တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်ပါ ခရီးသည်များအနက် မုန့်ကုန်းကျေးရွာနေ ဒေါ်သန်းကြည်(၅၅) နှစ်တွင် နဖူး၊ ဝဲမျက်ခုံးပေါက်ပြဲ၊ အပေါ်အောက်သွားသုံးချောင်းကျိုး၊ ဝဲခြေဖမိုးပွန်းဒဏ်ရာ၊ မင်းကောင်းရွာနေ ဦးကြည်ဝင်း(၄၉)နှစ်တွင် နဖူးပေါက်ပြဲ၊ ယာလက်သန်းပွန်း၊ ဝဲပေါင်ရင်အောင့်ဒဏ်ရာနှင့် ကျူးတောကျေးရွာနေ ဦးမြင့်အောင် (၅၃) နှစ်တွင် နဖူးပေါက်ပြဲ၊ ယာလက်သန်းပွန်း၊ ဝဲပေါင်ရင်းအောင့်ဒဏ်ရာများ အသီးသီးရရှိခဲ့သဖြင့် ယာဉ်မဆင်မခြင်မောင်းနှင်သူ ဇင်ကိုဝင်းအား ကမ္မနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(ရဲပြန်ကြား)**

အသိပေးကြေညာခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနသည် နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဆက်သွယ်ရေးနည်းပညာဖြင့် အထောက်အကူပြုနိုင်ရန်အတွက်လည်းကောင်း၊ ဖွံ့ဖြိုးတိုးတက်လာနေသော ဆက်သွယ်ရေးကဏ္ဍတွင် ပြည်တွင်းပြည်ပမှ ပုဂ္ဂိုလ်၊ ဌာန၊ အဖွဲ့အစည်းများအနေဖြင့် အခွင့်အလမ်းတူမျှစွာဖြင့် ပွင့်လင်းမြင်သာသည့် ယှဉ်ပြိုင်မှုများဆောင်ရွက်နိုင်စေရန်အတွက်လည်းကောင်း ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့သော ဆက်သွယ်ရေးဥပဒေနှင့်အညီ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ လုပ်ကိုင်ခြင်း၊ ဆက်သွယ်ရေးစက်ပစ္စည်းများ အသုံးပြုခြင်း၊ တင်သွင်းရောင်းချခြင်းတို့ကို စနစ်တကျဖြစ်စေရန်အတွက် လုပ်ထုံးလုပ်နည်းများကို တစ်ဆင့်ချင်းဖြေလျှော့ဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ ယခုအခါတွင် အချို့သော ပုဂ္ဂိုလ်၊ ဌာန၊အဖွဲ့အစည်းများသည် လိုင်စင်ရယူထားခြင်းမရှိဘဲ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ လုပ်ကိုင်ခြင်း၊ ဆက်သွယ်ရေးစက်ပစ္စည်းများ အသုံးပြုခြင်းနှင့်တင်သွင်းရောင်းချခြင်းများကို တရားမဝင်ဆောင်ရွက်နေကြောင်း တွေ့ရှိနေရပါသည်။

၃။ သို့ဖြစ်ပါ၍ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဆက်သွယ်ရေးပစ္စည်းအသုံးပြုခြင်း၊ ဆက်သွယ်ရေးစက်ပစ္စည်းများတင်သွင်းရောင်းချခြင်းတို့နှင့် စပ်လျဉ်း၍ ဆက်သွယ်ရေးဥပဒေနှင့်အညီ တရားဝင်ဆောင်ရွက်ကြပါရန်နှင့် တရားမဝင်ဆောင်ရွက်လုပ်ကိုင်နေကြောင်း တာဝန်ရှိသူများက စစ်ဆေးတွေ့ရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရမည်ဖြစ်ကြောင်း ထပ်မံ၍ အသိပေးကြေညာအပ်ပါသည်။

ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန
ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန

မန္တလေးတိုင်းဒေသကြီးနှင့် နေပြည်တော်ကောင်စီနယ်မြေတို့တွင် တရားမဝင်သစ်များနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ

နေပြည်တော် ဖေဖော်ဝါရီ ၂၄

ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနသည် ရေ၊ မြေ၊ တောရိုင်းတိရစ္ဆာန်၊ ဇီဝမျိုးစုံနှင့် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်နေသကဲ့သို့ တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ခိုးထုတ်သယ်ယူမှုများကို ပြည်သူများ၏ ပူးပေါင်းပါဝင်ကူညီဆောင်ရွက်မှုဖြင့် စဉ်ဆက်မပြတ်အလေးထားကာ ဖမ်းဆီးဖော်ထုတ်အရေးယူဆောင်ရွက်လျက်ရှိသည်။

ပုသိမ်ကြီးမြို့နယ် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများနှင့် ရဲတပ်ဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၁၃ ရက်က ပုသိမ်ကြီးမြို့နယ် မန္တလေး-ပြင်ဦးလွင် အတက်လမ်း မိုင်တိုင်အမှတ် (၁၅/၂) တွင် ယာဉ်မောင်း ဦးအောင်ဆန်းဦး မောင်းနှင်လာသော ယာဉ်အမှတ် 3D/..... CANTER ယာဉ်ပေါ်တွင် တရားမဝင် တမလန်းသစ် သုည ဒသမ ၁၉၄၀ တန်၊ **(အောက်ဝဲပုံ)** ပုသိမ်ကြီးမြို့နယ် ဘန့်တင်ကျေးရွာရှိ ဒေါ်တူး၏ခြံဝင်းအတွင်းမှ တရားမဝင်ကျွန်းခွဲသား သုည ဒသမ ၅၉၄၈ တန်၊ ရှန်ဟိုင်း L-28 ဒီဇယ် အင်ဂျင် ၁၈ ကောင်တစ်လုံးနှင့် ဆက်စပ်ပစ္စည်း ခြောက်မျိုး၊ ဒက္ခိဏခရိုင် သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဆောင်သော အဖွဲ့သည် လယ်ဝေးမြို့နယ် ကူသပိတ်ကျေးရွာအရှေ့ဘက် လှည်းလမ်းဘေးတွင် သစ်လှည်းနှစ်စီးပေါ်မှ တရားမဝင်ကျွန်းသစ်နှင့် အခြားသစ် စုစုပေါင်း သုည ဒသမ ၆၈၆ တန်ကို သစ်/လှည်းပိုင်ရှင်နှစ်ဦး၊ ကျွဲလေးကောင်နှင့်အတူ ဖမ်းဆီးရမိသဖြင့် သစ်တောဥပဒေဖြင့် အရေးယူထားကြောင်း သိရသည်။

ဖေဖော်ဝါရီ ၁၇ ရက်က ပျဉ်းမနားမြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့သည် ပျဉ်းမနားမြို့နယ် ကာကွယ်ရေးဝန်ကြီးဌာနပိုင်မြေ ရေဆင်းကြိုးဝိုင်း အကွက်အမှတ်(၁၃)တွင် တရားမဝင်အခြားသစ် ၂ ဒသမ ၉၆ တန်၊ ဂျင်ဒေါင်းအင်ဂျင် မြင်း ၂၅ ကောင်တစ်လုံးနှင့် လွှဝိုင်းတစ်ဝိုင်းတို့ကို ပိုင်ရှင်မဲ့အဖြစ်လည်းကောင်း၊ ယင်းနေ့တွင် မတ္တရာမြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများနှင့် ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ္တရာမြို့နယ် ကန်ဖြူကျေးရွာအရှေ့ဘက် မန္တလေး-မိုးကုတ်ကားလမ်းပေါ် မိုင်တိုင်အမှတ်(၂၀/၅) တံတားအနီးတွင် ယာဉ်အမှတ် ၉၅/.... လေးလုံးထိုး ခြောက်ဘီးယာဉ်တစ်စီးပေါ်မှ တရားမဝင် တမလန်းသစ် ၂ ဒသမ ၀၃၄ တန်ကို သစ်ပိုင်ရှင်၊ ယာဉ်မောင်း ဦးဂျမ်းနှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် သစ်တောဥပဒေပုဒ်မများဖြင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(မောင်သစ်တော)**

WOODEN HARP

သတိုးမင်း Europe-Scania(2+1),(3+2)
"Free"

ပျောက်ဆုံး ကျွန်မဒေါ်ကြူကြူတင် [၁၂/ဥကတ(နိုင်)၁၄၉၁၂၀]သည် ၂၂-၂-၂၀၁၄ရက်တွင် ကျွန်မ၏ Passport No.M 962677 မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါ၍ လက်ခံရရှိသူအား ကျေးဇူးဆပ်မည်ဖြစ်ပါကြောင်း။ ဖုန်း-၀၉-၅၀၇၂၀၁၆

Ph:09-5053076

ကောင်းထက်ကျော်

PRIVATE

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်နှင့် အနီးတစ်ဝိုက်မြို့နယ်များမှ ရန်ကုန်မြို့သို့ လာရောက်ရာတွင် ပန်းဆိုးတန်း–ဒလ ပြေးဆွဲနေသော ကူးတို့ရေယာဉ်ကို အဓိက အသုံးပြုနေရပြီး တစ်ရက်လျှင် အများဆုံး လူဦးရေသုံးသောင်းခန့် အသုံးပြုလျက်ရှိကြောင်း၊ ကူးတို့နှစ်စင်းမှာ တစ်စင်းကို တစ်ရက်လျှင် အသွားအပြန် ၂၃ ခေါက် ပြေးဆွဲလျက်ရှိပြီး အဆိုပါ ကူးတို့များနေရာတွင် JICA ကျိုက်ကာမှ ရေယာဉ်သုံးစင်း လှူဒါန်းရန် စီစဉ်လျက်ရှိရာ ဒလမှရန်ကုန်သို့ သွားလာရေး ပိုမို အဆင်ပြေနိုင်မည်ဖြစ်ကြောင်း ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဌာနမှ သိရသည်။

သတင်းနှင့်ဓာတ်ပုံ - စိုးအောင်ဖေ

ကမ်းနီးဒေသ ငါးဖမ်းလုပ်ငန်းများ အခက်တွေ့နေ

ရန်ကုန်၊ ဖေဖော်ဝါရီ ၂၄

ကမ်းဝေးသင်္ဘောများက တရားမဝင်ဝင်ရောက်၍ ရေလုပ်ငန်းလုပ်ကိုင်ကြခြင်းကြောင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက် ကမ်းနီးဒေသများတွင် အသက်မွေးဝမ်းကျောင်း ငါးဖမ်းလုပ်ငန်းများလုပ်ကိုင်နေသော ဒေသခံတိုင်းရင်းသားများမှာ အလုပ်အကိုင်နှင့် စားဝတ်နေရေးအခက်အခဲများဖြင့် ရင်ဆိုင်ကြုံတွေ့နေရကြောင်း ရခိုင်ပြည်နယ်ငါးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ရခိုင်ကမ်းရိုးတန်းတစ်လျှောက် ပင်လယ်ပြင်ဆိုတာ ရခိုင်လူမျိုးတစ်ယောက်ထဲအတွက်မဟုတ်ဘဲ တစ်နိုင်ငံလုံးပိုင်တာဆိုပေမယ့် နေရာတစ်ခုကို သတ်မှတ်ပြီး ရှာဖွေစားသောက်တတ်ဖို့လိုပါတယ်။ ဒါကြောင့် ပင်လယ်ပြင်ကိုစောင့်ရှောက်ဖို့ ဝိုင်းဝန်းထိန်းသိမ်းဖို့ ငါးဖမ်းလုပ်ငန်းလုပ်ကိုင်သူတွေနဲ့ အစိုးရအပိုင်းကပါ ပူးပေါင်းဖို့လိုပါတယ်" ဟု ရခိုင်ပြည်နယ်ငါးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌဖြစ်သူ ဦးစံကျော်လှက ပြောသည်။

လက်ရှိ ပင်လယ်ကမ်းဝေးငါးဖမ်းသင်္ဘောကြီးများမှာ ကမ်းနီးဒေသများ၌ ဝင်ရောက်ငါးဖမ်းယူရာတွင် သင်္ဘောများ၏ နံပါတ်နှင့် အမည်တို့အား မမြင်တွေ့နိုင်ရန်အတွက် ကာကွယ်ထားပြီး ထိုကဲ့သို့ တရားမဝင်ဆောင်ရွက်နေခြင်းကြောင့် ရေထွက်ပစ္စည်းများတင်ပို့နေသော ရခိုင်ပြည်နယ်သို့ ရန်ကုန်မှ ရေထွက်ကုန်များ ပြန်လည်ဝင်ရောက်လာသည့် အခြေအနေများပါ ကြုံတွေ့လာရကြောင်း ရေထွက်လုပ်ငန်းလုပ်ကိုင်တင်ပို့လာသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

"ရေသယံဇာတတွေ ရှားလာသလို ကမ်းနီးမှာလုပ်ကိုင်နေတဲ့ ဒေသခံတွေရဲ့ ငါးဖမ်းပိုက်တွေ သင်္ဘောနဲ့ငြိပြီး ထိခိုက်ပျက်စီးရပါတယ်။ လက်ရှိလုပ်ကိုင်စားသောက်ရတာ နဂိုကထက် အဆင်မပြေဖြစ်လာပါတယ်" ဟု ရခိုင်ပြည်နယ်၊ ဂွမြို့နယ်တွင် ကမ်းနီးငါးဖမ်းလုပ်ငန်းလုပ်ကိုင်နေသော ရေလုပ်သားတစ်ဦးက ပြောသည်။

ထိုသို့တရားမဝင် ဝင်ရောက်ငါး ဖမ်းဆီးမှုများသည် ဆယ်စုနှစ် ကျော်ကျော် အချိန်ရှိပြီဖြစ်ကြောင်း ရေထွက်ပစ္စည်း ရောင်းဝယ်လုပ်ကိုင်နေသူများနှင့် ဒေသခံများက ပြောသည်။ **စိုးအောင်ဖေ**

သတင်းတိုများ

စိတ်သဘောထားဆိုင်ရာဗဟုသုတများ ဟောပြော

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့တွင် 'ဗဟုသုတများကို အခြေခံ၍ စိတ်နေစိတ်ထားပြုပြင်ခြင်း' ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၁၀ နာရီက ဧရာရွှေဝါခန်းမ၌ ကျင်းပခဲ့သည်။ အဆိုပါဟောပြောဆွေးနွေးပွဲသို့ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဟောပြောဆွေးနွေးကြမည့် ဦးအေးကျော်နှင့် ဦးခင်မောင်သော်၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာန ဆိုင်ရာ အကြီးအကဲများ၊ တိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်များမှ အထောက်အကူပြုအဖွဲ့များ တက်ရောက်ကြသည်။ **ခရိုင်(ပြန်/ဆက်)**

အဆောက်အအုံအသစ်များကြောင့် အလုပ်ပိုမိုရလာ

မကွေးတိုင်းဒေသကြီးရှိ ရေစကြိုမြို့တွင် ယခုကာလအတွင်း အထပ်မြင့်အဆောက်အအုံသစ်များ ဆောက်လုပ်လာခြင်းများကြောင့် ဒေသခံများမှာ အလုပ်အကိုင်များ ရရှိလာနေပြီဖြစ်ကြောင်း ယင်းဒေသခံများက ပြောသည်။ ရေစကြိုမြို့တွင်းရှိ လမ်းမကြီးများ၏ ဘေးတွင်ရှိသော မြေကွက်များမှာ ယခင်နှစ်များထက် အထပ်မြင့်အဆောက်အဦဆောက်လုပ်နေမှုများကြောင့် မြစ်သဲနှင့် ကျောက်ရောင်းချသူများ၊ သဲကျောက်ဒိုင်များ၊ သယ်ယူပို့ဆောင်ရေးယာဉ်များ၊ စတီးပစ္စည်းအလှဆင်သူများ စသည်အလုပ်အကိုင်များ ရရှိနေကြသည့်အပြင် မြေအုတ်နှင့် ဘိလပ်အုတ်ရောင်းချသူများ၊ ဆောက်လုပ်ရေးပစ္စည်းအမျိုးမျိုး ရောင်းချသူများအရောင်းအဝယ်ဖြစ်နေကြကြောင်းသိရသည်။ ထို့ပြင် အဆောက်အဦးဆောက်လုပ်နေမှုများကြောင့် ဆောက်လုပ်ရေးလုပ်သားများ၊ ပန်းရံဆရာများ၊ နေ့စားလုပ်သားများ၊ သံချည်သံကွေးလုပ်သားများ၊ လက်သမားများ၊ ပရိဘောဂထုတ်လုပ်သူများ၊ ဆေးသုတ်သူများမှာ အလုပ်အကိုင်ရရှိလာကြောင်းသိရသည်။ မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့တွင်လည်း အဆောက်အဦဈေးနှုန်းများ မြင့်တက်လာခြင်းနှင့်အတူ အုတ်၊ သဲ၊ ကျောက်ဈေးနှုန်းများမှာ ယခင်နှစ်များထက် တဖြည်းဖြည်းမြင့်တတ်လာပြီး အရောင်းအဝယ်ဖြစ်နေကြောင်း ဒေသခံများနှင့် ဆောက်လုပ်ရေးအလုပ်သမားများက ပြောသည်။

ဖေထွဏ်းဇော် (ရေစကြို)

မြန်မာနိုင်ငံတွင် ရာသီဥတုအခြေအနေများ ကောင်းမွန်လာစေရန် လမုပင်များကို ပိုမို စိုက်ပျိုး ထိန်းသိမ်းရန်လို

ရန်ကုန်၊ ဖေဖော်ဝါရီ ၂၄

ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုများကို ကာကွယ်နိုင်ရန်အတွက် လမုပင်သည် အရေးပါသော အပင်တစ်မျိုးဖြစ်ရာ မြန်မာနိုင်ငံတွင်လည်း ရာသီဥတုအခြေအနေများ ရေရှည်ကောင်းမွန်လာစေရေးအတွက် လမုပင်များကို ပိုမိုထိန်းသိမ်းရန်လိုအပ်ကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သက်သက်ဇင်က ဖေဖော်ဝါရီ ၂၄ ရက်တွင် မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာ လေ့လာရေးအဖွဲ့ (Myanmar ISIS) ESifh Worldview Myanmar တို့ ပူးပေါင်းပြုလုပ်သော 'လမုပင်နှင့် ရာသီဥတု ပြောင်းလဲမှု' အစည်းအဝေးတွင် ပြောသည်။

"လမုပင်တွေက အမြဲစိမ်းသစ်တောတွေထက် ကာဗွန်ဒိုင်အောက်ဆိုက်ငါးဆ ထိန်းသိမ်းလျှော့ချနိုင်မှာ ဖြစ်ပါတယ်။ ပြုန်းတီးနေတဲ့ ပင်လယ်ကမ်းရိုးတန်းဒေသတွေမှာလည်း လမုတောဥယျာဉ်တွေ ပြန်စိုက်ပျိုးရင် လူမှုရေးနဲ့ စီးပွားရေး ဖွံ့ဖြိုးမှုတွေ ဖန်တီးပေးနိုင်မှာ ဖြစ်ပါတယ်။ ကာဗွန်ဒိုင်အောက်ဆိုက်လျှော့ချရင် မြန်မာနိုင်ငံအတွက် ကောင်းကျိုးတွေ ပိုပြီးဖြစ်ထွန်းလာမှာပါ" ဟု ပြောကြားသည်။

လမုပင်များသည် သဘာဝအလျောက် ကာဗွန်ဒိုင်အောက်ဆိုက် ထိန်းသိမ်းပြီး ဖန်လုံအိမ်ဓာတ်ငွေ့ကို လျှော့ချနိုင်ကြောင်း၊ ဇီဝဗေဒပညာရှင်များက လမုတောများကို အထူးတလည် ကာကွယ်ထိန်းသိမ်းရမည်ဖြစ်ကြောင်း ၎င်းကပြောသည်။

ပင်လယ်ကမ်းရိုးတန်းရှိ သစ်တောများတွင် ကမ်းရိုးတန်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမုတောများ ပြန်လည်ရှင်သန်ပေါက်ရောက်ရေး စီမံချက်ကိုလည်း ပြည်တွင်းပြည်ပမှ သဘာဝပတ်ဝန်းကျင်ဆိုင်ရာအဖွဲ့အစည်းများက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ ရည်ရွယ်ချက်က ဆင်းရဲသားတွေ အကျိုးကျေးဇူး ရရှိစေဖို့နဲ့ ပင်လယ်ကမ်းရိုးတန်းဒေသတွေမှာ ပြင်းထန်တဲ့ရာသီဥတုကနေ အကာအကွယ်ရစေဖို့ ဒေသတွင်း ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရှိဖို့အတွက်ပါ။ လမုပင်တွေကို ဥယျာဉ်ကြီးလို သွယ်တန်းစိုက်ပျိုးသွားမှာပါ" ဟု လမုပင်များ ပြန်လည်စိုက်ပျိုးခြင်းလုပ်ငန်းကို လုပ်ကိုင်နေသော ပြည်ပအဖွဲ့အစည်းတစ်ခုဖြစ်သည့် Worldview Myanmar မှ ဥက္ကဋ္ဌ ဦးအေးလွင် ကပြောသည်။

မြန်မာနိုင်ငံတွင် ရှိရင်းစွဲလမုပင်များ ၇၅ ရာခိုင်နှုန်းခန့် ပျက်စီးဆုံးရှုံးခဲ့သောကြောင့် ၂၀၀၈ ခုနှစ်တွင် တိုက်ခတ်ခဲ့သော နာဂစ်မုန်တိုင်းဒဏ်ကို အကာအကွယ်ပေးနိုင်မှု လျော့နည်းပြီး အသက်အိုးအိမ်များ ဆုံးရှုံးပျက်စီးမှုများခဲ့ရခြင်းဖြစ်ကြောင်း Worldview Myanmar မှ ထုတ်ပြန်ထားသော အချက်အလက်များ အရသိရသည်။

အောင် (မန်း)

စစ်ကိုင်းတိုင်းဒေသကြီး မော်တိတ်ဒေသရှိ ကျေးရွာများတွင် လျှပ်စစ်မီးများရရှိ

စစ်ကိုင်း၊ ဖေဖော်ဝါရီ ၂၄

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ အင်းတော်မြို့နယ်၊ မော်တိတ်ဒေသအတွင်း ယခုနှစ် ဖေဖော်ဝါရီနောက်ဆုံးပတ်အတွင်းမှ စတင်ကာ ကျေးရွာများအတွင်း လျှပ်စစ်မီးများ ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ မော်တိတ်ကျေးရွာနှင့် ရွာသာယာကျေးရွာများတွင် ကျေးရွာကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးလုပ်ငန်းများအား ပြီးခဲ့သည့် ၂၀၁၃ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်နေ့တွင် ကျေးရွာများအတွင်း လျှပ်စစ်မီးများ စတင်ရရှိခဲ့ပြီဖြစ်သည်။

ယင်းဒေသတွင်းရှိ မော်တိတ်ကျေးရွာတွင် ၁၁/၀.၄ ကေဗွီ ၂၀၀ ကေဗွီအေ ဓာတ်အားခွဲရုံဖြင့် နံနက် ၈ နာရီတွင်လည်းကောင်း၊ ရွာသာယာကျေးရွာတွင် ၁၁/၀.၁ ကေဗွီ ၂၀၀ ကေဗွီအေ ဓာတ်အားခွဲရုံဖြင့် နံနက် ၈ နာရီတွင်လည်းကောင်း ၊ အင်းတော်မြို့နယ်၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာနှင့် သက်ဆိုင်ရာ ကျေးရွာမီးလင်းရေးကော်မတီများမှ လျှပ်စစ်ဓာတ်အားများ စတင်ဖြန့်ဖြူးပေးခဲ့ကြသည်။

လျှပ်စစ်မီးရရှိသည့် ကျေးရွာများရှိ ကျေးရွာသူ၊ ကျေးရွာသားများ လျှပ်စစ်အန္တရာယ် ကင်းရှင်းရေးအတွက် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာနှင့်အဖွဲ့များမှ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး လက်ကမ်းစာစောင်များကို ဝေငှခဲ့ကြောင်း သိရသည်။

"လျှပ်စစ်မီးရဖို့အတွက် ကျွန်တော်တို့ ကျေးရွာတွေ စုပေါင်းလုပ်ဆောင်ခဲ့ကြတာပါ။ အခုခေတ်ကြီးမှာ လျှပ်စစ်မီးက မရှိလို့မဖြစ်တော့ဘူး" ဟု အဆိုပါ မီးလင်းရေးအတွက် ဝိုင်းဝန်းလုပ်ဆောင်ခဲ့သော ကော်မတီဝင်တစ်ဦးက ပြောသည်။

ကျော်သီဟ

မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်အတွင်းရှိ သမဝါယမအသင်းများ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အခြေခံလူတန်းစားများ၏ လူမှုစီးပွားဘဝ မြှင့်တင်နိုင်ရေးအတွက် တတိယအကြိမ် ပုံပိုးချေးငွေများ ထုတ်ချေးပေးအပ်ပွဲကို ဖေဖော်ဝါရီ ၂၂ ရက် နံနက်က မြို့နယ်သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမတွင်ပြုလုပ်ခဲ့ကြောင်းသိရသည်။ ယင်းအခမ်းအနားတွင် သမဝါယမအသင်း ၂၁ သင်းအတွက် တတိယအကြိမ် ပံ့ပိုးချေးငွေကျပ် ၆၃၇၀၀၀၀၀ ကို အသင်းတစ်သင်းချင်းစီအား ထုတ်ပေးခဲ့ကြသည်။ မြို့နယ်သမဝါယမအသင်းဥက္ကဋ္ဌ ဦးငွေပေါ်မှ သမဝါယမအသင်းများ၏ ရည်ရွယ်ချက်များနှင့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး ဆက်လက်၍ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးလှိုင်ဝင်းကျော်မှ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများကို ရှင်းလင်းပြောကြားသည်။

သတင်းနှင့် ဓာတ်ပုံ - ဖေထွဏ်းဇော် (ရေစကြို)

သတင်းတိုများ

ချို့တဲ့ကျောင်းများအတွက် ထောက်ပံ့ငွေပေးအပ်

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ငပုတောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပညာရေးကျောင်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာအုပ်စု ၅၂ အုပ်စုရှိ ချို့တဲ့နွမ်းပါးဆုံးကျောင်းများအတွက် ထောက်ပံ့ငွေပေးအပ်ပွဲကို ဖေဖော်ဝါရီ ၂၂ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ကျင်းပခဲ့ကြောင်းသိရသည်။ ယင်းအခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ကျေးရွာအုပ်စု ၅၂ အုပ်စု ချို့တဲ့နွမ်းပါးဆုံးကျောင်းအတွက် အလှူငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

သန်းခေါင်စာရင်းအတွက် သုံးခွတွင်ရှင်းလင်းပွဲလုပ်

ရန်ကုန်တောင်ပိုင်းခရိုင်၊ သုံးခွမြို့နယ်တွင် ၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူရေးဟောပြောပွဲကို အမက အမှတ် ၇ နှင့် အမှတ် ၂ ကျောင်းများ၌ ဖေဖော်ဝါရီ ၂၂ ရက် နံနက်ပိုင်းနှင့်ညနေပိုင်းတို့တွင် ကျင်းပခဲ့ကြောင်း သိရသည်။ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးရာမွေလက ယခုနှစ် မတ် ၃၀ ရက်မှ ဧပြီ ၁၀ ရက်အတွင်း ၁၂ ရက်ကြာ တစ်နိုင်ငံလုံးတွင် သန်းခေါင်စာရင်းကောက်ယူမည်ဖြစ်ပြီး သန်းခေါင်စာရင်းကောက်ယူသည့် ရည်ရွယ်ချက်များ၊ သန်းခေါင်စာရင်းထည့်ကောက်ရမည့်သူများနှင့်သန်းခေါင်စာရင်းထည့်မကောက်ရမည့်သူများအကြောင်းနှင့် ပတ်သက်ပြီး သန်းခေါင်စာရင်းကောက်ယူခြင်းဆိုင်ရာ ၄၁ ချက်ကို အသေးစိတ်ရှင်းပြခဲ့သည်။

ကြည်စိုးလွင်(သုံးခွ)

အမရပူရမြို့နယ်ရှိ ရက်ကန်းအထည်များ ဈေးကွက်တွင်း ဈေးနှိမ်ဝယ်ယူမှု ကြုံတွေ့နေရ

အမရပူရ၊ ဖေဖော်ဝါရီ ၂၄

အမရပူရမြို့နယ်အတွင်းရှိ ရက်ကန်းလုပ်ငန်းလုပ်ကိုင်ကြသော ရက်ကန်းအလုပ်သမားများမှာ ၎င်းတို့၏ ရက်ကန်းအထည်များ ဈေးကွက်တွင်း ဈေးနှိမ်ဝယ်ယူမှုများ ကြုံတွေ့လာရကြောင်း ရက်ကန်းလုပ်ငန်းလုပ်ကိုင်သူများက ပြောသည်။

ရက်လုပ်ပြီးသည့် ရက်ကန်းအထည်များ မြို့တွင်းပိုးထည်တိုက်များသို့ ရောင်းချရာတွင် ပုံမှန်ဈေးထက် ထက်ဝက်ခန့် ဈေးနှိမ်ခံရမှုများကြောင့် ရက်ကန်းအလုပ်သမားမိသားစုများ အဆင်မပြေမှုများ ဖြစ်ပေါ်လာခဲ့ကြောင်း ရက်ကန်းအလုပ်သမားများအဖွဲ့မှ တာဝန်ရှိသူတစ်ဦးဖြစ်သူ မရင်မိုးက ပြောသည်။

"ချိတ်ဆိုင်တွေ ပိုးထည်တိုက်တွေကို သီတင်းကျွတ်နောက်ပိုင်းသွင်းရင် ကျပ် ၁၂၀၀၀၀၊ ၁၃၀၀၀၀ ပတ်ဝန်းကျင်လောက် သွင်းရတယ်။ ဈေးကွက်ကျရင်တော့ ကျပ် ၉၀၀၀၀ လောက်နဲ့ သွင်းတယ်။ သူတို့တွေက ပြန်ရောင်းရင် ဘယ်ရာသီပဲဖြစ်ဖြစ် ကျပ်၂၀၀၀၀၀ နဲ့ ပြန်ရောင်းကြတယ်။ ဝယ်သူတွေကလည်း အရည်အသွေးကောင်းတယ်ထင်ပြီး ဈေးကြီးပေးပြီးဝယ်ကြတယ်။ တကယ်တော့ အရည်အသွေးက အတူတူပါပဲ။ ကျွန်မတို့ဆီက ရက်လုပ်ထားတဲ့ပုံစံအတိုင်းပါပဲ" ဟု ၎င်းကပြောသည်။

"လက်ရှိရာသီမှာ ရက်ကန်းလုပ်ငန်းအတွက် ဈေးကွက်အေးသည့်အချိန်ဖြစ်သောကြောင့် ယခုကဲ့သို့ ဈေးနှိမ်ခံရမှုများမှာ ရက်ကန်းအလုပ်သမားများ စားဝတ်နေရေးအတွက် အခက်အခဲတစ်ခုဖြစ်ပြီး တော်သလင်းနှင့် သီတင်းကျွတ်လများတွင် ပုံမှန်ဈေးကွက် ပြန်လည်ကောင်းမွန်လာနိုင်ကြောင်း" ရက်ကန်းအလုပ်သမား ၊ ဒေါ်သန်းရင်က ပြောကြားသည်။

"ဒီရာသီဆို ဈေးကွက်အေးတော့ လုပ်ကိုင်စားဖို့ အရမ်းခက်ခဲတယ်။ ဈေးနှိမ်ခံရတော့ တချို့ဆို လုပ်အားခတွေ ကြိုတင်ထုတ်ပြီး သုံးနေရတယ်။ မိသားစုကများပြီး လုပ်အားခကလည်း အရမ်းနည်းတယ်" ဟု ၎င်းကပြောသည်။

ထို့ကြောင့် လက်ရှိရက်ကန်းအလုပ်သမားများ ကြုံတွေ့နေရသည့် အခက်အခဲများကို တတ်နိုင်သမျှ ဖြေရှင်းပေးနိုင်ရန် ရက်ကန်းအလုပ်သမားများအဖွဲ့ကို တရားဝင်ဖွဲ့စည်းခဲ့ပြီး အလုပ်သမားမိသားစုများ၏ သာရေး၊ နာရေး၊ လူမှုရေးများကို စုစည်း၍ အကူအညီများပေးခဲ့ကြကြောင်းလည်း မရင်မိုးက ပြောသည်။

"၂၀၁၃ ခုနှစ်၊ ဧပြီ ၄ ရက်နေ့မှာ တရားဝင်မှတ်ပုံတင် ရရှိခဲ့တယ်။ အဖွဲ့အနေနဲ့ လုပ်ဆောင်မှုတွေကတော့ အလုပ်သမားမိသားစုတွေရဲ့ ကျောင်းသား၊ ကျောင်းသူတွေကို စာအုပ်၊ ခဲတံ၊ အစရှိတဲ့ ကျောင်းသုံးပစ္စည်းတွေ ပေးအပ်ခဲ့ပါတယ်။ ဒီလုပ်ငန်းကို ပြည်ပကလည်း ထောက်ပံ့မှုတွေ ရှိလာပါတယ်" ဟု ၎င်းကပြောသည်။

အောင်ရဲသွင်







ဆောင်းပါး

အလင်းနှင့် အမှောင်တို့ဆွဲအား ကျွန်တော့်သား ဘယ်လမ်းရွေးမှာပါလိမ့်. . .

oe,f(Zr/ÁD)

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက်အတွင်းရှိ နေရာလေးတစ်ခုမှ လမ်းများစွာတွင် လမ်းဆုံတစ်ခု၌ အတွေးတစ်ခုခုတော့ ခေါင်းထဲရောက်လာတတ်စမြဲပင်ဖြစ်သည်။ ရှေ့ဆက်သွားလျှင် ချယ်ရီဈေး၊ နေ့ခင်းဘက်တွင် လှုပ်ရှားမှုပုံရိပ်တွေ၊ ဘဝအတွက် ပြေးလွှားကြရင်း ညဘက်မှာ တိတ်ဆိတ်နေသည်။ သည်ဘက်ပြန်သွားလျှင် ပန်းခြံနှင့် ဘောလုံးကွင်း၊ ကလေးငယ်များပြေးလွှားဆော့ကစားနေတာတွေ့ရတော့ သည်လိုပန်းခြံနှင့် အားကစားကွင်းများကို ထိန်းသိမ်းရမည်မှာ စည်ပင်သာယာတစ်ခုတည်းသာမဟုတ်ဘဲ ရပ်ကွက်မှာလည်း တာဝန်ရှိသည်ဟု ထင်မိပြန်သည်။ ဘယ်ဘက်ကိုကြည့်ပြန်လျှင် ဓမ္မာရုံအသစ်ကြီးနှင့် ဝဏ္ဏသိဒ္ဓိစာကြည့်တိုက်၊ ညာဘက်ကြည့်ပြန်တော့ ဝန်ထမ်းကားများ၊ ဆိုင်ကယ်များ ကြံသလိုရပ်ထားသော စားသောက်ဆိုင်တန်း၊ ဘယ်ဘက်ကို ဆက်လျှောက်ရင်း လမ်းမကြီးအကြောင်း ဆက်စဉ်းစားမိခဲ့သည်။ လမ်းမကြီးတွေသည် ကျယ်ကျယ်ဝန်းဝန်း၊ ကွန်ကရစ်ခင်းတို့ဖြင့် ခိုင်ခိုင်ခံ့ခံ့။ သည်လမ်းကို အသုံးပြုသည့် လူတွေရဲ့ အသိဉာဏ်ပေါ်မှာမူတည်၍ အန္တရာယ်ရှိခြင်း၊ မရှိခြင်းကိုလည်း ဆက်လက်စဉ်းစားနေမိပြန်သည်။ လမ်းပေါ်တွင် အသိဉာဏ်ကင်းမဲ့၍ စည်းကမ်းမဲ့ပရမ်းပတာ မောင်းနှင်ရန် ဆင်ခြင်တုံတရားမဲ့စွာ အသက်စတေးလိုက်ရသူတွေ၊ အကြောင်းအမျိုးမျိုးပြပြီး ယစ်ရွှေရည်မှိုင်းဝဲရင်း လောကကြီးကို စွန့်ခွာသွားသူတွေအကြောင်း တွေးရင်း စာတစ်ခုကို စဉ်းစားမိသည်။ "သတိ၊ ပညာ၊ သမ္မာ၊ ဝီရိ စောင်းနှယ်ညှိ၍၊ ညီဘိသော်သာ၊ ကျိုးထင်ရာ၏" တွေးရင်းဖြင့် ဝဏ္ဏသိဒ္ဓိစာကြည့်တိုက်ထံ ဝင်ဖြစ်သည်။ စာအုပ်စာတမ်းတွေ၊ ရည်ညွှန်းစာအုပ်တွေ၊ သုတ၊ ရသစာအုပ်တွေက သူ့နေရာနှင့်သူ အစီအရီ။ စာအုပ်စာရင်းမှတ်ပေးနေသော အငှားတာဝန်ခံ

လူငယ်တွေရဲ့ဘဝကို မြှင့်တင်ဖို့ ဒီစာအုပ်တွေကနေ . . .

အမျိုးသမီးလေးသည် အနွေးထည်လေးဖြင့် သဘာဝအချမ်းဒဏ်အန်တုရင်း သည်စာပေဝါသနာရှင်များအတွက် လှုပ်ရှားနေသည်။ မလှမ်းမကမ်းစားသောက်ဆိုင်တန်းဆီမှ ဇွန်းသံ၊ ပန်းကန်သံ၊ ဖန်ခွက်၊ ပုလင်းတို့ထိတိုက်သံ၊ အစားအသောက်မှာကြားသံတွေကိုလည်း တစ်ချက်တစ်ချက် ကြားရပြန်သည်။

ဝဏ္ဏသိဒ္ဓိစာကြည့်တိုက်မှ တာဝန်ရှိသူတစ်ဦးနှင့် စကားပြောကြည့်ပြန်တော့ သူတို့၏လူငယ်တွေအပေါ် မျှော်လင့်ချက်တွေကြားရပြန်သည်။ သူတို့၏ လူငယ်တွေအပေါ်ထားရှိသော စေတနာစကားကို နားထောင်ရင်း ယစ်ရွှေရည်အငွေ့အသက်တွေရဲ့ ရိုက်ခတ်မှုကိုလည်း စားသောက်ဆိုင်တန်းမှ ပျံ့လွင့်လာနေသည်။ "ကျွန်တော်တို့က သွေးလှူဒါန်းပေးပါတယ်။ အောက်ဆီဂျင်ဘူးတွေလည်း ထားပါတယ်။ အရေးပေါ်ကိစ္စအတွက် ဆေးရုံနဲ့ ရပ်ကွက်ထဲမှာ သုံးရအောင်လို့ပါ။ နာရေးကူညီမှုလည်းလုပ်ပါတယ်။ နာရေးလုပ်တဲ့အခါမှာ နေပြည်တော်စည်ပင်သာယာရေးကော်မတီက နိဗ္ဗာန်ယာဉ်နဲ့ မီးသင်္ဂြိုဟ်ခွင့် အခမဲ့ကူညီပေးပါတယ်။ ကျွန်တော်တို့က လူမှုရေးအပိုင်းတွေ ကူညီပြီး တရားစာအုပ်၊ ရေဘူးတွေလှူပေးတာပေါ့။ အခုနာရေးကူညီလာတာတွေ့လိုက်ရတာကတော့ အရက်ကြောင့် အကြောင်းအမျိုးမျိုးနဲ့ သေသွားတဲ့သူတွေ ၄၀ ကျော်လောက်ရှိတယ်။ ရောဂါရတာရော၊ အက်စီးဒန့်ဖြစ်တာရောပေါ့။ ဒါတွေရဲ့အကြောင်းအရင်းက ပညာနဲ့ ဆင်ခြင်ဉာဏ်အားနည်းလို့ပဲထင်ပါတယ်။ ဒါကြောင့် စာကြည့်တိုက်ကို ကျွန်တော်တို့ အစွမ်းကုန်ကြိုးစားနေတာပါ။ လူငယ်တွေပရဟိတလမ်းကြောင်းပေါ်တင်ပြီး စာကြည့်တိုက်ဘက်ဆွဲ စာဖတ်စေချင်တယ်။ ဘဝရည်မှန်းချက်တွေ မြင့်မြင့်မားမားရှိအောင် အတ္ထုပ္ပတ္တိစာအုပ်တွေ ထားပေးတယ်ဗျာ။ ဒါပေမယ့်. . . "ဟု ကြားသိခဲ့ရသည့်အသံ. . .။

သူ့မျက်လုံးလေးတွေ အရောင်မှိန်သွားတာကြည့်ရင်း နားလည်ကိုယ်ချင်းစာမိခဲ့ပါသည်။ ထိုအချိန်တွင် စားသောက်ဆိုင်တန်းဘက်မှ အော်ဟစ်သံများ ကြားလိုက်ရသည်။ "တချို့ဂျာနယ်ကြီးတွေကိုယ်တိုင်က ရေသန့်ဘူးကြော်ငြာလိုလို ကမ်စမ်းမဲကြော်ငြာလိုလိုနဲ့" ဆိုတော့ ကျွန်တော်တို့လည်း အိတ်ပေါက်နဲ့ ဖားကောက်သလိုပါပဲ။ ဒါပေမဲ့ ကျွန်တော်တို့က လူ့အရင်းအမြစ်ဖွံ့ဖြိုးဖို့ လူငယ်တွေရဲ့ဘဝကို မြှင့်တင်ဖို့ ဒီစာအုပ်တွေကနေ ကွန်ချက်ပြရင်း ကြိုးစားနေရမှာပါပဲ။ ဒါမှအမှန်နဲ့အမှား၊ အကြောင်းနဲ့အကျိုး၊ အဖြစ်နဲ့အပျက်တွေ ခွဲခြားပြီး သူတို့လမ်းရွေးတတ်မှာပေါ့ဗျာ"။ သူပြောတာကို နားထောင်ရင်း အိမ်မှ လေးနှစ်သား သားငယ်ဆီကို သတိရသွားမိသည်။ စာအုပ်တစ်အုပ်ကို အမြန်ငှားရသည်။ "ယဉ်ကျေးလိမ္မာပုံပြင်များ" ကျွန်တော့်သားလေး ဘယ်လမ်းရွေးမှာပါလိမ့်။ အလင်းလမ်းကို ရွေးမှာလား။ အမှောင်လမ်းကိုရွေးမှာလား။ ဝိဇ္ဇာလား။ အဝိဇ္ဇာလား။ အပြင်ဘက် ရာသီဥတုကတော့ အအေးငွေ့တွေရိုက်ခတ်နေသည်။ စားသောက်ဆိုင်တန်းဘက်မှ ဆဲဆိုသံတချို့ကို ခါးသီးစွာကြားလိုက်ရသည်။ လူငယ်တချို့ ဆိုင်ကယ်တစ်စီးဖြင့် လမ်းပေါ်တွင် အပြင်းမောင်းသွားသည်။ ကျွန်တော့်ခြေလှမ်းခပ်သွက်သွက်ဖြင့် အိမ်ပြန်နေမိသည်။သားကို အမြန်ဖတ်ပြမှုဖြစ်ပါမည်။ ယဉ်ကျေးလိမ္မာပုံပြင်များစာအုပ်ကို ခပ်တင်းတင်းဆုပ်ကိုင်မိသည်။ ဩော်-ကျွန်တော့်သား ဘယ်လမ်းများရွေးမိမှာပါလိမ့်။

ဖျာပုံခရိုင်ရှိ အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့် ဘက်စုံပညာထူးချွန်ဆု ရွေးချယ်ခံရသူ လေးဦးအား ဂုဏ်ပြုပွဲအခမ်းအနားကို ကျိုက်လတ်မြို့ အထက ၁ မြစန္ဒီခန်းမ၌ ဖေဖော်ဝါရီ ၂၁ ရက် ညနေတွင် ကျင်းပခဲ့သည်။ ၂၀၁၃–၂၀၁၄ ပညာသင်နှစ် ဖျာပုံခရိုင် ဘက်စုံထူးချွန်ကျောင်းသား/ကျောင်းသူ ခြောက်ဦးရွေးချယ်ရာတွင် အထက (၁) ကျိုက်လတ်မှ မစန္ဒာလှိုင် (ဒသမတန်း၊ နှစ်ထပ်ကွမ်း)၊ မောင်လင်းထက်အောင် (ဒသမတန်း)၊ မောင်မြတ်မင်းခန့် (နဝမတန်း၊ နှစ်ထပ်ကွမ်း)နှင့် မသင်းသင်းထက် (အဋ္ဌမတန်း)တို့ ရွေးချယ်ခံခဲ့ရသည်။ ၎င်းရွေးချယ်ပွဲများအား မြို့နယ်အဆင့်အနေဖြင့် ဇန်နဝါရီလ ၁၃ ရက်မှ ၁၅ ရက်နေ့အထိ ၃ ရက်တိုင်ဖြေဆိုယှဉ်ပြိုင်ခဲ့ကြပြီး ခရိုင်အဆင့်အနေဖြင့် ဘက်စုံပြိုင်ပွဲများကိုမူ ဇန်နဝါရီ ၁၄ ရက်မှ ၂၆ ရက်နေ့အထိ ဖျာပုံတွင် ဖြေဆိုခဲ့ရသည်။ ၂၀၁၂–၂၀၁၃ ပညာသင်နှစ်ကလည်း မစန္ဒာလှိုင်၊ မောင်မြတ်မင်းခန့်၊ မဖြိုးထက်ဝင်း၊ မောင်စိုးလင်းခိုင်တို့ လေးဦး ရွေးချယ်ခံခဲ့ရသည်။

သတင်းနှင့်ဓာတ်ပုံ - အာသောက

၂၀၁၄ ခုနှစ်သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းဆိုင်ရာများ မြိုင်မြို့နယ်၌ ဆွေးနွေး

မြိုင်၊ ဖေဖော်ဝါရီ ၂၄

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် မြို့နယ်သန်းခေါင်စာရင်းကော်မတီအဖွဲ့နှင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနတို့ ပူးပေါင်းလျက်သန်းခေါင်စာရင်းကောက်ယူရေးတွင်ပါဝင်ဆောင်ရွက်ကြမည့် ပညာရေးဌာနမှ ဆရာ၊ ဆရာမများအားသန်းခေါင်စာရင်းကောက်ယူခြင်းဆိုင်ရာလုပ်ငန်းအသိပေးဆွေးနွေးခြင်းကို ဖေဖော်ဝါရီ ၁၉ ရက် နံနက် ၁၀ နာရီတွင်မြိုင်မြို့၊ နံ့သာမြိုင်ခန်းမ၌ပြုလုပ်ရာတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ဌာနဆိုင်ရာအကြီးအကဲများ၊ဆရာ/ဆရာမများတက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် လက်ထောက်မြို့နယ်ပညာရေးမှူးဦးမြင့်လွင်က သန်းခေါင်စာရင်းကောက်ယူရေးတွင် ပညာရေးဌာနမှဆရာ/ဆရာမများအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက် အလွန်အရေးပါသော သန်းခေါင်စာရင်းကောက်ယူရေးတွင် တာဝန်တစ်ရပ်အနေဖြင့် မပျက်မကွက် စိတ်ဝင်တစားကောက်ယူပေးရေးပြောကြားသည်။ မြို့နယ်လ-ဝ-က ဦးစီးအရာရှိဦးခင်ဆွေက သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းကိစ္စရပ်များအားအသေးစိတ်ရှင်းလင်းဆွေးနွေးရာစာရင်းကောက်ယူကြမည့် ပညာရေးဌာနမှ ဆရာ/ ဆရာမများ၏မေးမြန်းချက်များအား ဦးခင်ဆွေကပြန်လည်ရှင်းလင်းပြောကြားခဲ့ကြောင်းသိရသည်။ **ဦးမင်းအောင်**

မြိုင်တွင် မြေလတ်ဒေသ ဆောင်းနေကြာများ ရိတ်သိမ်း ထုတ်လုပ်

မြိုင်၊ ဖေဖော်ဝါရီ ၂၄

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်တွင် နေကြာပင်များစိုက်ပျိုးဖြစ်ထွန်းကာ အပွင့်များရင့်မှည့်ပြီး ပန်းညှိုး၍ခြောက်သွေ့လာကာနေကြာစေ့များ အောင်မြင်နေပြီဖြစ်သဖြင့်ဖေဖော်ဝါရီလဆန်းမှ ယနေ့အထိရိတ်သိမ်းလျက်ရှိကြသည်။

ယာမြေတစ်ဧကလျှင်နေကြာစေ့(၁၅)တင်းခန့်ထွက်ရှိကာ နေကြာတစ်တင်းလျှင်နေကြာစေ့ဆီ(၃)ပိဿာ(၁၅)ကျပ်သားရရှိသည်။

မြိုင်မြို့နယ်သည် မိုးခေါင်ရေရှားရပ်ဝန်းဖြစ်သော်လည်း စက်တင်ဘာတွင် နေကြာမျိုးစေ့များကို ယာမြေတွင် မြောင်းဆွဲခြင်းဖြင့် လည်းကောင်း၊ ကြဲပက်ခြင်းဖြင့်လည်းကောင်း စိုက်ပျိုးကြသည်။ **ဦးမင်းအောင်**

မိတ္ထီလာတွင် ကလေးသုံးမြွာပူး မိခင်အား ထောက်ပံ့ငွေပေးအပ်

မိတ္ထီလာ ဖေဖော်ဝါရီ ၂၄

မိတ္ထီလာခရိုင် ပြည်သူ့ဆေးရုံကြီးတွင် ကလေးသုံးမြွာပူးမွေးဖွားသူ မိခင်အား ဖေဖော်ဝါရီ ၂၁ က ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက တစ်သောင်းကျပ်၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့က တစ်သောင်းကျပ်၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးက တစ်သောင်းကျပ် စုစုပေါင်းသုံးသောင်းကျပ် ထောက်ပံ့ငွေပေးအပ်ကြောင်း သိရသည်။

ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌဒေါက်တာတေဇာမြတ်ထွေးနှင့် အသင်းအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များမှ စုပေါင်းထောက်ပံ့ပေးအပ်ခြင်းဖြစ်ပြီး ကလေးသုံးမြွာပူးမွေးဖွားခဲ့သည့် မိခင်မှာ မုန်တိုင်ကျေးရွာအုပ်စု မုန်တိုင်ကျေးရွာနေ ဦးနိုင်ထွန်း၏ဇနီး ဒေါ်ကျန်ဖြစ်သည်။ ပထမအကြိမ်တွင် သားသမီးတစ်ဦးသာ ပုံမှန်မွေးဖွားခြင်းဖြစ်၍ ဒုတိယအကြိမ်တွင်မူ ထူးထူးခြားခြား သုံးမြွာပူးမီးဖွားပြီး ကလေးသုံးဦးအား (ဗိုက်ခွဲမွေးဖွားခြင်းမဟုတ်ဘဲ) ရိုးရိုးမွေးဖွားခြင်းဖြစ်သည်။ ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၄ နာရီ ၁၅ မိနစ်ခန့်က စတင်မွေးဖွားပြီး မိနစ်အနည်းငယ်ခြားကာ ကလေးသုံးမြွာပူးမွေးဖွား၍ မွေးပြီးနောက် ကလေးနှစ်ဦးအား အသက်ရှူလမ်းကြောင်းဆိုင်ရာ အခက်အခဲကြောင့် အောက်ဆီဂျင်ရရှိအောင် မှန်လုံအိမ်ထဲတွင် ပြုစုစောင့်ရှောက်ထားရကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)

မဒေါက်မြို့၌ ပညာအလင်းရောင် စာကြည့်တိုက်ဖွင့်ပွဲ ကျင်းပ

မဒေါက် ဖေဖော်ဝါရီ ၂၄

မဒေါက်မြို့ ပန်းငွေရုံတောရပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တသုမနာဘိဝံသ(အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ) အားအမှူးထား၍ ပညာအလင်းရောင်စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၆ ရက် နံနက် ၉ နာရီက ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် မဒေါက်မြို့ရှိ အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပရာ ပညာအလင်းရောင် စာကြည့်တိုက်ဆိုင်းဘုတ်အား ပန်းငွေရုံတောရဆရာတော်က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ပန်းငွေရုံကျောင်းတိုက်မှ စာချဆရာတော်ဘဒ္ဒန္တကဥ္စန၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးမြင့်၊ အလှူရှင်များဖြစ်ကြသော ရန်ကုန်မြို့နေ ဗိုလ်မှူးအောင်ကြည်(ငြိမ်း)-ဒေါ်နီလာထွန်း ကိုယ်စား ဒေါက်တာသန်းထိုက်အောင်၊ ဗိုလ်ကြီးခင်ဝင်း(ငြိမ်း)-ဇနီး ဒေါ်မူမူ၊ ဦးတင်အောင်စိုးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ အဆိုပါစာကြည့်တိုက်မှာ အာစီတစ်ထပ်တိုက် အဆောက်အအုံဖြစ်ကာ ရှေ့ ၃၅ ပေ၊ အနောက် ၂၅ ပေ အကျယ်အဝန်းရှိ၍ စာအုပ်စာစောင်၊ စားပွဲ၊ ဗီရို၊ ကုလားထိုင်တို့ဖြင့် စာကြည့်တိုက်အင်္ဂါရပ်နှင့်ပြည့်စုံကြောင်း သိရသည်။

နေလင်း(ညောင်လေးပင်)

နွားထိုးကြီးတွင် အမဲဈေးအရှုံးပြ

နွားထိုးကြီး ဖေဖော်ဝါရီ ၂၄

နွားထိုးကြီးမြို့နယ်တွင် အမဲသားဈေးနှုန်းမှာ ကျပ်ရှစ်ထောင်မှ တစ်သောင်းအထိရှိနေသော်လည်း ကုန်ကြမ်းဖြစ်သည့် နွားဈေးနှုန်းမှာ ကြီးမြင့်နေပြီး ရောင်းလက်နည်းသဖြင့် အရှုံးပေါ်နေကြောင်း နွားထိုးကြီးမြို့မှ အမဲလိုင်စင်ရသူတစ်ဦးက ပြောသည်။ ဖေဖော်ဝါရီ ၁၈ ရက်က လေးသိန်းတန် အမဲပေါ်ရာတွင် ၃၁ ပိဿာထွက်ပြီး ရှစ်ထောင်ကျော်ဈေးဖြင့် ရောင်းရ၍ အရှုံးပေါ်ခဲ့ကြောင်း၊ နွားပွဲဈေးများတွင် နွားဈေးနှုန်းကြီးမြင့်ပြီး ရောင်းလက်မရှိသဖြင့် အမဲဈေးကွက် အခက်အခဲရှိမည်ဖြစ်ကြောင်း အဆိုပါ လုပ်ငန်းရှင်က ပြောသည်။

ယခုနှစ် နွားလေလံအရှုံးကြောင့် လာမည့်နှစ်တွင် နွားလေလံမဆွဲတော့ဟု ၎င်းကပြောသည်။ အညာတွင် နွားဈေးမြင့်တက်ခြင်းသည်နွားများရှားလာခြင်းကြောင့်ဖြစ်ပြီး အမဲသားအခက်ဖြစ်နေရကြောင်း၊ ဆိတ်သားထက်အမဲသားဈေးမှာ ကြီးမြင့်နေမည်ဖြစ်ကြောင်း၊ နွားထိုးကြီးဈေးတွင် အမဲသားကို နေ့တိုင်းဝယ်မရဘဲ နှစ်ရက်ခြား၊ သုံးရက်ခြားသာ ဝယ်၍ရပြီး အမဲသားဈေးနှုန်းမှာ ကျပ်ရှစ်ထောင်မှ ကျပ်တစ်သောင်းအထိ မြင့်မားနေသည်ဟု မြို့ခံတို့က ပြောကြားကြောင်းသိရသည်။

ဌေးမြင့်မောင်

သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်အား မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်း မပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

တနင်္သာရီမြို့တွင် တိရစ္ဆာန်ဥယျာဉ်အသေးစား မွေးမြူထား

တနင်္သာရီ ဖေဖော်ဝါရီ ၂၄

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့မှ ရေမိုင် ၂၃ မိုင်ကွာဝေးပြီး အိမ်ခြေ ၃၅၀ ခန့်ရှိသည့် သာရဘွင်ကျေးရွာအုပ်စု သာရဘွင်ရွာဘုန်းတော်ကြီးကျောင်းတွင် တောဆတ်အထီး နှစ်ကောင်၊ ဝက်ဝံအမ တစ်ကောင်နှင့် ခွေးဝံအထီးတစ်ကောင် ရှားပါးလှသည့် မျိုးဆက်လေးကောင်တို့ကို သက်တော်(၇၀)နှစ်၊ သိက္ခာတော် (၅၀) ရှိပြီဖြစ်သော ဆရာတော်အရှင်ဉာဏကကျောင်းဝင်းပရိဝုဏ်အတွင်း တိရစ္ဆာန်ဥယျာဉ်ကဲ့သို့ ဘေးမဲ့မွေးမြူထားရှိကြောင်း သိရသည်။

ဆရာတော်၏ပြောပြချက်အရ တစ်နှစ်သားအရွယ်ရှိ တောဆတ်အထီးနှစ်ကောင်အား အလှူရှင် ဦးကြည်ဝေ-ဒေါ်ယပ်ကွန်တို့က ၂၀၀၉ ခုနှစ်ကုန်တွင် လာရောက်လှူဒါန်း၍ နို့ဆီတိုက်မွေးမြူထားခဲ့ရာ လေးနှစ်ကျော်ပြီဖြစ်သဖြင့် မျိုးဆက်ပွားလိုသည့်အနေအထား ရှိနေကြောင်း၊ လသားအရွယ်ရှိ တောဝက်ဝံအမနှင့် တောခွေးဝံ အထီးတစ်ကောင်တို့အား ဒေါ်ရှမ်းမဆိုသူက ၂၀၁၃ခုနှစ်က လာရောက်လှူဒါန်းခဲ့ရာ ဆရာတော်က နို့ဆီတိုက်ကျွေးပြီး မွေးမြူထားခဲ့သဖြင့် မိမိအား ချစ်ခင်ကြကြောင်း မိန့်ကြားသည်။

ဆက်လက်၍ ဆရာတော်က ယခုဆိုလျှင်တောဆတ် အထီးနှစ်ကောင်သည် အရွယ်ရောက်နေပြီဖြစ်သဖြင့် မျိုးဆက်ပွားရန်လည်း အခက်အခဲရှိကြောင်း၊ ထိုင်းနိုင်ငံသားများကလည်း ၎င်းတောဆတ်နှစ်ကောင်အား တစ်ကောင်လျှင် ကားတစ်စီးနှုန်းဖြင့် လာရောက်ဝယ်ယူသော်လည်း မိမိအနေဖြင့် တိုင်းတပါးသို့ မရောက်ရှိစေလိုသဖြင့် မွေးမြူထားကြောင်း၊ မျိုးဆက်မပွားနိုင်သည့်အပြင် မျိုးဆက်တုံးသွားနိုင်ဖွယ်ရှိသဖြင့် လေးကောင်စလုံးအား နိုင်ငံတော်အစိုးရထံ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်မှတစ်ဆင့် လှူဒါန်းနိုင်ရန်အတွက် ကရင်တိုင်းရင်းသားရေးရာဝန်ကြီးနှင့် သစ်တောဝန်ကြီးတို့ထံ တင်ပြစီစဉ်ထားရှိကြောင်း သိရှိရသည်။

နန်းသာရီ(ထိန်ဝင်း)

ပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်းမည်

နတ်မောက်မြို့နယ်တွင် ထင်းအစား လောင်စာတောင့်များသုံးစွဲ

နတ်မောက် ဖေဖော်ဝါရီ ၂၄

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ကျေးလက်နှင့်မြို့ပေါ်ရှိ လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်များနှင့် အသေးစား၊ အလတ်စား စက်ရုံလုပ်ငန်းများတွင် ထင်းအစား အခြားလောင်စာတောင့်များ သုံးစွဲခြင်းဖြင့် လုပ်ငန်းလည်ပတ်မှု အဆင်ပြေလျက်ရှိသည်။

ထင်းအစား အခြားလောင်စာတောင့်သုံးစွဲခြင်းဖြင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှု လျော့နည်းစေပြီး ထင်းနှင့်ထင်းကုန်ကျစရိတ် များစွာသက်သာစေသည့်အပြင် လောင်စာတောင့်သည် လောင်ကျွမ်းမှု မီးအရှိန်ကို ထိန်းညှိခြင်းနှင့် ကြာရှည်စွာအသုံးပြုရခြင်းတို့ကြောင့် စားသောက်ကုန်ထုတ်လုပ်ငန်းများနှင့် အသေးစားသံရည်ကျိုလုပ်ငန်းများအတွက် အကျိုးပြုလျက်ရှိသည်။ နတ်မောက်မြို့ ဈေးရပ်ကွက်အတွင်းရှိ သံရည်ကျိုလုပ်ငန်းများတွင် မြန်မာနိုင်ငံစစ်မှုထမ်း ဟောင်းအဖွဲ့ အမှတ်(၂)ထင်းအစားထိုးလောင်စာတောင့်စက်ရုံမှ ထုတ်လုပ်သောရေနံ ချေးလောင်စာတောင့်များ ဝယ်ယူအသုံးပြုလုပ်ကိုင်သဖြင့် အဆင်ပြေကြောင်းသိရသည်။

"လောင်စာတောင့် သုံးစွဲရတာဟာ ထင်းကုန်ကျမှု သက်သာတဲ့အပြင် သံရည်ကျိုလုပ်ငန်းမှာ မီးပြင်းပြင်းထိုးပြီး ပြုလုပ်ရတဲ့အတွက် အသုံးပြုမှုအဆင်ပြေတယ်။ ကျွန်တော့်စက်ရုံမှာ တစ်နှစ်ကို လောင်စာတောင့် ပမာဏ တစ်သိန်းခန့်သုံးစွဲပါတယ်။ သုံးစွဲရတာ အဆင်ပြေပေမယ့် ဝယ်ယူတဲ့အခါ လိုသလောက်မရဘူး။ ပါမစ်မရှိလို့ တခြားသူဆီက တစ်ဆင့်ပြန်ဝယ်ရတဲ့အတွက် ဈေးကြီးကြီးပေးဝယ်နေရတယ်။ တကယ်သုံးစွဲနေတဲ့သူတွေ လွယ်လွယ်ကူကူ ဝယ်ယူနိုင်ဖို့ အဆင်ပြေအောင် စီမံဆောင်ရွက်ပေးနိုင်ရင် ပိုပြီးတော့ ကောင်းတာပေါ့ဗျာ" ဟု လောင်စာတောင့်သုံးစွဲပြီး သံရည်ကျိုလုပ်ငန်း လုပ်ကိုင်သူတစ်ဦးက ပြောသည်။ နတ်မောက်မြို့ ဈေးရပ်ကွက်အတွင်းရှိ အသေးစားသံရည်ကျိုစက်ရုံများမှ ပေါက်တူး၊ ပေါက်ပြား၊ ဒယ်အိုး၊ ထယ်သွားနှင့် လယ်ယာသုံးပစ္စည်းများ ထုတ်လုပ်ရောင်းချလျက်ရှိကြောင်း သိရသည်။

ဖူးပွင့်နေခြည်(မကွေး)

နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများအား ဂုဏ်ပြု

ပုသိမ် ဖေဖော်ဝါရီ ၂၄

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် (၇)ကြိမ်မြောက် အရှေ့တောင်အာရှ မသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် ဆုတံဆိပ်များရရှိခဲ့သော ဧရာဝတီတိုင်းဒေသကြီးမှ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများအား ဂုဏ်ပြုပွဲကို ဖေဖော်ဝါရီ ၂၀ ရက်က မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်က နှုတ်ခွန်းဆက် အမှာစကားပြောကြားပြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ရွှေ၊ ငွေ၊ ကြေးဆုတံဆိပ် ရရှိသူများနှင့် အုပ်ချုပ်သူ၊ နည်းပြများအား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းများ ပေးအပ်ချီးမြှင့်ခဲ့သည်။ ဆုရ အားကစားသမားများ ကိုယ်စား ရွှေတံဆိပ်ဆုရ အားကစားသမားတစ်ဦးက ကျေးဇူးတင်စကား ပြောကြားခဲ့သည်။ အဆိုပါ အားကစားပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးမှ အားကစားသမား ၃၀ က ရွှေ ၁၂၊ ငွေ ၂၊ ကြေး ၁၀ ရရှိခဲ့သည့်အတွက် ၎င်းတို့အား ဂုဏ်ပြုဆုငွေများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ခရိုင်ပြန်/ဆက်

ကန့်ဘလူ၌ အရန်သားဖွားသင်တန်းဖွင့်

ကန့်ဘလူ ဖေဖော်ဝါရီ ၂၄

မြို့နယ်နှင့်အလှမ်းဝေးပြီး ကျန်းမာရေးဝန်ထမ်းမရှိသော ကျေးလက်ဒေသများတွင် ပြည်သူကို ဗဟိုပြု၍ ပြည်သူလူထု ကျန်းမာရေး စောင့်ရှောက်မှု အပြည့်အဝရရှိစေရန် စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့တွင် ဖေဖော်ဝါရီ ၂၁ ရက်က မြို့နယ်ပြည်သူ့ဆေးရုံ (ဆေးရုံဟောင်း) အစည်းအဝေးခန်းမ၌ အရန် သားဖွား သင်တန်း(၁/၂၀၁၄) ဖွင့်ပွဲ ကျင်းပရာ မြို့နယ်ကျန်းမာရေးကြီးကြပ် ရေးကော်မတီနှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌဦးမျိုးလွင်နှင့် မြို့နယ် ကျန်းမာရေးဦးစီးဌာန ခုတင် (၁၀၀၀)ဆေးရုံအုပ် ဒေါက်တာမေစန်းချိုတို့က အမှာစကား ပြောကြားသည်။

အဆိုပါသင်တန်းသို့ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် အခြားဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ သင်တန်းတွင် ကျေးရွာများမှ သင်တန်းသူ ၁၁ ဦး တက်ရောက်ပြီး သင်တန်းကာလခြောက်လဖြစ်ပြီး စာတွေ့လက်တွေ့သင်ကြားပေးမည်ဖြစ်ကြောင်းနှင့် ကျေးရွာပြည်သူများ၏ မီးဖွားခြင်းဆိုင်ရာ ပြဿနာများ၊ ကိုယ်ဝန်ဆောင်စောင့်ရှောက်ရေး၊ ကလေးသူငယ်ကျန်းမာရေး ကာကွယ်မြှင့်တင်ရေးလုပ်ငန်းများကို ထိထိရောက်ရောက် စောင့်ရှောက်မှု ပေးနိုင်ရန် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း မြို့နယ်ကျန်းမာရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

အောင်ဝင်းငြိမ်း

ချင်းအမျိုးသားနေ့တွင် ပျော်ပွဲရွှင်ပွဲများ ကျင်းပ

ထန်တလန် ဖေဖော်ဝါရီ ၂၄

ချင်းတိုင်းရင်းသားတို့၏ (၆၆)နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားကို ဖေဖော်ဝါရီ ၂၀ ရက်တွင် ချင်းပြည်နယ်အတွင်းရှိ မြို့များနှင့် အချို့ကျေးရွာများတွင် ကျင်းပရာ ထန်တလန်မြို့တွင်လည်း စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။ အမှတ်(၁)ရပ်ကွက်ရှိ လာလ်လွဲအားကစားကွင်း၌ နံနက်၉နာရီတွင် စတင်ကျင်းပရာ ချင်းပြည်နယ် မြို့နယ်(၉)မြို့နယ်မှ သဘာပတိများက နေရာယူပြီး သဘာပတိများကိုယ်စား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးလာလ်မောင်ကျုံးက ချင်းအမျိုးသားနေ့ ဖြစ်ပေါ်လာပုံနှင့် နောက်ခံသမိုင်းအကျဉ်းကို ဒေသဘာသာစကားဖြင့် ရှင်းလင်းဟောပြောသည်။ ဆက်လက်၍ ချင်းပြည်နယ် ဝန်ကြီးချုပ်သီရိပျံချီဦးဟုန်းငိုင်းထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူးဦးကျော်ဝင်းက ဖတ်ကြားခဲ့ကြောင်း သိရသည်။

ထို့နောက် ကံစမ်းမဲ ဖွင့်ဖောက်ခြင်း၊ ချင်းနပန်း၊ သံလုံးပစ်၊ ချောတိုင်တက်စသည့် အားကစားမျိုးစုံနှင့် ညအစီအစဉ်အဖြစ် ချင်းရိုးရာယဉ်ကျေးမှုအကများ၊ လှယဉ်ကျေးမယ်နှင့် ခေတ်ပေါ်တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြရာ ယခင်နှစ်များနှင့်မတူ ဒေသခံပြည်သူများ ပိုမိုပျော်ရွှင်ကြပြီး အားကစားကွင်းအပြည့် လာရောက်ကြည့်ရှုကြသည်။

ချင်းအမျိုးသားနေ့သည် ၁၉၄၈ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်၌ ဖလမ်းမြို့တွင် ပြုလုပ်သော ချင်းပြည်နယ် လူထုကိုယ်စားလှယ် ငါးထောင်ကျော်က ပဒေသရာဇ်စနစ်ကို ဖျက်သိမ်းပြီး ဒီမိုကရေစီအုပ်ချုပ်ရေးစနစ် ပြဋ္ဌာန်းအတည်ပြုသည့်နေ့ကို ချင်းအမျိုးသားနေ့အဖြစ် ၁၉၅၁ခုနှစ် အောက်တိုဘာ ၉ ရက်တွင် ပြုလုပ်သည့် ချင်းရေးရာကောင်စီအစည်းအဝေး၌ တညီတညွတ်တည်း ဆုံးဖြတ်အတည်ပြုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မြို့နယ်ပြန်/ဆက်

ကလေးငယ်များ ရာသီပြောင်းရောဂါ ခံစားနေရ

နွားထိုးကြီး ဖေဖော်ဝါရီ ၂၄

နွားထိုးကြီးမြို့ပေါ် ရှစ်ရပ်ကွက်အတွင်းနေထိုင်ကြသော ငါးနှစ်အရွယ်နှင့် ငါးနှစ်အောက်ကလေးငယ်များ လက်ရှိကာလတွင် ရာသီအကူးအပြောင်းဖြစ်သော အေးသောရာသီမှ ပူသောရာသီသို့ အကူးတွင် အဆိုပါအရွယ်ကလေးငယ်များ ဖျားနာဝေဒနာများ ခံစားနေရကြောင်း မြို့ခံမိခင်တစ်ဦးက ပြောသည်။

အဖျားပြင်းပြီး အနီဖုများထွက်လာသဖြင့် ရပ်ကွက်အတွင်းမှ ဝက်သက်ဟု ပြောသော်လည်း ကျန်းမာရေးဌာနမှ မိခင်နှင့်ကလေးပိုင်းဆိုင်ရာ ဆရာဝန်များက ဝက်သက်မဟုတ်ကြောင်းနှင့် ဗိုင်းရပ်စ်ပိုးတစ်မျိုးကြောင့် ဤရောဂါဖြစ်ပွားကြောင်း ပြောဆိုကြသည်ဟု ဆိုသည်။ နွားထိုးကြီးမြို့နယ်တွင် ကလေးငယ်များ ရာသီအကူးအပြောင်းကြောင့် ဖျားနာမှုများ ရှိလာသော်လည်း အသေအပျောက်မရှိဘဲ ဆေးရုံ၊ ဆေးခန်းများတွင် ပြသကြကြောင်းသိရသည်။

ဌေးမြင့်မောင်

ဒေါက်တာညီညီ(သင်ချိုး)

စိန်ငါးလုံး အာရုံကြောဆေး
အကြောများဖုထုံးခြင်း၊ လေဝင်နာခြင်း၊
လေဖြတ်ခြင်း၊ ခြေလက်များ ကောက်ကွေးခြင်း တို့အတွက်
စိန်ငါးလုံး အာရုံကြောဆေး ကိုသောက်ပါ။

RMIT University
Australia

ကျုံဒိုးမြို့နယ်လုံးကျွတ် မီးပုံပွဲတော်

EbkcKu(Hj

ကျုံဒိုးမြို့တွင် နှစ်စဉ်ကျင်းပသော ကရင်ရိုးရာနယ်လုံးကျွတ် မီးပုံပွဲတော်ရက်ရောက်ချိန်။ ကရင်ရိုးရာမီးပုံပွဲတော်ကို သက္ကရာဇ် ၁၁၈၈ခုနှစ်တွင် စတင်ကျင်းပခဲ့ပြီး တလဂုဏ်ဘာသာဝင်များသာ ကိုးကွယ်ခဲ့ကြသည့် မီးပုံပွဲလည်းဖြစ်သည်။ တစ်နှစ်တစ်ကြိမ်ကျင်းပသော မီးပုံပူဇော်ပွဲတော်ကြီးကို တလဂုဏ်ဘာသာဝင်များက အလေးအမြတ်ထားကြသလို တစ်နှစ်တွင် တစ်ကြိမ်သာ ကျင်းပခွင့်ရသည့် မီးပုံပွဲတော်သို့ မလာရောက်နိုင်လျှင်၊ ရောက်ခွင့်မရလျှင် ကုသိုလ်ကံနည်းပါးကြောင်း ယုံကြည်ကြပြီး ပွဲတော်သို့ မရောက်ရောက်အောင် ရောက်ရာနေရပ်က လာရောက်ပူဇော်ကြကြောင်းသိရသည်။ ယခုအခါတလဂုဏ်ဘာသာဝင်များသာမက ဒေသခံများ၊ နယ်သူနယ်သားများ၊ လူမျိုးမရွေး၊ ဘာသာမရွေး တိုင်းရင်းသားညီအစ်ကိုမောင်နှမများ အားလုံး ပါဝင်ဆင်နွှဲကြသည့် တူယှဉ်နွဲ့ပျော် နယ်လုံးကျွတ်မီးပုံပူဇော်ပွဲတော်ကြီး ဖြစ်လာခဲ့သည်။

ကရင်ပြည်နယ်ရှိ ကရင်တိုင်းရင်းသားတို့သည် ကိုးကွယ်ရာဘာသာအရ မီးဖြင့်ပူဇော်သောကောင်းမှု ကုသိုလ်ပြုခြင်း အမျိုးမျိုးရှိကြသည်။ ဘာသာရေးအရ၊ ရိုးရာဓလေ့အရ မီးဖြင့်ပူဇော်ခြင်း၊ မီးလှွတ်၊ မီးမျှောခြင်းစသည့်မှုများရှိကြသည်။ မြတ်စွာဘုရားရှင်သက်တော်ထင်ရှားရှိစဉ်က အအေးပိုကဲသောတပို့တွဲလတွင် ဖဝါးတော်၊ လက်တော် မီးကင်တော်မူခဲ့ရခြင်း၊ ဒုကုဋ္ဌသင်္ကန်းထပ် ခြုံတော်မူခြင်းကို အကြောင်းပြု၍ မီးလှွတ်၊ မီးတင်၊ မီးရှို့ပူဇော်ခြင်းကို ပြုလုပ်တော်မူခဲ့၏။

မီးပုံလှူဒါန်းခြင်းမှာ တပို့တွဲလပြည့်နေ့တွင် ဖြစ်သည်။ တပို့တွဲလပြည့်နေ့ည နှစ်ချက်တီးကျော် လပြည့်ကျော်တစ်ရက်အဝင် မြတ်စွာဘုရားရှင်အား အချမ်းမှသက်သာစေရန် ရှင်အာနန္ဒာက ဒုကုဋ္ဌတော် တင်လှွတ်ပေးခြင်းကို ကျမ်းဂန်များ၌ တွေ့ရပါသည်။ ထို့ကြောင့် နံ့သာထင်းများဖြင့် ဘုရားကို ရည်စူး၍ လှူဒါန်းပူဇော်ကြခြင်းဖြစ်သည်။ တလဂုဏ်တို့ မီးပုံ ပူဇော်ပွဲသည် စူဠာမုနိ စေတီတော်ကို ရည်စူး၍ မီးပုံတင်လှူပူဇော်ခြင်း၊ (နတ်ချွတ်ခြင်း) အယူဝါဒ ကူးပြောင်းခြင်းနှင့် အဌမှုဒ်ဂြိုဟ်ခွင် ပူဇော်ခြင်းကို ဆောင်ရွက်ကြသည်။

မျက်မှောက်ခေတ်တွင် တလဂုဏ်ဘာသာဝင် ကရင်တိုင်းရင်းသားတို့၏ တပို့တွဲလမီးပုံပူဇော်ပွဲကြီးသည် ကြီးကျယ်ခမ်းနား စည်ကားလျက်ရှိသည်။ ပြည်နယ်လုံးကျွတ် ကျုံဒိုးမြို့မီးပုံပွဲကို မြန်မာသက္ကရာဇ် ၁၁၈၈ ခုနှစ် တပို့တွဲလပြည့်နေ့တွင် စတင်ပြီး နှစ်စဉ်ကျင်းပခဲ့ရာ ယခုနှစ်ဆိုလျှင် (၁၈၈) ကြိမ်မြောက်ရှိပြီဖြစ်ပါသည်။ တလဂုဏ်ဘာသာဝင် ကရင်တိုင်းရင်းသားတို့၏ ရိုးရာမီးပုံ ပူဇော်ပွဲဖြစ်သည့် အပြင် ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကျုံဒိုးမြို့ကို ဗဟိုထားပြီး နှစ်စဉ်မီးပုံပွဲကို တပို့တွဲလပြည့်ညတွင် ကျင်းပကြခြင်းလည်း ဖြစ်သည်။ ထိုအချိန်ရောက်တိုင်း တလဂုဏ်ဘာသာဝင် ကရင်တိုင်းရင်းသားများသည် မည်မျှဝေးကွာသည့်အရပ်သို့ ရောက်နေသည်ဖြစ်စေ ရောက်အောင် ပြန်လာပြီး ဆင်နွှဲကြပါသည်။ မီးပုံပူဇော်ပွဲကို ကျုံဒိုးမြို့ ရသေ့ကျောင်း (ဓမ္မသုခကျောင်း) ဝင်းအတွင်းကျင်းပပြီး ယင်းကျောင်းအနီးရှိ လယ်ကွင်းပြင်ကြီးတွင် ပွဲဈေးတန်းများ၊ ရုပ်ပွဲများ၊ ဇာတ်ပွဲများ၊ မြန်မာ့ရိုးရာ လက်ဝှေ့ စိန်ခေါ်ပွဲများ၊ ကရင်ရိုးရာဝတ်စားဆင်ယင်မှုပြိုင်ပွဲ၊ အလှမယ်ရွေးချယ်ပြိုင်ပွဲ၊ ကရင်ရိုးရာ ဒုံးပြိုင်ပွဲများကို စည်ကားသိုက်မြိုက်စွာ ကျင်းပကြရာ မျက်စိတစ်ဆုံးကျယ်ဝန်းစွာတွေ့မြင်ကြရပါသည်။ အနယ်နယ်အရပ်ရပ်မှ ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များအား ပင့်ဖိတ်၍ ဆွမ်းလှူဒါန်းပြီး ပွဲတော်လာ ဧည့်သည်များကိုလည်း စတုဒိသာများဖြင့် ကျွေးမွေးဧည့်ခံကြပါသည်။

မီးပုံပူဇော်ပွဲတွင် မီးပုံတိုင်နှင့် မီးစည်းတိုင်များကို စိုက်ထူပြီး မီးရှို့ပူဇော်ကြခြင်းဖြစ်သည်။ မီးပုံပူဇော်ပွဲတွင် မီးပုံတိုင်နှင့် မီးစည်းတိုင်များကို စိုက်ထူနိုင်ရန် တစ်လခန့် ကြိုတင်၍ ခုတ်ယူကြရပါသည်။ ထိုသို့ ခုတ်ယူရာတွင် ပြာသိုလဆန်း (ရက်ရာဇာ) ကျရောက်သောနေ့ တစ်နေ့သတ်မှတ်ပြီး သန်မာထွားကြိုင်းသော အမျိုးသားများ၊ သစ်ခုတ်ရာတွင် ကျွမ်းကျင်သော သူများနှင့် သွားရောက်ပြီး ပင်မမီးပုံတိုင်ကို ဦးစွာရှာဖွေ ခုတ်ယူရပါသည်။ (ပင်မမီးပုံတိုင်ခုတ်ရာတွင် အမျိုးသမီးများ လုံးဝလိုက်ပါခွင့် မရှိရပါ။) မီးပုံတိုင် ခုတ်သော သစ်ခုတ်သမားတို့မှာ (ကြက်၊ ဝက် ၊ ဘဲ) စသည့် ကုန်းနေသတ္တဝါများ မစားရ ၊ မူးယစ်သေစာမှုများကို လုံးဝရှောင်ကြဉ်ကြရပါသည်။

ပင်မမီးပုံတိုင်မှာ ဖြောင့်စင်း၍ အနာအဆာကင်းရပြီး သတ်မှတ်သော လုံးပတ်ထွာဆိုင်နှင့် အရှည်လည်း ပြည့်စုံရပါမည်။ ပင်မတိုင် ငါးတိုင်တွင် အလယ်ဗဟို (မကိုဋ်) ပင်မမီးပုံတိုင်ကြီးသည် ပင်ခြေရင်းလုံးပတ် သုံးထွာဆိုင် အနည်းဆုံးနှစ်ထွာခွဲဆိုင်နှင့် အရှည် ၂၅ တောင်ရှိပါသည်။ အရန်တိုင် လေးတိုင်မှာ ပင်ခြေရင်း လုံးပတ် နှစ်ထွာခွဲဆိုင်နှင့် အရှည် ၂၂ တောင်ရှိရပါသည်။ ထို့နောက် မီးစည်းတိုင်များအတွက် ရွာသူရွာသားများသည် မီးစည်းတိုင်များကိုသွားရောက် ခုတ်ယူကြပြီး အကိုင်းအခက်များကို ရှင်းလင်း၍ ထိပ်ဖျားတွင် အရွက်အနည်းငယ်ချန်ထားရပါသည်။ ထိုမှအခွံခွာ၍ စင်းလုံးအချောသပ်ပြီး အိမ်သို့ ယူဆောင်လာကာ ပင်စည်ကိုနနွင်းဖြင့် သုတ်လိမ်းရပါသည်။

မီးပုံပူဇော်ပွဲ ကျင်းပမည့် ကွင်းနှင့် မီးပုံတိုင်၊ မီးစည်းတိုင်များကို စိုက်ထူရန်နေရာများအတွက် ပြာသိုလကွယ်တွင် အပြီးသတ်ဆောင်ရွက်ထားရပြီး တပို့တွဲလဆန်း ၈ ရက်တွင် မီးပုံတိုင်နှင့် မီးစည်းတိုင်များကို စိုက်ထူရန် ဆောင်ရွက်ကြရပါသည်။ မီးပုံတိုင်များကိုစိုက်ထူရန် ပထမဦးစွာ ဆရာတော်ထံမှ ငါးပါးသီလခံယူပြီး မီးပုံတိုင်ကြီးကို ဆရာတော်က အမွှေးနံ့သာများ ပက်ဖျန်းပေးပြီး ပင်မမီးပုံတိုင်ကို စိုက်ထူပြီးမှ အရန်တိုင်ကို အစဉ်အတိုင်းစိုက်ထူ ရပါသည်။ ပင်မမီးပုံတိုင်ကို စိုက်ထူသောအချိန်၌ ကျွဲချိုဖားစည်၊ မောင်း၊ လင်းကွင်းတို့ကို စတင် တီးမှုတ်ပူဇော်လျက် ဆုတောင်းမေတ္တာတေးသီချင်းတို့ဖြစ် သီဆိုပူဇော်ကြသည်။

ပင်မမီးပုံတိုင် စိုက်ထူပြီးနောက် မီးစည်းတိုင်များကို တလဂုဏ်ဘာသာဝင် ကရင်တိုင်းရင်းသားများက အမြတ်တနိုး တပျော်တပါး လာရောက် စိုက်ထူလျက်ရှိရာ တပို့တွဲလဆန်း ၁၄ ရက် ညနေထိ မီးပုံတိုင်အဝိုင်းမှာ ၂၇ ပေအထိ ကျယ်ဝန်းလေ့ရှိသည်။ မီးပုံပွဲမီးရှို့ မပူဇော်မီ ရသေ့ကျောင်းဝင်းအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်များ၊ သစ္စာမဏ္ဍိုင်စေတီ(ကျောက်ပုံစေတီ)တော်ကို ဦးစွာပူဇော်ပြီး ဖူးသောကြာ (ခေါ်) ဘိုးသစ္စာရသေ့ရုပ်ပုံတော်၊ စူဠာမုနိစေတီတော်၊ တမို (ခေါ်) အဌမုဒ်ဂြိုဟ်ခွင်၊ ရတနာသုံးပါးစေတီတော် သုံးဆူနှင့် ရှင်သီဝလိမထေရ်မြတ်ပုံတော်၊ မီးပုံတိုင်များအစရှိသည့်တို့ကို အစီစဉ်တကျပူဇော်ကြရသည်။

တပို့တွဲလဆန်း (၁၁၊ ၁၂ ၊ ၁၃ ၊ ၁၄ ၊ ၁၅)ရက်မှ လပြည့်ထိ ငါးရက်တိုင်တိုင် ပွဲတော် ကျင်းပရာ၌ လဆန်း ၁၄ရက်ညတွင် ပွဲတော်လာပရိသတ်များမှာ တိုးမပေါက်အောင် စည်ကားလှပါသည်။ လပြည့် နံနက် ၄ နာရီခန့်တွင် မီးပုံတိုင်ကို မီးရှို့ပူဇော်မည်ဖြစ်၍ ညလုံးပေါက် စောင့်နေကြသော ပရိသတ်များမှာ များပြားလှပါသည်။

မီးပုံပူဇော်ပွဲကျင်းပမည့် တပို့တွဲလပြည့် နံနက်အရုဏ်တက်အချိန်တွင် ဓမ္မသုခကျောင်းတိုက် ဆရာတော်ထံမှ ငါးပါးသီလခံယူကြပြီး ဆုတောင်းမေတ္တာပို့ ရေစက်ချအမျှအတန်း ပေးဝေကာ ဆီမီးကပ်လှူ ဆုတောင်းအမျှဝေခြင်းများ ပြုလုပ်ပြီး အသင့်ထွန်း ညှိထားသော ပျားဖယောင်းတိုင်ကြီးကိုယူ၍ သက်ငယ်စည်းဖြင့် ပြုလုပ်ထားသော မီးစည်းကိုထွန်းညှိမီးကူးယူလေသည်။ သက်ငယ်စည်းမီးတောက်သောအခါ မီးပုံတိုင်ကြီးကို စတင်၍မီးရှို့ပူဇော်လေသည်။ ထို့နောက် ဧည့်ပရိသတ်တို့က မီးကူးပြီး မီးရှို့ပူဇော်ကြသည်။

မီးပူဇော်တိုင်ကြီးကို မီးတင်ရှို့၍ မီးလောင်ကျွမ်းသော အခြေအနေ၊ မီးမြှုံးနေသောအခြေအနေကို ကြည့်၍ ရှေ့လူကြီးများက ရာသီဥတုကောင်းမည် (သို့မဟုတ်) ဆိုးမည်၊ ဆန်စပါး ကောက်ပဲသီးနှံ ပေါများမည် (ဝါ) ဆုတ်ယုတ်မည် ။ ရောဂါဘယထူမည်။ သက်သာမည်။ မြစ်ရေကြီး ရေလျှံနိုင်မည်။ မြစ်ရေအသင့်အတင့်ရှိမည်ဟူ၍ အတိတ်နိမိတ်ဖတ်ကာ ဟောပြောရာတွင် ရာနှုန်းများစွာ မှန်တတ်သည်ဟု ဆိုကြပါသည်။

မီးပုံတိုင်ကြီးမီးတောက်လောင်မှုအားသည် နံနက်မိုးစင်စင်လင်းသည်အထိ မီးညွန့်မကျိုးဘဲ ရှိနေသည်။ ထိုနေ့ နံနက် ၉ နာရီခန့်တွင် မီးညွန့်ကျိုး၍ တဖြည်းဖြည်း လောင်အားနည်းလာကာ မီးပုံကြီးသည် ပွဲတော်သိမ်းသော တပို့တွဲလပြည့်ကျော် ၁ ရက်အထိ တငွေ့ငွေ့ လောင်နေဆဲ၊ ပူနေဆဲရှိသည်။ မီးပုံတိုင်ကြီးကို မီးတင်ရှို့ပြီးလျှင် မီးပုံပူဇော်ပွဲကြီးပြီးဆုံးသွားပြီး ဖြစ်၍ ရသေ့ကျောင်း ဓမ္မာရုံတွင် နယ်လုံးကျွတ်မှ ပင့်သံဃာများကို ပင့်ဖိတ်ပြီး တရားနာရန် ပရိသတ်များ စုရုံးကာ တစ်ဦးချင်း၊ တစ်ရွာချင်း၊ ကျေးရွာအလိုက် လှူဖွယ်ပစ္စည်းများ၊ ပဒေသာပင်များ ကပ်လှူပြီး ရေစက်ချတရားနာ အမျှဝေကြကာ ကရင်ရိုးရာ မီးပုံပူဇော်ပွဲကြီးပြီးဆုံး၍ ကိုယ့်ရပ်ကိုယ့်ဌာနေသို့ ဆိုင်ကယ်၊ ထော်လာဂျီ၊ ကားများဖြင့် အသီးသီးပြန်ကြသည်။

၁၉၈၉-၉၂-ခုနှစ်၊ ရန်ကုန်တက္ကသိုလ် ဘူမိဗေဒကျောင်းသား ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲဖိတ်ကြားခြင်း

Jade Room, Western Park Royal Restaurant

ကျေးဇူးတင်လွှာ

SKY NET နှင့် SHWE FM

Cherry FM

စက်မှုဝန်ကြီးဌာန
အထည်အလိပ်လုပ်ငန်း
စက်ရုံ/စက်ရုံခွဲ (၄)ရုံ ငှားရမ်းဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အထည်အလိပ်လုပ်ငန်းလက်အောက်ရှိ အောက်ဖော်ပြပါ စက်ရုံ/စက်ရုံခွဲ (၄)ရုံတို့အား ငှားရမ်းရေးဆောင်ရွက်ရန်အတွက် စိတ်ပါဝင်စားသူ ပြည်တွင်း/ပြည်ပလုပ်ငန်းရှင်များသို့ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

(က) အမှတ်(၁၀)အထည်စက်ရုံ(တောင်သာ) 1Lot
(ခ) အမှတ်(၆)အထည်စက်ရုံခွဲ(မုံရွာ) 1Lot
(ဂ) အမှတ်(၇)အထည်စက်ရုံခွဲ(ဝမ်းတွင်း) 1Lot
(ဃ) အမှတ်(၈)အထည်စက်ရုံခွဲ(ရမည်းသင်း) 1Lot

၂။ လုပ်ငန်းများကျယ်ကျယ်ပြန့်ပြန့်နှင့် လျင်မြန်ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် တင်ဒါစည်းကမ်းချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါပေးသွင်းရန်အတွက် စက်မှုဝန်ကြီးဌာန၏ website:www.industry. gov.mmတွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

၃။ တင်ဒါဆိုင်ရာအချက်အလက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-
(က) တင်ဒါပုံစံရောင်းချမည့်နေ့ရက်/နေရာ - ၂၇-၂-၂၀၁၄ ရက်
(၁) အထည်အလိပ်လုပ်ငန်း၊ စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၇)၊ နေပြည်တော်
(၂) အထည်အလိပ်လုပ်ငန်း(ရုံးခွဲ) (ယခင်အထည်ချုပ်စက်ရုံအမှတ်-၂၇) အမှတ်(၁)၊သုခဝတီလမ်း၊ (၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။
(ခ) တင်ဒါပိတ်မည့်နေ့ရက်/အချိန် - ၂၁-၃-၂၀၁၄ ရက်
(ဂ) တင်ဒါတင်သွင်းရမည့်နေရာ - အထည်အလိပ်လုပ်ငန်း၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်

၄။ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဌာနတွင် စုံစမ်းနိုင်ပါသည်-

ဆက်သွယ်ရမည့်လိပ်စာအပြည့်အစုံ-
ညွှန်ကြားရေးမှူး၊ ပစ္စည်းစီမံရေးရာဌာန၊
အထည်အလိပ်လုပ်ငန်း၊ စက်မှုဝန်ကြီးဌာန
ရုံးအမှတ်(၃၇)၊ နေပြည်တော်။
ဆက်သွယ်ရန် ဖုန်း-၀၆၇-၄၀၈၁၈၅၊ ၄၀၈၃၃၈၊ ၄၀၈၁၅၆

စက်မှုဝန်ကြီးဌာန
အထည်အလိပ်လုပ်ငန်း
အသုံးမလိုစက်အရန်ပစ္စည်း(အဟောင်း)များ ရောင်းချရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အထည်အလိပ်လုပ်ငန်းမှ အမှတ်(၁)အထည်စက်ရုံခွဲ(မရမ်းကုန်း)ရှိ အသုံးမလိုပိုလျှံ စက်အရန်ပစ္စည်း(အဟောင်း) (၈၂၂)မျိုးအား မျက်မြင်အခြေအနေအတိုင်း ရောင်းချလိုပါသည်-

စဉ်	စက်အမျိုးအမည်	အရေအတွက်
(က)	ရက်ကန်းစက်အရန်ပစ္စည်းများ	၁၆၆ မျိုး
(ခ)	နိုင်လွန်ဇာစက်အရန်ပစ္စည်းများ	၁၇ မျိုး
(ဂ)	အချောကိုင်စက်အရန်ပစ္စည်းများ	၅၇ မျိုး
(ဃ)	အထွေထွေစက်အရန်ပစ္စည်းများ	၅၈၂ မျိုး
	စုစုပေါင်း	၈၂၂ မျိုး

၂။ တင်ဒါဆိုင်ရာ အချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-
(က) တင်ဒါပုံစံရောင်းချမည့်နေ့ရက် - ၂၅-၂-၂၀၁၄ ရက်
(ခ) တင်ဒါပုံစံရောင်းချမည့်နေရာ
(၁) ရန်ကုန် - အထည်အလိပ်လုပ်ငန်း(ရုံးခွဲ) အမှတ်(၁)၊ သုခဝတီလမ်း၊ (၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။
(၂) နေပြည်တော် - ရုံးအမှတ်(၃၇)၊ အထည်အလိပ်လုပ်ငန်း၊ နေပြည်တော်
(ဂ) တင်ဒါပိတ်မည့်နေ့ရက်/အချိန် - ၁၇-၃-၂၀၁၄ ရက်၊ ၁၆း၀၀နာရီ
(ဃ) တင်ဒါတင်သွင်းရမည့်နေရာ - စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်

၃။ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဌာနတွင် စုံစမ်းနိုင်ပါသည်-

ညွှန်ကြားရေးမှူး(ပစ္စည်းစီမံရေး)၊ အထည်အလိပ်လုပ်ငန်း၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၈၁၈၅၊ ၄၀၈၃၃၈၊ ၄၀၈၁၅၆၊ ရန်ကုန် ဖုန်း-၀၁-၅၅၄၆၇၁



အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ဦးစီးဌာနလက်အောက်ရှိ စက်မှုနည်းပညာမြှင့်တင်ရေးသင်တန်းဌာန(ဘယ်လင်း)တွင် လိုအပ်သော အောက်ပါပစ္စည်းများ ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ခေါ်ယူလိုပါသည်။

(က) Machine Tools ဌာနအတွက် လိုအပ်သည့်ပစ္စည်းများ ၈၉ မျိုး
(ခ) CNC ဌာနအတွက် လိုအပ်သည့်ပစ္စည်းများ ၅၅ မျိုး
(ဂ) Auto-Mechanis ဌာနအတွက် လိုအပ်သည့်ပစ္စည်းများ ၅၄ မျိုး
(ဃ) Engine Rebuilding Services ဌာနအတွက် လိုအပ်သည့် ပစ္စည်းများ ၂၉ မျိုး

၂။ တင်ဒါပုံစံများကိုကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း စက်မှုနည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ ရုံးအမှတ်(၂၁)၊ နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပြီး ၇-၃-၂၀၁၄ရက် ၆း၃၀နာရီတွင် နောက်ဆုံးထား၍ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

တင်ဒါစိစစ်ရေးအဖွဲ့
ဖုန်း-၀၆၇-၄၀၄၄၅၅၊ ၄၀၄၄၄၈

စက်မှုဝန်ကြီးဌာန
ဝင်းသူဇာအရောင်းဆိုင်များအား ပုဂ္ဂလိကအရောင်းဆိုင်အဖြစ် ဖွင့်လှစ်နိုင်ရေးငှားရမ်းရန် တင်ဒါဖိတ်ခေါ်ခြင်း

စက်မှုဝန်ကြီးဌာနမှ ဖွင့်လှစ်ထားရှိသော အောက်ဖော်ပြပါ ဝင်းသူဇာအရောင်းဆိုင် (၁၅) ဆိုင်အား ပုဂ္ဂလိက၏ အရောင်းဆိုင်အဖြစ် ငှားရမ်းရေးဆောင်ရွက်သွားမည် ဖြစ်ပါသည်-

(၁) ဝင်းသူဇာအရောင်းဆိုင်(ထီးလင်း)၊ ပေ(၃၀×၆၈×၁၀) တစ်ထပ်အဆောက်အအုံ၊ အမှတ်(၁၅၉)၊ မင်းဘုရားကြီးလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ထီးလင်းမြို့။ (လက်ရှိငှားရမ်းသက်တမ်း ကုန်ဆုံးမည့်ရက် ၂၅-၄-၂၀၁၄)
(၂) ဝင်းသူဇာအရောင်းဆိုင်(မြောက်ဦး)၊ ပေ(၄၅×၂၅×၁၂)၊ နှစ်ထပ်အဆောက်အအုံ၊ မင်းဘာကြီးလမ်းနှင့် ဈေးလမ်းထောင့်၊ တောင်ရပ်၊ မြောက်ဦးမြို့။
(၃) ဝင်းသူဇာအရောင်းဆိုင်(မြောက်ဒဂုံ)၊ ပေ(၇၂×၄၇×၂၂)၊ နှစ်ထပ်အဆောက်အအုံ၊ အမှတ်(၃၆)ရပ်ကွက်၊ ပင်လုံလမ်းနှင့်စစ်တောင်းလမ်းထောင့်၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ (လက်ရှိငှားရမ်းသက်တမ်း ကုန်ဆုံးမည့်ရက် ၃၁-၅-၂၀၁၄)
(၄) ဝင်းသူဇာအရောင်းဆိုင် (မုံရွာ)၊ ပေ(၃၃၀×၃၀×၁၀)၊ မြသလ္လာဈေး၊ ဒုတိယထပ်၊ မုံရွာမြို့။
(၅) ဝင်းသူဇာအရောင်းဆိုင်(မြို့မဈေး)၊ ဆိုင်ခန်းအမှတ်(ရ-၅၊ ၆၊ ၇၊ ၂၂၊ ၂၃၊ ၂၄)၊ နေပြည်တော်၊ မြို့မဈေး၊ အရှေ့ဘက်မျက်နှာစာတန်း။
(၆) ဝင်းသူဇာအရောင်းဆိုင်(ပုလဲ)၊ ပေ(၆၀×၆၀×၂၀)၊ တစ်ထပ်အဆောက်အအုံ၊ မြိုင်စည်ရပ်၊ ပုလဲမြို့။ (လက်ရှိငှားရမ်းသက်တမ်း ကုန်ဆုံးမည့်ရက် ၃၁-၃-၂၀၁၄)
(၇) ဝင်းသူဇာအရောင်းဆိုင်(ကျောက်ထု)၊ ပေ(၇၁×၅၁×၁၂)၊ တစ်ထပ်အဆောက်အအုံ၊ ပိတောက်လမ်းနှင့် နဝရတ်လမ်းထောင့်၊ ကျောက်ထုမြို့။ (လက်ရှိငှားရမ်းသက်တမ်း ကုန်ဆုံးမည့်ရက် ၁၅-၅-၂၀၁၄)
(၈) ဝင်းသူဇာအရောင်းဆိုင်(ပဒါန်း)၊ ပေ(၆၄×၄၃×၁၀)၊ တစ်ထပ်အဆောက်အအုံ၊ ပုသိမ်-မုံရွာလမ်းနှင့် မင်းဘူး-အမ်းလမ်းဆုံ၊ ပဒါန်းကျေးရွာ၊ ငဖဲမြို့။
(၉) ဝင်းသူဇာအရောင်းဆိုင်(ကလေး)၊ ပေ(၁၆၀×၃၀×၁၆)၊ တစ်ထပ်အဆောက်အအုံ၊ ညောင်ပင်သာရပ်၊ မြို့မဈေးအနီး၊ ကလေးမြို့။ (လက်ရှိငှားရမ်းသက်တမ်းကုန်ဆုံးမည့်ရက် ၁၅-၅-၂၀၁၄)
(၁၀) ဝင်းသူဇာအရောင်းဆိုင်(ဟုမ္မလင်း)၊ ပေ(၃၆×၂၄×၁၄)၊ တစ်ထပ်အဆောက်အအုံ၊ နောင်ပကျစ်ရပ်ကွက်၊ ကမ်းနားလမ်း၊ ဟုမ္မလင်းမြို့။ (လက်ရှိငှားရမ်းသက်တမ်း ကုန်ဆုံးမည့်ရက် ၂၈-၂-၂၀၁၄)
(၁၁) ဝင်းသူဇာအရောင်းဆိုင်(ဖျာပုံ)၊ ပေ(၅၆×၂၆×၁၀)၊ မြေညီထပ်၊ အမှတ်(၈)၊(၄)ရပ်ကွက်၊ ပထမလမ်းနှင့် ဗိုလ်ချုပ်လမ်းထောင့်၊ ဖျာပုံမြို့။
